www.burmeseclassic.com



အောင်မြင်စာပေ

ဂမ္ဘီရ ဆန်းကြယ် လုံးချင်း ဝတ္ထု သစ်


# တြိုသါ်

မြရျက်လုံးနှင့် မိးပိညာဦး

www.burmeseclassic.com

www.burmeseclassic.com






၈၉၅.၈၃

တြိသိမ်
မြမျက်လုံးနှင့်မီးဝိညာဉ် / တြိသိမ်။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၆။
၂၅၀ - စာ၊ ၁၂.၅ × ၁၈.၃ စင်တီ။
(၁) တြိသိမ်

www.burmeseclassic.com

www.burmeseclassic.com

# ဓမ္မနှလုံးဆောင်

- မီးတောက်ကို အသုံးပြုလိုသဖြင့်
  မီးကို မွှေးပြီးသောအခါ
  ထိုမီးကို အသုံးပြုသည်ဖြစ်စေ၊
  အသုံးမပြုသည်ဖြစ်စေ၊
  ပြန်လည်ငြိမ်းသတ်ရန်မှာ
  မီးမွှေးသူ၌ တာဝန်ရှိပေသည်။

- မိသားစုတွင် ပျင်းသူရှိလျှင် အသုံးမဝင်ပေ၊
  အသောက်အစားကျူးသူရှိလျှင်
  စီးပွားပျက်စီးတတ်သည်၊
  လောင်းကစား မက်မောသူရှိလျှင်တော့
  အလုံးစုံ ပျက်စီးခြင်းသို့ ရောက်စေသည်။

- ရိုးသားခြင်းဖြင့် ကြိုးစားခြင်းသည်
  ချက်ချင်းအောင်မြင်မှု မရပေ၊
  ရှက်စရာ မဟုတ်ပေ၊
  မရိုးသားခြင်းဖြင့် ကြိုးစားလျှင်
  အောင်မြင်မှုရသော်လည်း
  ရှက်စရာ ဖြစ်ပေသည်။

# ဓမ္မနှလုံးဆောင်

- ကြောက်စိတ်ဆိုတာ ကြောက်တတ်သူကိုသာ
  ခြောက်လှန့်လေ့ရှိသည်၊
  မကြောက်တတ်သူနှင့် တွေ့သောအခါ
  ထိုကြောက်စိတ်က
  နောက်ဘက်၌သာ ပုန်းကွယ်နေတတ်သည်၊

- စာတစ်ကြောင်းကို ဖတ်တတ်လျှင်
  သင်ပေးသောဆရာကို ကျေးဇူးတင်ပါ၊
  ဘဝအတွက် အထောက်အကူရလျှင်
  ပတ်ဝန်းကျင်ကို ကျေးဇူးတင်ပါ၊
  အရာအားလုံးကို ကျော်ဖြတ်နိုင်လျှင်တော့
  သင့်ကိုသင် ကျေးဇူးတင်ရပါမယ်၊

- ဘဝခရီးတလျှောက်တွင်
  ချမ်းသာခြင်း၏ အရသာကို ခံစားတတ်ပါစေ၊
  ထိုချမ်းသာခြင်း အတွက်တော့
  စိတ်ဆင်းရဲခြင်းများဖြင့် ဝန်းရံမထားပါနှင့်၊

www.burmeseclassic.com

www.burmeseclassic.com

# [illegible]

- ဘဝအတွက် စိန်ခေါ်မှုများသည်
  အရည်အချင်းကိုသွေးရန် ကျောက်တုံးဖြစ်၏။
  အရည်အချင်းအတွက် ပေးသောကျောက်ကို
  ခြေနင်းတုံးအဖြစ် မသုံးသင့်ပါပေ။

- လူတစ်ယောက် သေဆုံးသောအခါ
  နေခဲ့ရသော သက္ကရာဇ်များက
  အရေးမကြီးတော့ပေ။
  သူ ဖြတ်သန်းခဲ့သော ဘဝနှင့်
  ဆောင်ရွက်ခဲ့သော အခြေအနေများကသာ
  မှတ်တမ်းအဖြစ် ပြောင်းလဲပေးနိုင်ပါတယ်။

- အသက်အရွယ်ကြီးခြင်းနှင့်
  စိတ်ရင့်ကျက်မှုသည်
  အချိုးညီမျှဖို့ အရေးကြီးသည်။
  အရွယ်ကြီးသော်လည်း
  ရင့်ကျက်မှု မရှိပါက ဘဝအတွက် မကောင်းပေ။

# [illegible]

- မေတ္တာပြည့်ဝသော အသည်းနှလုံးသည်
  အမြဲနုပျိုနေ၏၊
  မေတ္တာပြည့်ဝသည့်
  အသည်းနှလုံးပိုင်ရှင်သည်လည်း
  စိတ်အေးချမ်းခြင်းနှင့်
  အစဉ်သဖြင့် နုပျိုလန်းဆန်းမှု ရှိနေပေလိမ့်မည်၊

- လူတွင် မာန်မာနမဟုတ်သော
  အားမာန်ရှိဖို့ လိုပေသည်၊
  မာန်မာနသည် ပျက်စီးမှုကို ဖြစ်စေပြီး
  အားမာန်ရှိမှသာ ဘဝတိုးတက်မှု ရစေသည်၊

- ရှုံးတာကို အရှုံးပေးခြင်းဟု မသတ်မှတ်ပါနှင့်
  မနိုင်သေးခြင်းသာ ဖြစ်ပါတယ်၊
  မနိုင်သေးခြင်းသည်
  နိုင်ဖို့အခွင့်အလမ်းအတွက်
  လမ်းစလည်း ဖြစ်ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏ အမှာစာ

ဤဝတ္ထုရှည်သည် ကျွန်ုပ်၏မိတ်ဆွေကြီး ဒေါက်တာမင်းထင်ကျော်၏ ခရီးသွားမှတ်တမ်း အတွေ့အကြုံများကို ရေးသားခြင်းဖြစ်ပြီး ၎င်းစာအုပ်ကို ရေးသားရာ၌ အောက်ပါ ပညာရှင်တို့ ရေးသားပြုစုသော စာအုပ်များမှ အချက်အလက်များကို မှီငြမ်းအသုံးပြု၍ ရေးသားခဲ့ပါကြောင်း ဝန်ခံပါသည်။

(၁) ကိုဆွေ(ပန်နီရားမား)ရေးသားသော "မဖြေရှင်းနိုင်သော ကမ္ဘာကျော် ပဟေဠိများ" (အမှတ်(၁)

(၂) သိန်းပိုင်(M.Engg.Geol)ရေးသားပြုစုသည့် "ဒဏ္ဍာရီထဲက ကျောက်မျက်များ"

စာဖတ်သူများ မေတ္တာရိပ်အောက်မှ
(ကြံစည်)

# ဤဝတ္ထုတွင်ပါဝင်သောအခန်းများ


အခန်း (၁) – ကွယ်ပျောက်ခဲ့ရသော အင်ကာရွှေမြို့တော်

အခန်း (၂) – ကမ္ဘာကျော် မာယာပြက္ခဒိန်

အခန်း (၃) – အင်ကာလူမျိုးတို့၏ရတနာသိုက်

အခန်း (၄) – ဒေါက်တာမင်းထင်ကျော်နှင့် ရတနာသိုက် သဲလွန်စ

အခန်း (၅) – မာချူးပစ်ချူးသို့ ခရီးစတင်ခြင်း

အခန်း (၆) – ခရီးထွက်ရန်အတွက် လမ်းပြရှာခြင်း

အခန်း (၇) – လမ်းပျောက်နေသော ဝိညာဉ်များ

အခန်း (၈) – မြွေကိုနိုင်သည့် မြမျက်လုံး

အခန်း (၉) – ကျိန်စာတိုက်ထားသည့် အလောင်းများ

အခန်း (၁၀)– မာချူးပစ်ချူးမှ ဝိညာဉ်တိုက်ပွဲ

အခန်း (၁၁)– အယ်လ်ဆန်းဂေးမီးတောင်သို့ ရောက်ကြပြီ။

အခန်း (၁၂)– မာယာညွှတ်ကွင်း သက်ဆင်းရာသူ

အခန်း (၁၃)– ထူးဆန်းသည့် မီးဝိညာဉ်များ

အခန်း (၁၄)– မြမျက်လုံးနှင့် မီးဝိညာဉ်

အခန်း (၁၅)– မန်တာတောင်ကြားမှ မြကြီးများအကြောင်း

အခန်း (၁၆)– မြမျက်လုံးနှင့် အန္တရာယ်များ

အခန်း (၁၇)– ရည်ရွယ်ရာ ဘဝခရီးလမ်း


www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၁]

# ကွယ်ပျောက်ခဲ့သော အင်ကာရွှေမြို့တော်

ကမ္ဘာပေါ်တွင် ရှေးဟောင်းယဉ်ကျေးမှု ထွန်းကားခဲ့သော မြို့ရွာ၊ နိုင်ငံအသီးသီးတို့ ရှိကြပေရာ ထိုအထဲတွင် ပီရူးနိုင်ငံလည်း တစ်နေရာအပါအဝင်ဖြစ်ပေသည်။

ပီရူးနိုင်ငံအကြောင်းကို ရေးမည် ပြောမည် ဆိုလျှင် အင်ကာလူမျိုးများအကြောင်းနှင့် ၎င်းတို့နှင့် ပတ်သက်ခဲ့သော ယဉ်ကျေးမှုများအကြောင်း၊ ထို့ပြင် စိတ်ဝင်စားဖွယ်ရာ ကောင်း

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



လှသော အင်ကာရတနာသိုက်ကြီးများအကြောင်းလည်း ပါဝင်နေပေလိမ့်မည်။

ပီရူးနိုင်ငံသည် တောင်အမေရိကတိုက် အနောက်ပိုင်း၊ ပစ္စိဖိတ်သမုဒ္ဒရာကမ်းခြေ၌ တည်ရှိသည်။ အကျယ်အဝန်းမှာ စတုရန်းမိုင် ငါးသိန်းနီးပါး(၄၉၆၂၂၆)ကျယ်ဝန်းလေသည်။

မြောက်ဘက်တွင် အီကွေဒေါနိုင်ငံ၊ အရှေ့နှင့် အရှေ့မြောက်ဖက်တွင် ကိုလံဘီယာနှင့် ဘရာဇီးနိုင်ငံ၊ အရှေ့တောင်ဘက်တွင် ဗိုလစ်ဗီးယားနိုင်ငံ၊ တောင်ဘက်၌ ချီလီနိုင်ငံတို့က နယ်နိမိတ်ခြင်း ထိစပ်နေကြလေသည်။

ပီရူးနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းမှာ (၁၄၁၀)မိုင်ခန့် ရှည်လျားလေသည်။ ပင်လယ်မှ အရှေ့ဘက်တောင်တန်းအထိ အကျယ်ဆုံးမှာ မိုင်(၇၀၀)ခန့် ကျယ်ဝန်းလေသည်။ အန်းဒီးတောင်တန်း၏ အမြင့်ဆုံးအပိုင်းသည် ပီရူးနိုင်ငံအတွင်း၌ပင် တည်ရှိသည်။ ထိုတောင်တန်းကြီးက ပီရူးနိုင်ငံကို တောင်နှင့် မြောက် အလျားလိုက် သုံးပိုင်းပိုင်းခြားထားလေသည်။

၎င်းတို့မှာ .

(က) အနည်းဆုံး မိုင်(၅၀)မှ အများဆုံး မိုင်(၁၀၀) ကျယ်ဝန်းသော မိုင်(၁၄၀၀)မျှ ရှည်လျားသော ပစ္စိဖိတ်ကမ်းမြောင်ဒေသ၊

(ခ) ကုန်းပြင်မြင့်နှင့် နက်ရှိုင်းကျဉ်းမြောင်းသော တောင်ကြားများပါရှိသည့် အန်းဒီးတောင်ကုန်းဒေသနှင့် လွင်ပြင်များ၊

(ဂ) သစ်တောကြီးများသာ ဖုံးလွှမ်းထားသော အရှေ့ဘက်





မြေနိမ့်တောနက်ဒေသတို့ပင် ဖြစ်ကြလေသည်။

ပီရူးနိုင်ငံအကြောင်းကိုရေးလျှင် 'အင်ကာ'လူမျိုးတို့ အကြောင်းလည်း (အချို့ 'အင်းကား' ဟုရေးသားဖော်ပြသည်ကို တွေ့သော်လည်း အများသုံးဝေါဟာရဖြစ်သည့် 'အင်ကာ'ဟူသော ဝေါဟာရနှင့်ပင် ဆက်လက်ရေးသားမည် ဖြစ်ပါကြောင်း ကြိုတင်အစီရင်ခံထားပါသည်) အပါအဝင်ဖြစ်ပေသည်။

အင်ကာလူမျိုးတို့မှာ အမေရိကတိုက် အင်ဒီးယန်မျိုးနွယ်ဝင်များ ဖြစ်ကြလေသည်။ ၎င်းတို့သည် ကမ္ဘာအုပ်စု၌ ပါဝင်ပြီး ရှေးအခါက တောင်အမေရိကတိုက်တွင် အင်ပါယာတစ်ခု ထူထောင်နိုင်သည်အထိ လူဦးရေများပြားပြီး၊ အဆင့်အတန်းလဲ မြင့်မားခဲ့ကြသည်။

အင်ကာ(အင်းကား) ဟူသော ဝေါဟာရသည် အရှင်သခင်ဟု အဓိပ္ပါယ်ရကာ စိုးမိုးအုပ်ချုပ်သူများကို အင်ကာဟု ခေါ်ဝေါ်ရာမှ အင်ကာဟူသော ဝေါဟာရ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။ နောက်ပိုင်းတွင် တိုင်းပြည်မှာ နေထိုင်ကြသူတို့ကိုလည်း 'အင်ကာ'ဟုပင် ခေါ်ဝေါ်ခဲ့ကြလေသည်။

ခရစ်နှစ် (၁၁၀၀)မတိုင်မီက အင်ကာလူမျိုးတို့သည် အခု ပီရူးနိုင်ငံတောင်ပိုင်း၊ ကုန်းမြင့်ဒေသများ၌ နေထိုင်ခဲ့ကြသည်။

(၁၁၀၀)ပြည့်နှစ်တွင် အင်ကာမင်းဆက်ကိုတည်ထောင်သည့် အယာညီနောင်လေဦးသည် နှမတော်များဖြစ်ကြသော



www.burmeseclassic.com

www.burmeseclassic.com



ကြင်ယာတော်များနှင့်အတူ တောင်ကုန်းမြင့်များမှ 'ကူးစကို' တောင်ကြားဒေသသို့ ဆင်းလာကြသည်။ ၎င်းတို့၏ အင်ကာ နိုင်ငံထူထောင်သည့် အစပိုင်းသည် ထူးခြားဆန်းကြယ်လှသည့် ပုံပြင်ဒဏ္ဍာရီများဖြင့် ရောယှက်နေသည်။

၎င်းတို့သည် ထိုအရပ်သို့ရောက်သောအခါ ဒေသခံ တိုင်းရင်းသားတို့ကို စည်းရုံးနိုင်ကြကာ ကူးစကို မြို့တော်ကို တည်ထောင်ကြသည်။

'ကူးစကို' ဟူသော အမိပ္ပါယ်မှာ အင်ကာ ဘာသာစကားဖြင့် 'ဗဟို' သို့မဟုတ် 'အချက်အခြာကျသည့်နေရာ' ဟူ အဓိပ္ပါယ်ရလေသည်။ နောက်ပိုင်းမှာတော့ နိုင်ငံ၏ နယ်နိမိတ်ကိုလည်း တဖြည့်ဖြည်း ချဲ့ထွင်နိုင်ခဲ့ကြသည်။

ပထမဆုံး အင်ကာဘုရင်သည် 'မန်းရိုကားပတ်' ဖြစ်သည်။ ၎င်းသည် ဒေသခံတိုင်းရင်းသား ဘုရင်တစ်ပါးဖြစ်ခဲ့ပြီး တည်ကြည်ဖြောင့်မတ်သောကြောင့် လူအများ လေးစားခြင်းခံရသော ဘုရင်တစ်ပါးလည်း ဖြစ်ပေသည်။

အဌမမြောက် အင်ကာဘုရင် ပါချားကူတက်၏လက်ထက်ရောက်သောအခါ အင်ကာတို့၏ အင်ပါယာသည် ပီရူးနိုင်ငံ မြောက်ပိုင်းမှ အာဂျင်တီးနား အနောက်မြောက်ပိုင်းတိုင်အောင် ကျယ်ပြန့်ခဲ့လေသည်။

နဝမမြောက်နှင့် ဒသမမြောက် ဘုရင်များဖြစ်ကြသော တူးပက်ယူးပန်ကီနှင့် မိုင်နာကားပတ်တို့၏ လက်ထက်





တွင်မူ အင်ကာအင်ပါယာတွင် အာဂျင်တီးနား အင်ပါယာတို့ကို ပိုမိုသိမ်းသွင်းပြီးလျှင် ယခု အီကွေဒေါနှင့် ချီလီနိုင်ငံတို့ကိုပါ ၎င်းတို့အင်ပါယာအတွင်းသို့ ထည့်သွင်းခဲ့ကြလေသည်။

ထိုအချိန်က အင်ကာအင်ပါယာအတွင်း လမ်းပန်းဆက်သွယ်ရေးများကို ယခင်ကထက်ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ကြသောအခါ သွားလာရေးလွယ်ကူလာသဖြင့် ၎င်းတို့ပိုင်ဆိုင်သော အင်ပါယာကြီးကိုလည်း ပိုမိုကျယ်ပြန့်အောင် ဆောင်ရွက်လာနိုင်ခဲ့ကြခြင်း ဖြစ်ပေသည်။

အင်ပါယာကြီးကျယ်ပြန့်လာ သောအခါ နယ်မြေတစ်ခုလုံးကို ထိရောက်စွာအုပ်ချုပ်ဖို့ ခက်ခဲလာသည်။ ထို့ကြောင့် ဝိုင်းနားကားပတ်ဘုရင်လက်ထက်တွင် သားတော် ဥပရာဇာမင်းသား ဝါးစကားနှင့် မထင်မရှား သားတော်တစ်ပါးဖြစ်သော်လည်း ဘုရင်အချစ်တော်ဖြစ်သော 'အက်ထဝေါလပါ' တို့အား နိုင်ငံကို နှစ်ပိုင်းခွဲလျက် အုပ်ချုပ်စေသည်။

နောင်အခါ ထိုမင်းသားနှစ်ပါးတို့ တန်ခိုးအာဏာလုကြရာမှ ပြည်တွင်းစစ်ဖြစ်ပွားလေတော့ရာ နိုင်ငံ၏အင်အား ပြိုကွဲဆုတ်ယုတ်လာခဲ့ရပေသည်။

ထိုအချိန်တွင် နယ်မြေသစ်များ ရှာဖွေသူ ဖရန်စစ္စကို ပီဇာရို ခေါင်းဆောင်သော စပိန်လူမျိုးတစ်စုတို့သည် အင်ကာနိုင်ငံသို့ ရောက်လာကြလေသည်။

(၁၅၃၂)ခုနှစ်နောက်ပိုင်း ဖရန်စစ္စကို တို့ရောက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်း၌ ကြွယ်ဝချမ်းသာပြီး ယဉ်ကျေးမှု အဆင့်အတန်း မြင့်မားသော အင်ကာနိုင်ငံကြီးသည် အချင်းချင်းမညီမညွတ်ပဲ စည်းလုံးခြင်းပြိုကွဲမှုကြောင့် စပိန်တို့လက်အောက်သို့ ကျရောက်ခဲ့ရပေတော့သည်။

စပိန်တို့လက်အောက် ကျရောက်သွားသောအခါ အင်ကာလူမျိုးတို့မှာ များစွာသောညှင်းပန်းနှိပ်စက်မှုများ ခံကြရလေသည်။ အင်ကာနိုင်ငံကြီး ကောင်းစားစဉ်အချိန်က လူဦးရေရှစ်သန်းမှ တစ်ဆယ့်သုံးသန်းလောက်ထိ ရှိခဲ့ရာမှ စပိန်တို့ လက်အောက်ရောက်ခဲ့ပြီး ညှင်းပန်းနှိပ်စက်မှုခံခဲ့ရသဖြင့် တဖြည်းဖြည်း ဆုတ်ယုတ်လာခဲ့ရာ လူဦးရေအရေအတွက် အတော်ပင် လျော့နည်းခဲ့ရပေသည်။

အင်ပါယာကြီးတစ်ခု ထူထောင်နိုင်သည်အထိ နှစ်ပေါင်း(၄၀၀)ကျော်မျှ တန်ခိုးထွားခဲ့ကြသည့် အင်ကာလူမျိုးတို့၏ စွမ်းရည်ထက်မြတ်မှုနှင့် ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားပုံတို့မှာ အံ့သြဖွယ်ရာပင် ဖြစ်သည်။

၎င်းတို့၏ ယဉ်ကျေးမှု အမွေအနှစ်လက်ရာတို့ကို လေ့လာကြည့်သောအခါ အီဂျစ်နှင့် ကောလဒီးယန်းလူမျိုးတို့ ထွန်းကားသည့် ခေတ်အချိန်ကာလများနှင့် တစ်ချိန်တည်း တစ်တန်းတည်းလောက်ပင် ရှိမည်ဟု ခန့်မှန်းကြရပေသည်။

အင်ကာတို့သည် နေကိုကိုးကွယ်ကြသူများ ဖြစ်ကြသော်လည်း လောကကြီးကို ဖန်ဆင်းပေးသော ဘုရားသခင်ရှိ





ည်ဆိုသော ဝေါဟာရကို လက်ခံယုံကြည်ကြသူများ ဖြစ်ကြည်။

နိုင်ငံအုပ်ချုပ်သောစနစ်သည်လည်း စည်းကမ်းကျသော အုပ်ချုပ်ရေးစနစ်မျိုးဖြစ်သည်။ လူတစ်ဦးတစ်ယောက်ည် မွေးဖွားစဉ်မှ သေဆုံးသည့်အချိန်အထိ ချမှတ်ထားသောည်းကမ်းအတိုင်း လိုက်နာကျင့်သုံးရသည်။

သို့စေကာမူ ကျပ်တည်းကျဉ်းမြောင်းသော အစမ္မစနစ်တော့လည်း မဟုတ်ပြန်ပေ။

တိုင်းပြည်တွင် ချမ်းသာလွန်းသူလည်း မရှိစေရ။ ဆင်းရဲန်းသူလည်း မရှိစေရပဲ အားလုံးသာတူညီမျှ ခံစားခွင့်ရရှိစေသော စနစ်မျိုးဖြစ်သည်။

ပိုသည့်လူက လိုသည့်လူကို မျှဝေပေးသော စနစ်မျိုးသည်။ သို့သော်လည်း . . အလုပ်နိုင်မည့်လူတိုင်း အလုပ်လုပ်သော စနစ်လည်းရှိပေသည်။

အလုပ်လုပ်သူများကို ကြီးပွားချမ်းသာခွင့်ပေးသော်ည်း မသမာသောနည်းဖြင့် ကြီးပွားချမ်းသာခွင့်မပေးပေ။

ထို့ပြင် . . အလုပ်တာဝန် ပေါ့လျော့နေသူများကိုလည်းပြင်းထန်ထန် အပြစ်ပေးသောစနစ်မျိုးရှိသည်။

ထို့ကြောင့် အင်ကာနိုင်ငံတော်ကြီးအတွင်းမှာ ရေသာခိုချောင်လိုက်သူများနှင့် မတရားမှုလုပ်ဝံ့သူများ မရှိသလောက်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်ကာလူမျိုးတို့သည် လက်မှုအရာ၌သော်လည်း
ကောင်း၊ ဗိသုကာအတတ်ပညာ၌သော်လည်းကောင်း ကျွမ်း
ကျင်လိမ္မာသူများ ဖြစ်ကြသည်။

ပီရူးနိုင်ငံတွင် အင်ကာတို့၏ ပျက်စီးနေပြီဖြစ်သော မြေ
ဟောင်းအဆောက်အအုံများ ယခုထက်တိုင် တွေ့နိုင်ပေသေး
သည်။ ကျောက်သားအတိဖြင့် ဆောက်လုပ်ထားသည့် အ
ဆောက်အအုံများကို ကူးစကိုမြို့တော်ဟောင်းမှသော်လည်း
ကောင်း၊ အန်းဒီးတောင်တန်း ကုန်းမြင့်ဒေသ၌ရှိသော 'မာချူး
ပစ်ချူး' (Machu Picchu) မြို့တော်ဟောင်းကြီးများ၌ တွေ့နိုင်
ကြပေသေးသည်။

(မာချူးပစ်ချူး မြို့တော်ဟောင်းကြီးနှင့် ပတ်သက်သည့်
အကြောင်းများကို ရှေ့အခန်းများ၌ ပြည့်စုံစွာ ရေးသားဖော်
ပေးပါမည်။)

ထိုမြို့တော်ဟောင်းများ၌ တွေ့ရသော အဆောက်အ
အုံများမှာ ကျောက်တုံးကျောက်သားများဖြင့် ဆောက်လုပ်ထား
ကြလေသည်။

ကျောက်တုံးကြီးများမှာ ပေ(၂၀)ခန့်မြင့်ပြီး၊ တန်ချိန်
များစွာလေးသော ကျောက်တုံးကြီးများဖြစ်ကြသည်။ကျောက်တုံး
ကြီးများစီပုံ၊ အဆောက်အဦးကြီးများပြုလုပ်ပုံမှာ အီဂျစ်ပိရမစ်
ကြီးများ တည်ဆောက်ရာ၌ အသုံးပြုပုံချင်း များစွာဆင်တူ
သည်။



မာချူးပစ်ချူး မြို့တော်ဟောင်းကြီး



www.burmeseclassic.com

www.burmeseclassic.com





မာချူးပစ်ချူး မြို့တော်ဟောင်းကြီး



သို့ကြောင့် ရှေးနှစ်ပေါင်းများစွာက တည်ရှိခဲ့ကြသည့် ရှေးခေတ်ဟောင်းအီဂျစ်တို့နှင့် ခေတ်ပြိုင်ဖြစ်နိုင်သည်ဟု ခန့်မှန်းနေသားကြခြင်းဖြစ်သည်။

ကျောက်တုံးကြီးများကိုအသုံးပြုရာတွင် အီဂျစ်တို့ကဲ့သို့ ပင် အင်္ဂတေသရိုးမကိုင်ပဲ ခိုင်မြဲအောင်တွင်း၍ အဆင့်ဆင့်စီဆင့် ထားရာ ကျောက်တုံးတစ်ခုနှင့်တစ်ခုအကြား ဓားပြားတစ်ခုစ ပင် မဝင်နိုင်အောင် စနွေးကိုက်ထိကပ်နေသည်ကို တွေ့ကြရပေသည်။

ရွှေနှင့်ကျောက်သံပတ္တမြား အမြောက်အများထွက်သော အရပ်ဒေသဖြစ်သောကြောင့် ရွှေသားဖြင့်ပြုလုပ်သော အသုံးအဆောင်ပစ္စည်းများကို အသုံးပြုကြလေသည်။

ကျောက်မျက်ရတနာတို့ကိုလည်း ရွှေဖြင့်လက်ရာမြောက်စွာ ပြုလုပ်ဝတ်ဆင်ကြသည်။ ထို့ပြင် . . တောင်မြင့်ကြီးများ ချောက်များ၊ လျှိုများကိုဖြတ်သန်းသွားရန် တံတားများ၊ ကြိုးတံတားတို့ကို အသုံးပြုကြသည်။

၎င်းတို့နေထိုင်သော နေရာမှာ ကမ္ဘာပေါ်တွင် သစ်တောအထူထပ်ဆုံးဖြစ်သည့် ဘရာဇီးနိုင်ငံအတွင်းရှိ အမေဇုံ သစ်တောကြီးများနှင့် တစ်ဆက်တစ်စပ် ထည်းရှိကြသဖြင့် တောနက်သည်။

ထိုတောနက်ကြီးများ အတွင်းမှာပင် တစ်နေရာနှင့် တစ်နေရာ သွားလာရေးလွယ်ကူစေရန် ကျောက်သားဖြင့် ခင်း



www.burmeseclassic.com

www.burmeseclassic.com



ထွေးသည့်လမ်းမကြီးများ၊ လမ်းသွယ်များ ဖောက်လုပ်အသုံး ပြုခဲ့ကြလေသည်။

အင်ကာလူမျိုးတို့သည် လက်မှုအတတ်ပညာ၌ ကျွမ်း ကျင်ကြသော်လည်း စာပေပညာမတတ်ပေ။

၎င်းတို့ဘာသာစကားဖြင့် စာရေးစာဖတ်နည်းများ မ ခဲ့ကြပေ။ ၎င်းတို့စာရေးသားသောနည်းမှာ တစ်ဦးနှင့်တစ်ဦး ပြောလိုသော အကြောင်းအချက်ကို သိစေနိုင်သည့် သင်္ကေတ နည်းမျိုးပင်ဖြစ်သည်။ ကြိုးထုံးကလေးများထုံးပြီး ရေးသားပြော ဆိုသော 'ကွစ်ဖူး'ဟုခေါ်သည့် စနစ်ဖြစ်သည်။

၎င်းတို့အသုံးပြုသော ကြိုးထုံးကလေးများသည် အရွယ် အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ပုံစံအမျိုးမျိုး ရှိကြလေသည်။

ထိုကြိုးထုံးကလေးများဖြင့် သင်္ကေတပြုလုပ်ကာ တစ်ဦး နှင့်တစ်ဦး ပြောလိုမှာလိုသော အကြောင်းအရာတို့ကို ပြော မှာကြားခြင်း၊ သီးနှံများရေတွက်ခြင်း၊ အခွန်ကောက်ယူခြင်းမှာ အတွက် အသုံးပြုကြလေသည်။

အင်ကာတို့နှင့် မရှေးမနှောင်းပေါ်ပေါက်ကြသည့် (အ ချို့က အင်ကာတို့မှ ခွဲထွက်သည်ဟုရေးသည့်) မာယာလူမျိုး လည်းရှိပေသည်။

၎င်းလူမျိုးတို့သည် ယဉ်ကျေးမှုအဆင့်အတန်း မြင့်မာ ရုံမက အတတ်ပညာရပ်များမှာလည်း ကျွမ်းကျင်ကြသည်။ ပေရေးသားခြင်းသာမကပဲ ရှေးဟောင်းအတတ်ပညာများလည်း





ကျွမ်းကျင်ကြလေသည်။ ၎င်းတို့ကိုယ်ပိုင်စာရေးနည်း ဖတ်နည်း များလည်း ကျွမ်းကျင်ကြသည်။

၎င်းတို့သည် ခရစ်တော်ဖွားမြင်စခေတ်ကပင် အမေရိ ကတိုက် အလယ်ပိုင်းတွင် မြို့ပြနိုင်ငံတည်ထောင်ကာ နေနိုင်ခဲ့ ကြလေသည်။

တီထွင်မှုအတတ်ပညာများနှင့် စည်ကားတိုးတက်မှုများ လည်းရှိခဲ့ကြသည်။ အင်ပါယာနိုင်ငံများအဖြစ်လည်း ထူထောင် နိုင်ခဲ့ကြလေသည်။

ဝါဂွမ်းမှ ချည်ငင်၍ ချည်ထည်များယက်လုပ်ပြီးလျှင် ထည်ပင်အခေါက်မှ အမျှင်များဖြင့် စက္ကူအဖြစ်ပြုလုပ်ကြသည်။ ထိုစက္ကူအဖြစ် ပြုလုပ်ကြသည်။ ထိုစက္ကူကိုပင် စာရေးသားရန် အသုံးပြုခဲ့ကြသည်။

မာယာလူမျိုးတို့ အထူးကျွမ်းကျင်သော ပညာမှာ နက္ခ တ္တာရပညာပင်ဖြစ်သည်။ မာယာလူမျိုးတို့၏ နာမည်ကျော် သင်္ကေတစ်ခုမှာ. . . မာယာပြက္ခဒိန် (Mayan Calendar)မှာ ပင်ဖြစ်သည်။ မာယာပြက္ခဒိန်၌ ဖော်ပြထားသော အကြောင်း အရာများမှာ စိတ်ဝင်စားဖွယ်ရာများဖြစ်သည်။

(၂၀၁၂)ခုနှစ်နှင့်ပတ်သက်ပြီး ကြိုတင်ဟောကိန်းထုတ် ထားခြင်းပင်ဖြစ်သည်။

ယေဘုယျအားဖြင့် ကမ္ဘာကြီးပျက်မည်ဟူသော ဟော ကိန်းမျိုးဖြစ်သော်လည်း ကမ္ဘာကြီးတစ်ခုလုံး ပျက်စီးသွားသည်



www.burmeseclassic.com

www.burmeseclassic.com



မျိုးမဟုတ်စေကာမူ . . ကမ္ဘာပျက်သကဲ့သို့ အဖြစ်ဆိုးများနှင့်
တော့ ကြုံတွေ့ကြရပေသည်။

တိုက်ဆိုင်မှုများဆိုလျှင်လည်း အတော်ပင်ထူးခြားသော
တိုက်ဆိုင်မှုများဟု ဆိုရပေမည်။

အင်ကာနှင့် မာယာလူမျိုးတို့သည် ကျောက်စိမ်း၊ မြ
စသော ကျောက်မျက်ရတနာတို့နှင့်ပတ်သက်ပြီး စွဲလမ်းယုံကြည်
မှုရှိကြသည်။

မြနှင့်ပတ်သက်သည့် ယုံကြည်မှုအမျိုးမျိုးလည်း ရှိခဲ့ကြ
သည်။ ကျောက်စိမ်းနှင့် မြကျောက်တို့ကို ပုံသဏ္ဌာန်အမျိုးမျိုး
ထွင်းထုရာတွင် များစွာကျွမ်းကျင်သူများ ဖြစ်သည်။

ခရစ်နှစ် (၁၅၄၂)ခုနှစ်တွင် စပိန်လူမျိုးတို့ ကျူးကျော်
တိုက်ခိုက်မှုကြောင့် အင်ကာနိုင်ငံ ပြိုကွဲပျက်စီးခဲ့ရပေသည်။
နောက်ပိုင်း စပိန်တို့၏ ဖိနှိပ်ချုပ်ချယ်မှု၊ နှိပ်စက်မှုများကြော
တစ်ချိန်က ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားကာ အင်ပါယာ
နိုင်ငံတော်အဖြစ် တည်ထောင်နိုင်ခဲ့သော အင်ကာနှင့် မာယာလူ
မျိုးတို့လည်း မွေးမှိန်ပျောက်ကွယ်လုမတတ် ဖြစ်ခဲ့ရပေသည်။





# အခန်း [၂]

# ကမ္ဘာကျော် မာယာပြက္ခဒိန်

ရှေးဟောင်းလူမျိုးစုများဖြစ်ကြသော မာယာလူမျိုးတို့
တည်ထွင်ထားခဲ့သော မာယာပြက္ခဒိန်မှာ တစ်ကမ္ဘာလုံးက စိတ်
ဝင်စားခဲ့သော အရာဝတ္ထုလည်းဖြစ်ပေသည်။ ရှေးနှစ်ပေါင်း
ငါးရာကျော်ကတည်းက ပေါ်ပေါက်လာခဲ့သည်ဆိုသော်လည်း
ယခုအချိန်ကာလရောက်သည်အထိ သာမန်လူများမဆိုထားနှင့်
ပညာရှင်များကလည်း အထူးပင်စိတ်ဝင်စားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုပြက္ခဒိန်၌ အေဒီ (၂၀၁၂)ခုနှစ်၊ ဒီဇင်ဘာလ(၂၁) ရက်နေ့တွင် မာယာပြက္ခဒိန် ကုန်ဆုံးသောနေ့ဖြစ်ပြီး ကမ္ဘာပျက်မည့်နေ့ဟူ၍လည်း ဟောကိန်းထုတ်ထားခဲ့လေသည်။ ၎င်းဟောကိန်းကို ကမ္ဘာပေါ်ရှိလူအများက စိတ်ဝင်စားခဲ့ကြလေသည်။

(၂၀၁၂)ခုနှစ် ဒီဇင်ဘာ(၂၁)ရက်ရောက်သော်လည်း ကမ္ဘာကြီးမှာ လုံးလုံးလျားလျား ပျက်စီးသွားခြင်းမျိုးတော့ မရှိပေ။ သို့သော် ကမ္ဘာပျက်သကဲ့သို့ အဖြစ်အပျက်များ တစ်နေ့ပြီးတစ်နေ့၊ တစ်မျိုးပြီးတစ်မျိုး ပေါ်ပေါက်လာသည်ကတော့ အမှန်ပင်ဖြစ်သည်။

ထိုအယူအဆကြောင့်လည်း ပညာရှင်များအနေဖြင့် ထင်မြင်ယူဆချက်များ အမျိုးမျိုး ပေါ်ထွက်ခဲ့ပေသည်။

(၂၀၁၂)ခုနှစ် ဟောကိန်းများနှင့် မာယာတို့၏ ပြက္ခဒိန်ကို ဖော်ပြပါမည်။

(၂၀၁၂)ခုနှစ်သည် ကမ္ဘာပေါ်တွင် ကပ်ဘေးကြီးများ ကျရောက်မည်ဟူသော ဟောကိန်းများ အမြောက်အမြား ထွက်ပေါ်နေသည့် နှစ်တစ်နှစ်ဖြစ်သည်။

ထိုနှစ်တွင် နေမျက်နှာပြင်ပေါ်တွင် နေကွက်များ (Sunspots) အများဆုံး ဖြစ်ပေါ်မှုနှင့် ကိုက်ညီနေသည့်အတွက် နေမှ မီးစွယ်ကြီးများ (Solar Flare) ကြီးများ ကမ္ဘာဘက်သို့ လွင့်စဉ်လာကာ ကမ္ဘာပေါ်တွင် ရာသီဥတု ကြီးစွာသောပြောင်းလဲခြင်းများ ဖြစ်ပေါ်၍ ကပ်ဘေးကြီးဆိုက်ရောက်မည်ဟုဆိုကြ





သည်။

ထို့ပြင် သံလိုက်ဝင်ရိုးစွန်း (Pole Shift) နေရာများ လွဲပြောင်းသွားသည့်အတွက် ကမ္ဘာ့ကျောက်ချပ်လွှာကြီးများ ရွေ့လျားမှု ပုံစံတစ်မျိုးဖြစ်ကာ မီးတောင်ပေါက်ကွဲခြင်း၊ မြေငလျင်လှုပ်ခြင်း၊ ဆူနာမီခေါ် လူသတ်လှိုင်းများ ဖြစ်ပေါ်မှုများကြောင့် ကပ်ဘေးကြီးဆိုက်မည်ဟုလည်း တစ်မျိုးဆိုကြပြန်သည်။

တစ်ဖန် ကမ္ဘာ့တောင်မြောက်ဝင်ရိုးစွန်းများ ပြောင်းပြန်ပြောင်းလဲမှု (Pole Reversal)ကြောင့် ကမ္ဘာမြေကြီး ပြောင်းပြန်လည်ပတ်ကာ အထက်ဖော်ပြပါအတိုင်း ကပ်ဘေးကြီးများ ဆိုက်ရောက်မည်ဟုလည်း ဆိုကြပြန်သည်။

ထို့ပြင် (၂၀၁၂)ခုနှစ်တွင် နီဘီးရု(Niburu)ခေါ် နေစကြဝဠာအတွင်း အလိုအလျောက်ပျောက်ကွယ်နေသော အလွန်ကြီးမားသည့် ဂြိုလ်ကြီးတစ်လုံး နေဘက်သို့ ရောက်ရှိလာချိန်တွင် ကမ္ဘာအနီးမှ ဖြတ်သန်းသည့်အတွက် ကမ္ဘာပေါ်သို့ ကြီးမားသည့် ဆွဲငင်အားကြီးများကျရောက်လာကာ ကမ္ဘာပေါ်တွင် ဘေးဒုက္ခရောက်မည်ဟူသော အယူအဆကလည်း တည်ရှိနေပြန်သည်။

ထို့ပြင် နော့စထရာဒါးမတ်အမည်ရှိ ပရောဟိတ်ကြီး၏ ကမ္ဘာပေါ်တွင် ကပ်ဘေးကြီးကျရောက်မည့် ဟောကိန်းတို့သည်လည်း (၂၀၁၂)ခုနှစ်တွင်ကျရောက်နေသည်ဟု ယူဆကြသူများ



www.burmeseclassic.com

www.burmeseclassic.com



လည်းရှိသည်။

အဆိုပါအယူအဆများ၊ ဟောကိန်းများသည် ဖြစ်ပေါ်နိုင်သည် မဖြစ်ပေါ်နိုင်သည်ကို တထစ်ချပြောဆိုရန် ခက်ခဲလှသော အကြောင်းအရာများ ဖြစ်သည်။

သို့သော် တစ်ခုသေချာသည်မှာ ထိုကဲ့သို့ ဟောကိန်းများသည် သမိုင်းစဉ်တစ်လျှောက်လုံးတွင်လည်း စဉ်ဆက်မပြတ်ပင် ပေါ်ပေါက်ခဲ့သည်။

ဥပမာအားဖြင့် ခရစ်နှစ် (၂၀၀၀)ပြည့်နှစ်ကလည်း ဟောကိန်းများ ထွက်ပေါ်ဖူးခဲ့သည်ကို သိကြပေမည်။

ထိုကဲ့သို့ ကမ္ဘာပေါ်တွင် ကပ်ဘေးကြီးများကျရောက်သည့် အယူအဆများတွင် အကျယ်လောင်ဆုံးပြောဆိုမှုမှာ မာယာတို့၏ပြက္ခဒိန် (Mayan Calendar) အယူအဆပင်ဖြစ်သည်။

မာယာပြက္ခဒိန်သည် နာမည်ကြီးသကဲ့သို့ ဆန်းပြားမှုများလည်း ရှိနေခဲ့သည်။

စာရေးသူတို့ လက်ရှိအသုံးပြုနေသော ပြက္ခဒိန်များတွင် သာသနာသက္ကရာဇ်ကိုဖော်ပြသော ဘာသာရေးဆိုင်ရာပြက္ခဒိန်၊ မြန်မာပြက္ခဒိန်၊ အင်္ဂလိပ်ပြက္ခဒိန် (Gregorian Calendar)စသည်ဖြင့် အမျိုးမျိုးရှိကြသကဲ့သို့ မာယာတို့အသုံးပြုခဲ့သော ပြက္ခဒိန်များမှာလည်း သုံးမျိုးတည်ရှိသည်။

ပထမတစ်မျိုးမှာ နေပြက္ခဒိန် (Solar Calendar) ဟု





ယူဆရမည်ဖြစ်သော ဟာ့(ဘ) (Haab) အမည်ရှိ ပြက္ခဒိန်ဖြစ်ပြီး ပြက္ခဒိန်တစ်ပတ်ပြည့်မြောက်ရန် ယနေ့ခေတ်ယူဆသကဲ့သို့ (၃၆၅)ရက်ဖြစ်သည်။

ယင်းပြက္ခဒိန်တွင် တစ်လလျှင် ရက်ပေါင်း(၂၀) ပါဝင်သော လပေါင်း(၁၈)လ ပါဝင်သည်။ ပြက္ခဒိန်တစ်ပတ် လည်ချိန်တွင် အပိုဖြစ်သော 'ကံဆိုးသည့်ရက်များ' (Unlucky days) ခေါ် ငါးရက်ကို ပေါင်းထည့်ပေးခြင်းဖြင့် (၃၆၅)ရက် ပြည့်မီစေသည်။ ထို့ပြင် ထိုပြက္ခဒိန်တွင်ပါဝင်သော ရက်တစ်ရက်စီကိုလည်း အရုပ်စာ (Maya glyphs) ခေါ် အရုပ်တစ်ရုပ်စီ ထားရှိသည်။

စနစ်နှစ်မျိုးနှင့် ဖိုလ်ကင်ပြက္ခဒိန်ခေါ် ဘာသာရေး ပြက္ခဒိန် အကြောင်းကို ဒုတိယတစ်မျိုးအဖြစ် ဆက်လက်ဖော်ပြပါမည်။

၄င်းမှာ တစ်ပတ်လျှင် (၁၃)ရက်ပါဝင်သော အလှည့်ကျ ရေတွက်ခြင်းစနစ်တို့ ပါဝင်နေသည့် ပြက္ခဒိန်အမျိုးအစားဖြစ်သည်။ အမည်အားဖြင့် (Tzolk' in)အမည်ရှိ ပြက္ခဒိန်ဖြစ်သည်။

ယင်းပြက္ခဒိန်သည် ဘာသာရေးအခမ်းအနားများ ကျင်းပရန် မာယာတို့အသုံးပြုခဲ့ကြသည့် ပြက္ခဒိန်ဖြစ်သည့်အတွက်ကြောင့် ဘာသာရေးအခမ်းအနားတို့အတွက်ပြက္ခဒိန် (Ceremonial calendar) ဟုလည်း ခေါ်ဆိုနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com





မာယာပြ



(၁၃)ရက် အလှည့်ကျရေတွက်သောစနစ်တွင် ပါဝင်သောရက်များကို ကိန်းဂဏန်းအားဖြင့် ရက်(၂၀) အလှည့်ကျ ပါဝင်သောစနစ်တွင် ပါရှိသည့်ရက်များကိုမူ သင်္ကေတများ (Glyph)ဖြင့် ဖော်ပြလေ့ရှိသည်။

ယင်းစနစ်နှစ်မျိုးပါဝင်သော ပြက္ခဒိန် တစ်ပတ်ပြည့်ပါက ရက်ပေါင်း(၂၆၀)ကို လွန်မြောက်ပြီဖြစ်သည်။

ဖော်ပြပါ ပြက္ခဒိန်နှစ်ခုတို့အနက် တစ်ခုသည် (၃၆၅) ရက်တွင် တစ်ပတ်ဖြစ်ပြီး ကျန်တစ်ခုမှာ ရက်ပေါင်း(၂၆၀)တွင် တစ်ပတ်ဖြစ်သည်။ သို့အတွက် ယင်းပြက္ခဒိန်နှစ်ခုတို့သည် နှစ်ပေါင်း (၅၂)နှစ်ကြာတိုင်း ထပ်တူကျအဆုံးသတ်ကြသည်။ သို့အတွက် (၅)နှစ်တာအချိန်ကာလသည် ယင်းပြက္ခဒိန်နှစ်ခုတို့အတွက် ပြက္ခဒိန်တစ်ပတ်ပြည့်လည်ပတ်ချိန် (Calendar Round) ဖြစ်သည်။

နောက်ဆုံးတစ်ခုမှာ နာမည်ကျော်မာယာတို့၏ ပြက္ခဒိန်ဖြစ်သည့် အရှည်ရေတွက်ခြင်း (Long count) ပင်ဖြစ်သည်။ အမှန်စင်စစ်အားဖြင့် ယင်းအရှည်ရေတွက်ခြင်း ပြက္ခဒိန်သည် မက်ဆိုအမေရိက ဒေသတစ်ဝန်းလုံးတွင် အခြေချနေထိုင်သော လူမျိုးစုများအားလုံး အသုံးပြုခဲ့ကြသော ပြက္ခဒိန်ဖြစ်သည်။

သို့သော် မာယာလူမျိုးစုတို့မှ အထူးထင်ရှားစွာ အသုံးပြုခဲ့ကြ၍ မာယာတို့၏ ပြက္ခဒိန်အဖြစ် လူသိများရခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းပြက္ခဒိန်သည် တစ်မူထူးခြားသော ပြက္ခဒိန်တစ်ခု လည်းဖြစ်သည်။ အခြားပြက္ခဒိန်များကဲ့သို့ နှစ်ကာလသတ်မှတ်ခြင်းမရှိဘဲ ဘစ်ဆက်တည်း ရေတွက်သည့်အမျိုးအစားဖြစ်သည်။

စတင်ရေတွက်သည့်နေ့မှာလည်း မာယာတို့ ဘာသာရေး ယုံကြည်မှုများအရ ယခုကမ္ဘာကြီး (ပဉ္စမမြောက်ကမ္ဘာကြီး) စတင်ဖန်ဆင်းသည့်ရက်မှစတင်ကာ ကမ္ဘာကြီးသက်တမ်း ကုန်ဆုံးသည့်နေ့တိုင်အောင် တစ်ဆက်တည်းရေတွက်သည့်စနစ်ဖြစ်သည်။

ရေတွက်သည့်စနစ်တွင်လည်း ယခုလက်ရှိ အသုံးပြုနေသည့် ပြက္ခဒိန်တွင်ပါဝင်သော လ၊ နှစ်၊ ရက် စသည်တို့ကဲ့သို့ နှိုင်းယှဉ်စဉ်းစားနိုင်သည့် အချက်များပါဝင်သော်လည်း တစ်ပတ်လည်နှစ်အဖြစ်ကား နှစ်ပေါင်း(၅၁၂၅)နှစ်ပတ်လုံး ထပ်ခြင်းမရှိဘဲ တစ်ဆက်တည်း ရေတွက်ခြင်းမျိုးဖြစ်သည်။

မာယာတို့၏ ရေတွက်ခြင်းစနစ်များအကြောင်းကို ဖော်ပြပါမည်။


မာယာမျိုးနွယ်စုတို့ကား ရေတွက်ခြင်းစနစ် (သင်္ချာစနစ်)အား တီထွင်အသုံးပြုနိုင်စွမ်းသော လူမျိုးစုများ ဖြစ်သည်။

အထူးသဖြင့် "သုည"အား စတင်အသုံးပြုခဲ့ကြသည့် လူမျိုးစုဖြစ်သည်ဟု သုတေသီတို့ သတ်မှတ်ထားကြသည်။ မာယာတို့၏ သုညသင်္ကေတမှာ ခရုကဲ့သို့ ပုံသဏ္ဍာန်ရှိသော သင်္ကေ






တဖြစ်သည်။ ရေတွက်ခြင်းကိုပြသည့် ကိန်းဂဏန်းများမှာမူ အစက်များနှင့် မျဉ်းကြောင်းများဖြစ်ကြသည်။




မာယာရေတွက်ခြင်းစနစ်



မာယာပြက္ခဒိန်သရုပ်ဖော်ပုံတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



အစက်တစ်စက်သည် "တစ်"ဖြစ်ပြီး အစက်နှစ်စက်သည် "နှစ်"ဖြစ်သည်။ (၁)မှ (၄)အထိ သင်္ကေတများသည် အစက်များဖြစ်သော်လည်း "ငါး"အတွက် သင်္ကေတမှာမူ မျဉ်းတစ်ကြောင်းဖြစ်သည်။

ထို့ပြင် နောက်သိရမည့် အချက်မှာ "အခြေ" (base) ဖြစ်သည်။

စာရေးသူတို့ ယနေ့အသုံးပြုနေကြသည့် ရေတွက်ခြင်းစနစ်များတွင် အခြေအမျိုးမျိုး ရှိကြသည်ကို သိထားသင့်သည်။

ပထမအားဖြင့် ကိန်းဂဏန်းသင်္ချာ ရေတွက်သည့် ပုံစံသည် အခြေ'၁၀'ရှိသော ရေတွက်မှုဖြစ်သည်။

သို့သော် ဒါဇင်(dozen)ကဲ့သို့သော ရေတွက်မှုများမှာ အခြေ'၁၂'ရှိသော ရေတွက်မှုဖြစ်သည်။

နာရီများ၊ မိနစ်များနှင့် စက္ကန့်များမှာမူ အခြေ'၆၀' ရှိသော ရေတွက်မှုပုံစံဖြစ်သည်။

ထို့အတူ မာယာတို့၏ ပြက္ခဒိန်တို့တွင်လည်း အခြေ ရေတွက်ခြင်း အမျိုးမျိုးရှိသည်။

မာယာတို့၏ Tzikiln ခေါ် ပြက္ခဒိန်သည် အခြေ '၁၃' ရှိသော ရေတွက်မှုပုံစံဖြစ်ပြီး အရှည်ရေတွက်ခြင်း ပြက္ခဒိန် (Long Count) တွင်ကား အခြေ'၂၀'နှင့် အခြေ'၁၈'တို့ ရောထွေးပါဝင်လျက်ရှိသည်။

အရှည်ရေတွက်ခြင်းပြက္ခဒိန်ပါ ရက်များကို ဖော်ပြရာ





တွင် ဂဏန်း(digit)ငါးလုံးဖြင့် ဖော်ပြခြင်းဖြစ်သည်။

မြန်မာတို့ ကိန်းဂဏန်းရေတွက်ရာတွင် ကုဋေ၊ သန်း၊ သိန်း၊ သောင်း၊ ထောင်၊ ရာ၊ ဆယ်၊ ခု စသည်ဖြင့် တည်ရှိသကဲ့သို့ အရှည်ရေတွက်ခြင်းတွင်လည်း baktun, K'atun, tun, winal နှင့် K'in ဟူ၍ အဆင့်ဆင့်ရေတွက်ခြင်းဖြစ်သည်။

K'in သည် 'ရက်'ကို ညွှန်းခြင်းဖြစ်ပြီး အသေးဆုံးရေတွက်ခြင်းပုံစံဖြစ်သည်။

ရေတွက်ခြင်းအဆင့်တစ်ခုနှင့်တစ်ခုကြား ဆက်သွယ်မှုများကို နားလည်စေရန် အောက်ပါဆက်သွယ်ချက်ပုံစံကို ဖော်ပြအပ်ပါသည်။

| | | |
|---|---|---|
| 1 K'inf | = | 1 day |
| 20 K'in | = | 1 winal |
| 18 winal | = | 1 tun |
| 20 tun | = | 1 K'atun |
| 20 K'atun | = | 1 baktun |

သို့အတွက် အရှည်ရေတွက်ခြင်းတစ်ခုတွင် ဖော်ပြထားသော ကိန်းဂဏန်းသည် 1.0.0.0.0 ဖြစ်သည်ဆိုပါစို့။

ယင်းဖော်ပြချက်ကို အစဉ်လိုက်အတိုင်း စီကြည့်မည်ဆိုလျှင် 1 baktun, 0 K'atun , 0 tun , 0 winal , 0 K'in ဖြစ်လာမည်ဖြစ်သည်။

သို့အတွက် အထက်ဖော်ပြပါ ဆက်သွယ်ချက်များအ



www.burmeseclassic.com

www.burmeseclassic.com




တိုင်း ရက်ကိုတွက်ချက်ကြည့်မည်ဆိုပါက 1.0.0.0.0 သည် ရက်ပေါင်း (144000) နှင့် ညီမျှနေကြောင်း တွက်ချက်နိုင်မည် ဖြစ်သည်။ ယင်းအဓိပ္ပါယ်မှာ ယနေ့ ကမ္ဘာကြီး စတင်ဖန်ဆင်း သည်မှာ ရက်ပေါင်း(144000) မြောက်သောနေ့ဟု အဓိပ္ပါယ် ဖော် ဆောင်နိုင်သည်။







မာယာတို့သည် အရှည်ရေတွက်ခြင်းနေ့စွဲများကို ကာ လကြာမြင့်စွာ တည်ရှိနေမည့်အဆောက်အအုံတို့တွင် ရေထိုး ထွင်းရှိခဲ့ကြသည်။




မာယာတို့နေ့စွဲရေးထိုးထားသည့်ကျောက်တိုင်



www.burmeseclassic.com

www.burmeseclassic.com






ပြက္ခဒိန်ကုန်ဆုံးမည့်ရက်အား ဘာသာပြန်မှု

ရေးထိုးပုံနည်းစနစ်မှာ ကျွန်ုပ်တို့ နေ့စွဲများရေးထိုးသည့် ခုနှစ်၊လ၊ရက်ကို တစ်ဆက်တည်းရေးထိုးသည့် ပုံစံအတိုင်းပင် ဖြစ်သည်။ အရှည်ရေတွက်ခြင်း ခုနှစ်များတွင် အထက်ဖော်ပြပါ နေပြက္ခဒိန်ရက်များနှင့် TzolK'in ပြက္ခဒိန်စနစ်ပါ ရက်များတို့ကို ဆက်စပ်ရေးထိုးခြင်းဖြစ်သည်။





ထို့ပြင် နေ့စွဲရေးထိုးရာတွင် အကြမ်းအားဖြင့် ကော်လံနှစ်ခုခွဲကာရေးထိုးလေ့ရှိပြီး ကိန်းဂဏန်းများကို ဒေါင်လိုက်ရေးထားလေ့ရှိသည်။ ပုံတွင် မာယာအဆောက်အအုံဟောင်းတစ်ခုတွင် ရေးထိုးထားသော ရက်စွဲတစ်ခုအား နမူနာအဖြစ် ဖော်ပြထားသည်။

ပုံ၏လက်ဝဲဘက်ကော်လံတွင် ကိန်းဂဏန်းဖော်ပြထားသောအစက်များ၊ မျဉ်းကြောင်းများအား တွေ့မြင်ရမည် ဖြစ်သည်။ ယင်းတို့အား စီစဉ်ကြည့်မည်ဆိုပါက (2.16.6.16.18) ဟူသော ကိန်းအစဉ်ကို မြင်တွေ့နိုင်မည်ဖြစ်သည်။

အထက်ပါကိန်းအစဉ်အား အထက်တွင် ဖော်ပြထားသည့် ဆက်သွယ်ချက်အားဖြင့် ရက်ဖွဲ့တွက်ချက်မည်ဆိုပါက ရက်ပေါင်း (1,125,698) ရက်နှင့် ညီမျှလျှက်ရှိကြောင်း တွေ့ရမည်ဖြစ်သည်။

သို့အတွက် အဆောက်အအုံသည် ကမ္ဘာကြီးအား ဖန်ဆင်းသည့်ရက်နောက်ပိုင်း (1.125.698) ရက်နေ့တွင် တည်ဆောက်ခဲ့သော အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။

ဤသည်တို့မှ နာမည်ကြီးလှသော မာယာတို့၏ အရှည်ရေတွက်ခြင်းအား သိသာစေရန် အချို့အား တင်ပြခြင်းဖြစ်သည်။ မာယာပြက္ခဒိန်နှင့် ကမ္ဘာမြေ၏ နောက်ဆုံးရက်တွက်ချက်ပုံကို ဖော်ပြပါဦးမည်။

အေဒီ (၇၇၅) ခုနှစ်တွင်ဖြစ်သည်။ မာယာတို့၏ အရှင်



www.burmeseclassic.com

www.burmeseclassic.com



မင်းမြတ်ဖြစ်တော်မူသော K'aK' Tiliw Chan Yoat သည် ယခုခေတ် ဂွာတီမာလာနိုင်ငံ၊ အစ်ဇဘဲ(လ) (Izabal) တွင် တည်ရှိနေသော မြို့တော် Quirigua တွင် အလွန်ကြီးမားသော ကျောက်တိုင်ကြီးတစ်ခုကို စိုက်ထူတော်မူခဲ့သည်။

ယင်းကျောက်တိုင်ကြီးအား နောက်ပိုင်းတွေ့ရှိသူ ရှေး ဟောင်းသုတေသနပညာရှင်တို့မှ အမှတ်သင်္ကေတအားဖြင့် စတယ်လာစီ (Stela C) ဟုအမည်မှည့်ခေါ်ထားကြသည်။

ယင်းကျောက်တိုင်ကြီးပေါ်တွင် ရှေးဟောင်းအရုပ်စာ (Hieroglyphic) များဖြင့် မာယာတို့ယုံကြည်သော ဖန်ဆင်း ခြင်းဆိုင်ရာ အယူအဆများကို ဖော်ပြထွင်းထုထားခဲ့ကြသည်။


ကျောက်တိုင်ပေါ်တွင် ယနေ့ခေတ်လူသားများ စတင် ဖြစ်ပေါ်ခဲ့သောခုနှစ် (သို့မဟုတ်) ယနေ့ကမ္ဘာကြီးအား စတင် ဖန်ဆင်းသောခုနှစ်အား မာယာတို့၏ သင်္ကေတအားဖြင့်...

13.0.0.0.04 Ahaw, 8 KumK'y (မာယာသင်္ကေ များမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုချက်)ဟူ၍ ဖော်ပြထားခဲ့သည်။

ယင်းနေ့ရက်အား ယနေ့အသုံးပြုနေသော ပြက္ခဒိန် ရက်များအဖြစ် ပြောင်းလဲတွက်ချက်သောအခါ စတင်ဖန်ဆင်း သောနေ့သည် ဘီစီ(၃၁၁၄)ခုနှစ် ဩဂုတ်လ(၁၃)ရက် (August 13, 3114 BC)ဖြစ်ကြောင်း တွေ့ရသည်။ ယင်းနေ့မှစတင်ကာ မာယာတို့၏ အရှည်ရေတွက်ခြင်း ပြက္ခဒိန် (Long Count Calendar) သည် စတင်ရေတွက်ခဲ့လေသည်။







စတယ်လာစီ(Stela C)ကျောက်တိုင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



မာယာတို့၏ အယူအဆများအရ ယင်းနေ့တွင် ဖန်ဆင်းရှင်ဘုရားသခင်သည် အလွန်အလွန်ကြီးမားသော ကျောက်တုံးကြီးသုံးတုံးအား ကောင်းကင်သို့ မတင်လိုက်သည်။ ထို့နောက်တွင် ကမ္ဘာဦးအစ၌ တည်ရှိနေသော အနက်ရောင် ပင်လယ်ပြင်ကြီးမှ မြင့်မြတ်သော အသက်သစ်ပင် (Sacred tree of life) အား ယင်းကျောက်တုံးကြီးများပေါ်၌ စိုက်တင်လိုက်သည်။

ယင်းကျောက်တုံးကြီးများသည် စကြာဝဠာတစ်ဝန်းလုံး၏ အလယ်ဗဟိုဖြစ်လာခဲ့သည်။

ထို့နောက်တွင်ကား ဖန်ဆင်းရှင်သည် အံ့သြဖွယ်ရာ ကောင်းလှသော လျှပ်လက်ခြင်းတစ်ခုကို ပြုလုပ်ခြင်းဖြင့် အသက်ဖြစ်လာသော အသက်တို့ ရှင်သန်လာကာ ပဥ္စမမြောက် ကမ္ဘာကြီး စတင်သက်ဝင်လှုပ်ရှားခဲ့သည်။ ယင်းနေ့သည် အထက်ဖော်ပြပါ ဘီစီ(၃၁၁၄)ခုနှစ်၊ ဩဂုတ်လ(၁၃)ရက်နေ့ပင် ဖြစ်တော့သည်။ မာယာတို့၏ ဖန်ဆင်းခြင်းဆိုင်ရာ အယူအဆများအရ ယနေ့နေထိုင်လျက်ရှိသော ကမ္ဘာသည် ဖန်ဆင်းရှင် ဖန်ဆင်းထားသော ပဥ္စမမြောက်ကမ္ဘာ ဖြစ်သည်ဟုဆိုသည်။

ပဥ္စမမြောက် ကမ္ဘာမတိုင်မီ ဖန်ဆင်းခဲ့သော ကမ္ဘာများလည်း သက်ဆိုင်ရာနှစ်အပိုင်းအခြားများအလိုက် ပျက်စီးခြင်းသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။

ထို့အတူ ယနေ့နေထိုင်သော ကမ္ဘာကြီးပျက်စီးမည့်ရက်သို့မဟုတ် မာယာတို့၏ ပြက္ခဒိန်ကုန်ဆုံးမည့်ရက်အားလည်း





13.0.0.0.04 Ahaw 3 Kan' Kin (မာယာသင်္ကေတမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုချက်) ရက်ဟုဖော်ပြထားသည်။

ယင်းရက်သည်ကား ယနေ့ခေတ် ပြက္ခဒိန်အရ ဒေဒီ(၂၀၁၂)ခုနှစ်၊ ဒီဇင်ဘာလ (၂၁)ရက် ၊ (Dec. 21. 2012AD) ပင်ဖြစ်ပေတော့သည်။ တစ်နည်းဆိုသော် မာယာတို့၏ ပြက္ခဒိန် တစ်ပတ်ပြည့်ချိန် (5,125)နှစ် ပြည့်မည့်အချိန်လည်းဖြစ်ပေသည်။

မာယာမျိုးတို့သည် နှစ်ပေါင်းလေးရာကျော် ငါးရာခန့်က အင်ကာအင်ပါယာကြီး ကောင်းစားစဉ်ကပင် ရေးဆွဲထားခဲ့သည့် မာယာပြက္ခဒိန်သည် ယခုမျက်မှောက် အချိန်ကာလ. .




နေပြက္ခဒိန်



www.burmeseclassic.com

www.burmeseclassic.com






ဇိုလ်ကင်ပြက္ခဒိန်

ရောက်သည်အထိ သုတေသီပညာရှင်တို့ တိကျသော အဖြေမ ရနိုင်သေးပဲ ရှိကြလေသည်။

အင်ကာလူမျိုးတို့နှင့် မရှေးမနှောင်းပေါ်ပေါက်ခဲ့သော မယာလူမျိုးတို့ပင် ထိုမျှလောက်အသိဉာဏ်ကြွယ်ဝခဲ့သော်လည်း နောက်ပိုင်း စပိန်တို့ကျူးကျော်ဝင်ရောက်နှောက်ယှက်ခြင်းခံရသဖြင့် မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ဖြစ်ခဲ့ကြရပေသည်။

သို့သော် မယာပြက္ခဒိန်ကတော့ ယခုအချိန်အထိ စိတ်ဝင်စားစွာဖြင့် အဖြေရှာနေကြဆဲပင်ရှိကြသေးသည်။







# အခန်း [၃]

# အင်ကာလူမျိုးတို့၏ ရတနာသိုက်

အင်ကာအင်ပါယာနိုင်ငံတော်ကြီး ပျက်စီးရသော အကြောင်းရင်းများထဲ အချင်းချင်းညီညွတ်မှုမရှိပဲ စည်းလုံးခြင်းပြိုကွဲခဲ့ကြသော အကြောင်းရင်းလည်း အဓိကနေရာမှ ပါဝင်လေသည်။

အခြားတစ်ခုမှာ နိုင်ငံခြားသားများ ဝင်ရောက်လာပြီး တစ်စတစ်စ နယ်ချဲ့တိုက်ခိုက်ကြသောအကြောင်းလည်း အပါအဝင်ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၅၃၂)ခုနှစ် နောက်ပိုင်း ဖရန်စစ္စကို ပီဇားရို ခေါင်းဆောင်သော စပိန်အဖွဲ့တစ်ဖွဲ့ စတင်ရောက်လာပြီးနောက်ပိုင်း စပိန်စစ်တပ်များရောက်လာကြပြီး တိုက်ခိုက်သိမ်းပိုက်ကြသောကြောင့် စပိန်တို့လက်အောက်သို့ ကျရောက်ခဲ့ကြရခြင်းဖြစ်ပေသည်။

အင်ကာအင်ပါယာကြီး စပိန်တို့လက်အောက် ကျရောက်ခဲ့ကြရသည်မှာ (၁၅၃၃)ခုနှစ်၌ ဖြစ်ပေသည်။

ထိုအချိန်တွင် အင်ကာနိုင်ငံကို စိုးမိုးအုပ်ချုပ်နေသော ဘုရင်မှာ 'အတာဟူအာလပါ'ဖြစ်သည်။ ၄င်းကိုတိုက်ခိုက်သိမ်းပိုက်သော စစ်ဗိုလ်ချုပ်မှာလည်း အခြားမဟုတ်ပေ။

ကုန်သည်ဟန်အယောင်ဆောင်ပြီး ဝင်လာသော ဖရန်စစ္စကိုပီဇာရိုဖြစ်ပေသည်။ ပီဇာရိုက ကုန်သည်များအနေဖြင့် ဝင်ရောက်လေ့လာပြီးမှ ပြိုကွဲနေသော အခြေအနေကို သိသောအခါ စပိန်စစ်သားများကို ခေါ်ယူကာ တိုက်ခိုက်သိမ်းပိုက်ခဲ့ခြင်းပင်ဖြစ်ပေသည်။

ထိုသို့သိမ်းပိုက်ရာမှာလည်း အလွယ်တကူရရှိခဲ့သည်တော့ မဟုတ်ကြပေ။

အင်ကာဘုရင်နှင့် နောက်လိုက်နောက်သားများက ပြန်လည်တိုက်ခိုက်ကြသဖြင့် စပိန်တပ်သားအမြောက်အများ ကျဆုံးခဲ့ရပေသည်။

နောက်ပိုင်းလက်နက်အင်အားချင်း မမျှသဖြင့်သာ





အားမတန်၍ မန်လျှော့ခဲ့ကြရခြင်းဖြစ်ပေသည်။

သို့သော်လည်း ဘုရင်နှင့် ကိုယ်ရံတော်အချို့လောက်သာ ဖမ်းဆီးခေါ်ဆောင်သွားနိုင်ကြသော်လည်း နန်းတွင်းသူနန်းတွင်းသားအချို့ကိုတော့ မမိပေ။

၄င်းတို့သည် ဘေးလွတ်ရာတောတောင်များအတွင်း၌သာ ပုန်းအောင်းနေကြလေသည်။

စပိန်စစ်သားများက အင်ကာအင်ပါယာကြီးကို ကျူးကျော်ဝင်ရောက် တိုက်ခိုက်ကြသည့် အဓိကအကြောင်းရင်းမှာ အင်ကာဘုရင်ပိုင်ဆိုင်သော ရွှေငွေကျောက်မျက်ရတနာစသော [illegible]က်များလှစွာသော ဘဏ္ဍာပစ္စည်းများကို အလိုရှိကြသောကြောင့်ပင်ဖြစ်ပေသည်။

သို့သော်လည်း စပိန်တပ်သားများနှင့် စတင်စစ်ဖြစ်စဉ်[illegible] အင်ကာဘုရင်က ၄င်းပိုင်ဆိုင်သော ရွှေငွေရတနာဘဏ္ဍာပစ္စည်းများကို လုံခြုံသောနေရာတွင် သိုဝှက်ထားပြီးဖြစ်သောကြောင့် စပိန်စစ်သားတို့ ရှာမတွေ့နိုင်ပဲရှိလေသည်။

ထို့ကြောင့် ပီဇာရိုက အင်ကာဘုရင်ကို ဖမ်းဆီးအကျဉ်းချထားပြီး အမျိုးမျိုးစစ်ဆေးမေးမြန်းလေသည်။

သို့သော် အင်ကာဘုရင်ကလည်း ဖွင့်မပြောပေ။

"ရတနာတွေ ဘယ်နေရာမှာ ဝှက်ထားတယ်ဆိုတာ ပြောပြပေးရင် ခင်ဗျားကို အသက်ချမ်းသာခွင့်ပေးမယ်"

ထိုသို့ပြောသော်လည်း အင်ကာဘုရင်က တင်းချက်



www.burmeseclassic.com

www.burmeseclassic.com



ကလေးမှ ကြောက်ရွံ့ခြင်းမရှိပဲ 'ငါမသိဘူး' ဟူသော ဝေါဟာရ တစ်လုံးဖြင့်သာ တုံ့ပြန်ခဲ့လေသည်။

စပိန်စစ်ဗိုလ်ချုပ်ကြီး ပီဇာရိုကလည်း သူလိုချင်တာမရ သေးသောကြောင့် ချက်ခြင်းမသက်သေးပဲ ချုပ်မြဲချုပ်ထားလေသည်။

တစ်နေ့တော့ အချုပ်အနှောင်ခံနေရသော အင်ကာဘုရင်က ၎င်းတို့အသုံးပြုသော 'ကွိပတ်'(Quipus) ဟုခေါ်သည့် ကြိုးထုံးကလေးများထုံးသော သင်္ကေတနည်းဖြင့် ရွှေကြိုးတစ်ချောင်းကိုထုံးကာ တောတွင်းမှာ ပုန်းအောင်းနေကြသည့် ၎င်းလူများထံရောက်အောင် ပို့ပေးလိုက်လေသည်။

သူပြောလိုသောအကြောင်းအရာမှာ. . .

"သူတို့ပိုင်ဆိုင်သော ရွှေငွေရတနာ ဘဏ္ဍာတော်အားလုံးကို မီးနတ်သားစံမြန်းရာ ဗိမာန်ကြီးအနီးတွင် သိုဝှက်မြှုပ်နှံလိုက်ပေတော့"

ဟူ၍ တစ်ချက်လွှတ်အမိန့် ပေးလိုက်ခြင်းပင်ဖြစ်ပေသည်။ ပုန်းအောင်းနေကြသော နန်းတွင်းသူများလည်း ဘုရင့်ထံမှ ရွှေကြိုးထုံးဖြင့် ပို့လိုက်သည့်အမိန့်ကို ရသည်နှင့် ထွေထွေထူးထူး စဉ်းစားမနေကြတော့ဘဲ ရွှေငွေရတနာတို့ကို သိုဝှက်မြှုပ်နှံရန်သာ စီစဉ်ကြလေတော့သည်။

ထိုအချိန်က ၎င်းတို့နေသော နန်းစိုက်ရာဒေသမှာ 'ကဂျာမာကာ' ဒေသပင်ဖြစ်သည်။





ထိုဒေသတွင် ကြီးမားသော မီးတောင်ကြီးတစ်လုံးရှိသသည်။

အင်ကာလူမျိုးတို့က မီးနတ်သားစံမြန်းရာ ဗိမာန်ကြီးဟုတင်စားခေါ်ဝေါ်ကြသည် အယ်လ်ဆန်ဂေး (EL Sangay) ဟုခေါ်သော မီးတောင်ကြီးပင်ဖြစ်ပေသည်။

အဖမ်းခံထားသော ဘုရင်ထံမှ အထုံး'၁၃'ထုံးပါသော ရွှေကြိုးတစ်ခုရောက်လာပြီးနောက်ပိုင်းမှာတော့ တောတွင်းမှာ ပုန်းအောင်နေကြသော မြို့သူမြို့သား၊ နယ်သူနယ်သား၊ နန်းတွင်းသူနန်းတွင်းသားအားလုံးတို့သည် တောတွင်းမှ အသီးသီးထွက်လာကြပြီး လုပ်သင့်သည်များကို အလျင်အမြန်လုပ်ကြလေသည်။

မီးနတ်သားစံအိမ်ဟုခေါ်သော အယ်လ်ဆန်ဂေး မီးတောင်ကြီးခြေရင်းတွင် ချော်မြှုပ်များ စီးဆင်းသော ချောက်များ၊ ချိုင့်များက နက်ရှိုင်းစွာ ရှိကြလေသည်။

အင်ကာနယ်သူနယ်သားတို့ အင်ပါယာကြီး ကောင်းစားစဉ်က သူတို့နေထိုင်ခဲ့ကြသော ကိုလံဘီယာမှ ဘိုလီဗီးယားနယ်အထိ ကျယ်ပြန့်လှသော နယ်များအတွင်းမှာရှိသည့် သူတို့ ကိုးကွယ်သော ဘုရားရှိခိုးကျောင်းများအတွင်းမှ ရွှေစင်ရွှေသားဖြင့်လုပ်ထားသော ရုပ်တုအမျိုးမျိုးတို့ကို လျှို့ဝှက်စွာဖြင့် မီးတောင်ရှိရာသို့ သယ်ယူလာကြသည်။

ရာပေါင်းများစွာ၊ ထောင်ပေါင်းများစွာ အရေအတွက်



www.burmeseclassic.com

www.burmeseclassic.com



များသော ရွှေသားရုပ်ထု၊ ကျောက်စိမ်းရုပ်ထု၊ မြရုပ်ထု၊ ကျောက်မျက်ရတနာတို့ဖြင့် မွမ်းမံခြယ်သထားသော နတ်ဘုရားရုပ်တု ပေါင်းများစွာတို့ကို လှို့ဝှက်စွာ သယ်ယူလာကြပြီး ချော်ရည်ပူတို့ သော ချောက်အတွင်းသို့ ပစ်ချကြသည်။

ထိုချောက်ကြီးမှာ အောက်သို့ မိုင်ဝက်ခန့်နက်သည်ဟု ခန့်မှန်းကြသော ချော်ရည်ချောက်ကြီးအတွင်းသို့ နတ်ဘုရား ရုပ်တုများသာမပဲ ရွှေသားဖြင့်ပြုလုပ်ထားသော အသုံးအဆောင် ပစ္စည်းများ၊ ကျောက်မျက်ရတနာများ၊ စိန်များထည့်ထားသော အထုပ်၊ မြများထည့်ထားသောအထုပ်၊ ပတ္တမြားချည်းထည့်ထား သော အထုပ်များကိုပါ တစ်ခုမကျန် တွင်းနက်ကြီးထဲသို့ ပစ်ချ ကြသည်။

ငင်းတို့အရပ်ဒေသမှာ ရွှေသာမကပဲ စိန်၊ မြ၊ ပတ္တမြား စသော အဖိုးတန်ကျောက်မျက်ရတနာများ မြောက်များစွာထွက် သောအရပ် ဖြစ်သောကြောင့် ရှာဖွေစုဆောင်းရသော ရွှေများ ကို အသုံးအဆောင်ပစ္စည်းများ ပြုလုပ်အသုံးပြုကြသည်။

တန်ဖိုးကြီးသော စိန်၊ မြ၊ ပတ္တမြား စသောကျောက်များ ကိုတော့ ရှာဖွေရသမျှ အထုပ်များဖြင့်ထုပ်ကာ သိမ်းထားကြ သောကြောင့် ယခုကဲ့သို့ ဘုရင့်အမိန့်တော်ဖြင့် ဖျောက်ဖျက်ပစ် ရမည်ဆိုသောအခါ မီးတောင်ချောက်အတွင်းသို့ ပစ်ချ၍ ဖျောက်ဖျက်ပစ်ကြခြင်းဖြစ်ပေသည်။

ထိုမျှသာမကသေးပဲ နတ်ဘုရားကျောင်းများတွင် ထား





ဆောင်အသုံးပြုကြသော ကျောက်မျက်ရတနာပေါင်းများစွာ စီခြယ် ထားသည့် ရွှေပလ္လင်၊ ရွှေညောင်စောင်း၊ နတ်ကွန်း အစိတ်အပိုင်း တို့ကိုပါ ဖြစ်သည့်နည်းဖြင့် တစ်စစီတစ်ခုစီ ဖြုတ်ယူသယ်ဆောင် လာကြပြီး မီးတောင်ချောက်အတွင်းသို့ ပစ်ချကြလေသည်။

မိုင်ဝက်ခန့်နက်ရှိုင်းသော ချောက်ကြီးအတွင်းသို့ ရွှေငွေ ကျောက်မျက်ရတနာ၊ အသုံးအဆောင်ပစ္စည်းတို့ကို တစ်ခုမကျန် ပစ်ချလိုက်သောအခါ တွင်းထဲသို့ နေရောင်ကျသော မွန်းတည့် အချိန်တွင် တွင်းထဲမှ ရွှေငွေရတနာတို့ကို နေရောင်ခြည်ထိ သောကြောင့် အလင်းရောင်များ ဖြာတက်လာရာ မီးတောင် ခေါင်ကွဲရာမှ ဖြာတက်လာသော အလင်းရောင်များနှင့်ပင် တူ နေရာ ထိုနေရာတစ်ဝိုက်တွင် အလင်းရောင်များဖြင့် လင်းထိန် တောက်ရှိနေတော့သည်။

သို့ကြောင့် အလင်းရောင်များ မထွက်စေရန် ထိုအပေါ် သစ်ကိုင်းသစ်ချက်ပေါင်းများစွာတို့ကို ခုတ်ယူပစ်ချကာ ဖုံးအုပ် ကြသည်။

ထိုအပေါ်မှတစ်ဖန် မီးတောင်မှထွက်သော တန်ပေါင်း များစွာရှိသည့် ကျောက်တုံးကျောက်ခဲများကို အပေါ်မှပစ်ချဖုံး အုပ်ကြပြန်လေသည်။ ထိုကဲ့သို့ ဖုံးအုပ်သည့်တိုင် မိုင်ဝက်ခန့်ဝေး သော နေရာမှာရှိကြသည့် ကျောက်မျက်ရတနာတို့၏အရောင် တို့ တစ္စန်းတစတွေ့နေရသေးသောကြောင့် ထိုအပေါ်မှ မီး တောင်မှထွက်သော ပြာများကို ထပ်မံဖုံးအုပ်ကြသောအခါမှ



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်များ ကွယ်ပျောက်သွားခဲ့ကြလေ သည်။

အဝတ်အစားမလုံတလုံလောက်သာ ဝတ်ဆင်ထား သည့် ယောက်ျား၊ မိန်းမ ထောင်သောင်းတို့သည် ၎င်းတို့ဘု နှင့် ၎င်းတို့ပိုင်ဆိုင်သော ရွှေငွေရတနာ ပစ္စည်းများကို ထိုကဲ့ လျှို့ဝှက်စွာ မြှုပ်နှံကြသော အဓိကရည်ရွယ်ချက်ရှိပေသည်

အခြားတော့မဟုတ်ပေ။

မီးတောင်ကြီးကို အကာအကွယ်ယူ၍ စပိန်တို့ကို ပြ လည်တိုက်ခိုက်၍ မိမိတို့မြေပေါ်မှ ပြန်လည်နှင်ထုတ်နိုင် သောအခါတွင် ထိုမြှုပ်နှံထားသော ရွှေငွေရတနာတို့ကို ပြန်လ တူးဖော်ယူကြပြီး နတ်ဘုရားကျောင်းဆောင်သစ်များ ပြန်လ ဆောက်လုပ်ရန် ရည်ရွယ်ချက်ရှိကြလေသည်။

သို့သော်လည်း သူတို့မျှော်လင့်ထားသလိုတော့ ဘ သောအခါမှ ဖြစ်မလာခဲ့တော့ပေ။

စပိန်တို့ကို တိုက်ခိုက်နှင်ထုတ်ခြင်း မပြုနိုင်တော့သ သာမကပဲ စပိန်တို့နှိပ်စက်မှုကြောင့် တဖြည်းဖြည်း သေ ပျက်စီးမှုများလာသောကြောင့် လူမျိုးတုံးသွားကဲ့သို့ပင် ဖြစ်ခဲ့ ရလေသည်။

နောက်ပိုင်းနှစ်ကာလကြာမြင့်လာသောအခါ တ က အင်ပါယာနိုင်ငံကြီးတစ်ခုသဖွယ် ထူထောင်နိုင်ခဲ့ကြသ အင်ကာလူမျိုး၊ မာယာလူမျိုးစုတို့မှာ နေရာအနှံ့အပြားသို့ ပြ သွားကြပြီး ကိုယ့်အစုနှင့်ကိုယ် သင့်တော်သလို နေထိုင်ခဲ့ကြ





သည်။

၎င်းတို့ မြှုပ်နှံထားခဲ့သော ရတနာသိုက်ကြီးမှာလည်း သူကမှ ပြန်လည်တူးဖော်နိုင်ကြခြင်းမရှိတော့ပဲ ကမ္ဘာမြေ နှာပြင်ပေါ်မှ တဖြည်းဖြည်း ကွယ်ပျောက်ခဲ့ရလေသည်။

နောက်ပိုင်းတွင် အယ်လ်ဆန်ဂေး မီးတောင်ကြီးမှာ ပေါက်ကွဲပြန်ရာ တန်ပေါင်းများစွာသော ချော်ရည်ပူများ၊ ကောက်မီးလျှံများ၊ ကျောက်တုံးကျောက်ခဲများ၊ ပြာမှုံများက ောင်အောက်သို့ကျလာရာ ရတနာများ သိုဝှက်ထားသော တ်အတွင်းသို့လည်း ကျရောက်သွားရာ မိုင်ဝက်ခန့်နက်ရှိုင်း သာ တွင်းနက်ကြီးမှာ ပြည့်လုနီးပါးဖြစ်သွားလေသည်။

ချော်ရည်များ ချောက်သွေ့သွားသောအခါ ကျောက် များအဖြစ် ပြောင်းလဲသွားပေရာ အင်ကာရတနာသိုက်ကြီး နက်ရှိုင်းသောမြေအောက်သို့ ရောက်သည်ထက် ရောက် ရလေတော့သည်။

တဖြည်းဖြည်းနှင့် နှစ်ကာလများတဖြည်းဖြည်း ကြာလာ သအခါ ရတနာသိုက်အကြောင်းကို ကောင်းစွာသိကြသည့် ကာမျိုးဆက်များလည်း သေဆုံးသွားခဲ့ကြရာ နောက်လူတို့ တစ်ဆင့်စကားဖြင့်သာ သိကြရပေတော့သည်။

နှစ်ပေါင်းလေးရာကျော်၊ ငါးရာအချိန်ကာလအတွင်း ကာရတနာသိုက်ကြီးအကြောင်းကို သိသဖြင့် လာရောက် ကြသော ရတနာသိုက်ရှာဖွေသူများ၊ ရှေးဟောင်းသုမိုင်း



www.burmeseclassic.com

www.burmeseclassic.com



လေ့လာသူများ၊ သုတေသနသမားတို့မှာ မနည်းလှပေ။

သို့သော် ရတနာသိုက်ကြီး၏ အစအနကိုမျှ မတွေ့ကြ ရသည့်အပြင် အချို့ အသက်ပေးခဲ့ရသူ အများအပြားပင် ရှိခဲ့ကြ လေသည်။

အယ်လ်ဆန်ဂေးမီးတောင်ကြီးမှာ မကြာခဏဆိုသလို ပေါက်ကွဲနေခြင်းကြောင့် ထိုပတ်ဝန်းကျင်တစ်ဝိုက်မှာ လူနေထိုင် ခြင်းမရှိတော့သလို အသွားအလာလည်း မရှိတော့ပေ။

သို့ကြောင့် သဘာဝသစ်တောကြီးများက နေရာမလပ် ဖုံးအုပ်လျက်ရှိသည်။ မီးတောင်နှင့်ဝေးသော အချို့နေရာများမှာ လည်း ခြင်္သေ့ စသောသားရဲတိရစ္ဆာန်များ ပေါလှသည်။

ရာသီဥတုကလည်း ဆိုးဝါးလှသဖြင့် ထိုနေရာသို့ အ စွန့်ပြီးသွားလာကြသူတို့မှာ တစ်နည်းမဟုတ်တစ်နည်း အန္တရာယ် များနှင့်တွေ့ပြီး သေကြေပျက်စီးကြရခြင်းဖြစ်ပေသည်။

သို့သော်လည်း အင်ကာတို့၏ ရတနာသိုက်ကြီးကို ရှာ ဖွေတွေ့ရှိပါက တစ်ကမ္ဘာလုံးတွင် အချမ်းသာဆုံးသော အ အနေ ရောက်ကြမည်ဖြစ်သောကြောင့် စွန့်စွန့်စားစား လာ ရောက်ရှာဖွေနေကြခြင်းဖြစ်သည်။

ထိုသို့ရှာဖွေကြသူတို့မှာ လွန်ခဲ့သော နှစ်ပေါင်းငါး ကျော်က အခြေအနေကို ပြန်လည်ရှာဖွေရခြင်းဖြစ်သဖြင့် သ လွန်စ တစ်ခုခုတွေ့ရန်ပင် မလွယ်လှပဲ ဖြစ်နေကြရသည်။

ထိုသို့မတွေ့သဖြင့် အချို့ရှာဖွေသူတို့က အင်ကာတို့





တနာများသည် အင်ဒီတောင်တန်းပေါ်မှ 'အင်တီကာတာ' ရေ အိုင်ကြီး၌ ရှိနိုင်သည်ဟုလည်း ခန့်မှန်းကြသည်။

ထိုရေအိုင်ကြီးမှာ ပီရူးနှင့် ဘိုလီးဗီးယားနယ်စပ်ကြား တွင်ရှိလေသည်။

ရတနာရှာဖွေသူတို့က ရတနာပစ္စည်းများမှာ ထိုရေ အိုင်၏ ရေအောက်တွင် ရှိလိမ့်မည့်အထင်နှင့် ရှာဖွေရန်ကြိုးစား ကြပြန်လေသည်။

ထိုနေရာတစ်ဝိုက်တွင် ရှိကြသည့် တိုင်းရင်းသား လူ မျိုးများကိုခေါ် ယူပြီး ရေအိုင်ကြီးအောက်ခြေသို့ ငုပ်၍ ရှာဖွေ စေသည်။

ရေပြင်ရေအောက် နေရာမကျန် ပိုက်စိပ်တိုက်ရှာဖွေ သော်လည်း မတွေ့ရသောအခါ ထိုအနီးတစ်ဝိုက်မှာ မြစ်ချောင်း အင်းအိုင်များပါ လိုက်လံရှာဖွေကြည့်ကြသည်။

သို့သော် မတွေ့ရပေ။

မီးတောင်ကြီး ပတ်ဝန်းကျင်ကိုတော့ မသွားလာဝံ့သဖြင့် သွားရောက်ရှာဖွေခြင်းမပြုကြပေ။

အချို့မီးတောင်ရှိသော နေရာတစ်ဝိုက်တွင် ရတနာ သိုက်ရှိကြောင်း သမိုင်းကြောင်းအရ သိကြသဖြင့် အရဲစွန့်ကာ လာရောက်ရှာဖွေကြသည်။

မီးတောင်က မကြာခဏပေါက်ကွဲလေ့ရှိသောမီးတောင် ဖြစ်ရာ သူတို့ရောက်နေသော အချိန်မှာပင် မီးတောင်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



ကွဲမှုနှင့်ကြုံသဖြင့် ချော်ရည်ပူများအောက်ရောက်ကာ အသက်ဆုံးရှုံးကြရလေသည်။

ဤသို့နှင့် အင်ကာလူမျိုးတို့ မြှုပ်နှံထားခဲ့သော ရတနာသိုက်ကြီးမှာ ရတနာသိုက်ရှာဖွေသူများမတွေ့နိုင်ကြသေးပဲ နှစ်ပေါင်းလေးရာကျော် ငါးရာတိုင်အောင် မြေရာလက်ရာ မပျက်တည်ရှိနေလေတော့သည်။







# အခန်း [၄]

# ဒေါက်တာမင်းထင်ကျော်နှင့် ရတနာသိုက်သဲလွန်စ

အထက်၌ ရေးသားဖော်ပြခဲ့သော အကြောင်းအရာတို့မှာ ဒေါက်တာမင်းထင်ကျော် ဖတ်ရှုနေသော ရှေးဟောင်းမှတ်တမ်းများ၌ ပါဝင်သည့် ‘အင်ကာရတနာသိုက်’ကြီးနှင့် ပတ်သက်ပြီး ရေးသားဖော်ပြထားသော အကြောင်းများပင်ဖြစ်သည်။

အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ငှင်းမှတ်တမ်းကြီးမှာ သက်ဆိုင်ရာပုံများပါ ပါဝင်သောကြောင့် အလွယ်ပင်



www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံသော မှတ်တမ်းတစ်ခုပင် ဆိုရပေမည်။

နှစ်ပေါင်းလေးရာကျော် ငါးရာအတွင်း အင်ကာရတနာ သိုက်နှင့်ပတ်သက်သည့် မှတ်တမ်းအတော်များများ ထွက်ခဲ့ဖူး သည်။

သက်ဆိုင်ရာ နိုင်ငံများမှ ၎င်းတို့အသုံးပြုသော ဘာသာ စကား၊ စာပေတို့ဖြင့် ရေးသားထုတ်ဝေကြရာ မှတ်တမ်းအတော် များများရှိပေသည်။

အချို့က လူအများစိတ်ဝင်စားစေရန် ဝတ္ထုဇာတ်လမ်း သဘောမျိုး ရေးသားထုတ်ဝေကြသည်။ အချို့ကျတော့လည်း ဓာတ်ပုံမှတ်တမ်း၊ သမိုင်းအထောက်အထားများ၊ ခုနှစ်သက္ကရာဇ် စသည်တို့နှင့် မှတ်တမ်းသဖွယ်ရေးသားကြသည်။

ဒေါက်တာမင်းထင်ကျော်မှာ မြန်မာနိုင်ငံသားတစ်ဦး ဖြစ်သည်။ အသက်(၃၀)ပတ်ဝန်းကျင်အရွယ်သာ ရှိသေးသော ခေတ်ပညာတတ် လူရွယ်တစ်ယောက်ပင်ဖြစ်၏။

ပင်ကိုယ်စိတ်က လွတ်လွတ်လပ်လပ်နေသူ တစ် ယောက်ဖြစ်သောကြောင့် ဝန်ထမ်းအလုပ်များကို စိတ်မဝင်စားပဲ လွတ်လပ်စွာပင် နေထိုင်တတ်သူဖြစ်သည်။

သူ့ဝါသနာပါသည်မှာ ရှေးဟောင်းပညာရပ်များ၊ ရှေး ဟောင်းနေရာများကို ရှာဖွေလေ့လာရသော အလုပ်မျိုးကို စိတ် ဝင်စားလေသည်။

ထိုအလုပ်များမှာ သာမန်မဟုတ်ပဲ စွန့်စွန့်စားစား





ခက်ခက်ခဲခဲ သွားလာရခြင်း၊ အန္တရာယ်တို့နှင့် ရင်ဆိုင်တွေ့ရ ခြင်းမျိုးရှိလေသည်။

သို့သော်လည်း တစ်ခါတလေမျှ စိတ်ပျက်ခြင်းမျိုးမရှိဘဲ အကြောင်းထူးသည်နှင့် နေရာအနှံ့သို့ သွားလာလေ့ရှိသည်။ ယခုသူရောက်နေသောနေရာမှာ တောင်အမေရိကတိုက် တစ် နေရာပင်ဖြစ်သည်။

တောင်အမေရိကတိုက်အတွင်း၌ရှိသော ပီရူးနိုင်ငံအ တွင်းမှာရှိသော ကပ်စကို(cwsco)မြို့ရှိ ဟော်တယ်တစ်ခု၏ အခန်းတစ်ခန်းထဲ၌ပင် ဖြစ်သည်။

မြန်မာနိုင်ငံလို နေရာမျိုးမှဝေးလံလှသော တောင်အ မေရိကတိုက် တစ်နေရာသို့ ရောက်နေခြင်းမှာ ယေးတက္ကသိုလ် သမိုင်းဌာနမှ ပါမောက္ခတစ်ဦးဖြစ်သူ ရှေးဟောင်းသုတေသန ပညာရှင် ဟီရန်ဘင်ဟာစ်(Hiram Bingham)နှင့် ဒေါက်တာ ကက်ဗွန်ရစ်တားတို့နှင့် ဆက်သွယ်ပတ်သက်ခဲ့သောကြောင့် ပင်ဖြစ်သည်။

တစ်နေ့သ၌ ဒေါက်တာမင်းထင်ကျော်တစ်ယောက် အခြားအကြောင်းကိစ္စများဖြင့် ဂျာမနီနိုင်ငံ၊ မြူးနစ်မြို့သို့ရောက် နေစဉ် သူနှင့်သိကျွမ်းခဲ့ဖူးသော ရှေးဟောင်းရတနာသိုက်ကြီးများ နောက်သို့တကောက်ကောက် လိုက်လံရှာဖွေနေသူ ဒေါက်တာ ကက်ဗွန်ရစ်တားနှင့် တွေ့ဆုံရလေသည်။ ဒေါက်တာကက်ဗွန် မှာ အသက်ငါးဆယ်ကျော်အရွယ်ခန့်ပင်ရှိသေးပြီး သူ့ဝါသနာ



www.burmeseclassic.com

www.burmeseclassic.com



ဝါသောအလုပ်ကို တစိုက်မတ်မတ် လုပ်နေသူလည်းဖြစ်သည်။

သူသည် ဂျာမန်သွေးပါသူဖြစ်သောကြောင့် အလုပ်လုပ်ရာတွင် သတ္တိရှိကာ ဇွဲနပဲအလွန်ကြီးသူတစ်ဦးလည်း ဖြစ်ပေသည်။

ဝေးလံလှသော ခရီးများ၊ ခက်ထန်ကြမ်းတမ်းလှသော တောတောင်ခရီးများကို အဖော်မရှာဘဲ တစ်ကိုယ်တော်သွားလာလေ့ရှိသည်။

အခြားသော သိုက်ရှာဖွေသူများက လူအင်အား၊ လက်နက်အင်အား၊ ပစ္စည်းကရိယာ အစုံအလင်ဖြင့် ခရီးထွက်ကြသော်လည်း ဒေါက်တာကက်ဗွန်ကတော့ တစ်ကိုယ်တော် ခရီးထွက်သည်က များလေသည်။

သက်ဆိုင်ရာဒေသသို့ ရောက်သောအခါမှသာ ဒေသခံတို့ကို သင့်တော်သည့် အခကြေးငွေပေးကာ လမ်းပြအဖြစ် အဖော်ခေါ် ဆောင်သွားတတ်လေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ဒေါက်တာကက်ဗွန်တို့သည် 'အီဂျစ်ဘုရင်များ ရတနာသိုက်' ကိုရှာဖွေစဉ်က တွေ့ဆုံခဲ့ကြပြီး ခင်မင်ရင်းနှီးသွားကြလေသည်။

ဝါသနာတူ စရိုက်တူများဖြစ်သောကြောင့် တွေ့ကြသည်နှင့် မိတ်ဆွေဖြစ်ကြရသည်ကတော့ အထူးအဆန်းမဟုတ်ပါချေ။

ယခုလည်း ဒေါက်တာမင်းထင်ကျော်တစ်ယောက် အ





လုပ်ကိစ္စတစ်ခုနှင့် ဂျာမနီနိုင်ငံ၊ မြူးနစ်မြို့သို့ ရောက်သောအချိန်တွင် ဒေါက်တာကက်ဗွန်ရစ်ထံသို့ ဆက်သွယ်အကြောင်းကြားသောအခါ ၎င်းကလည်း လိုလိုလားလားနှင့်ပင် တွေ့ဆုံရန် ဟော်တယ်တစ်ခုသို့ ချိန်းဆိုလေသည်။

ဒေါက်တာမင်းထင်ကျော်က ချိန်းဆိုထားသော အချိန်ရောက်သောအခါ တက္ကစီတစ်စီးကိုငှားရမ်းပြီး ထိုဟော်တယ်သို့သွားလေသည်။ ဟိုတယ်သို့ရောက်သောအခါ သီးသန့်မှာထားသော အခန်းတစ်ခန်းထဲတွင် သူ့ကိုစောင့်နေသော ဒေါက်တာကက်ဗွန်နှင့် အဆင်သင့်ပင်တွေ့ရလေသည်။

"ခင်ဗျားနဲ့ ပြန်တွေ့ရတာ ဝမ်းသာပါတယ် ဒေါက်တာမင်းထင်ကျော်"

"ကျွန်တော်ကလည်း ခင်ဗျားနဲ့ အခုလို ပြန်တွေ့ရတာ ဝမ်းသာပါတယ်"

ဟုပြောဆိုနှုတ်ဆက်ကာ မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည်။ ထို့နောက် စားစရာ သောက်စရာများကို မှာကြားပြီး အေးအေးဆေးဆေးပင် ရှေးဖြစ်နောက်ကြောင်းများ၊ ၎င်းတို့ကြုံတွေ့ခဲ့ရသော အကြောင်းများကို ပြောဆိုကြလေသည်။

ထိုသို့ ပြောဆိုနေရင်းမှ အချိန်ရလာသောအခါ ဒေါက်တာကက်ဗွန်က စတင်ပြောသည်။

"ဒေါက်တာမင်းထင်ကျော် ခင်ဗျားလည်း ရှေးဟောင်းရတနာသိုက်တွေ ရှာဖွေရတာ ဝါသနာပါတဲ့သူဆိုတော့ ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



ကျော် အင်ကာရတနာသိုက်ကြီးအကြောင်းကိုတော့ ကြားဖူးမှာပေါ့"

"မှတ်တမ်းတွေထဲမှာတော့ အတော်များများ တွေ့ဖူးပါတယ်"

"ခင်ဗျားဘယ်လိုသဘောရသလဲ"

"မှတ်တမ်းတွေအရတော့ ရှာလို့မတွေ့ကြသေးပေမယ့် လျှို့ဝှက်တဲ့ တစ်နေရာမှာတော့ ရှိနေမယ်ထင်ပါတယ်"

"အမှန်ပဲဗျို့၊ ဒီနေရာမှာတော့ ခင်ဗျားနဲ့ကျွန်တော်နဲ့ အယူအဆချင်း အတော်ပဲနီးစပ်မှုရှိတယ်၊ လူတွေက အတော်ခက်တယ်ဗျ၊ ကိုယ်မလုပ်နိုင်တာကို သူများလုပ်တော့လည်း လက်မခံဘူး၊ ပြောပြတော့လည်း မယုံကြဘူးဗျ . . "

"ဒါကတော့ လူ့သဘာဝပါပဲ၊ ဒါထက် ခင်ဗျားကိုမေးရဦးမယ်၊ အင်ကာရတနာသိုက်ကြီးကို ခင်ဗျားရှာဖွေနေတာလား။ အခြေအနေရော ဘယ်လိုထူးပြီလဲ"

"ထူးတာပေါ့ဗျာ၊ အများကြီး ထူးတာပေါ့"

"ဒီလိုဆိုလည်း ပြောပြပါဦးဗျ . . . "

"ပြောရမှာပေါ့၊ ပြေပြချင်လွန်းလို့ ဒီကိုတောင် တကူးတက ဖိတ်ခေါ်ထားတာပဲ"

ထိုအချိန်မှာပင် မှာကြားထားသော အစားအသောက်များ ရောက်လာသဖြင့် စားသောက်ရင်းနှင့်ပင် စကားပြန်ဆက်ကြလေသည်။





"ဒီလိုဗျ . . . အင်ကာတွေရဲ့ ရှေးဟောင်းနေရာတွေ ရတနာသိုက်ရှိတဲ့ နေရာတွေဟာ အင်ဒီးစ်တောင်တန်းတွေမှာ ကွယ်ပျောက်နေခဲ့တယ်၊ ရှိတာသိကြပေမယ့် ရှာလို့မတွေ့ကြတဲ့ သဘောပေါ့"

ဒေါက်တာမင်းထွင်ကျော်က လက်ခံသည့်သဘောဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"လွန်ခဲ့တဲ့ (၉)နှစ်လောက်ကတော့ အင်ကာတွေရဲ့ နေရာဟောင်းကြီးကို လူတစ်ယောက်က ရှာဖွေတွေ့ခဲ့တယ်၊ သူက တခြားမဟုတ်ဘူး၊ ယေးတက္ကသိုလ်က သမိုင်းဌာန ပါမောက္ခဖြစ်တဲ့ ရှေးဟောင်းသုတေသနပညာရှင် ဟီရမ်ဘင်ဟာစ်ပဲဗျ . . "

ယခု လက်ရှိရောက်နေသော အချိန်ကာလမှ (၁၉၂၀) ခုနှစ်ဖြစ်နေသောကြောင့် လွန်ခဲ့သော (၉)နှစ်ခန့်ကဆိုလျှင် (၁၉၁၁) ခုနှစ်ဝန်းကျင်က ဖြစ်လိမ့်မည်ဟု တွေးမိသည်။

"ဆက်ပြောပါဦးဗျ"

"ပါမောက္ခဟီရမ်ဘင်ဟာစ်က (၁၉၁၁)ခုနှစ်လောက်က အင်ကာလူမျိုးတို့ရဲ့ ရှေးဟောင်းမြို့တော်ကြီးဖြစ်တဲ့ 'မာချူးပစ်ချူး' ကိုရှာဖွေခဲ့တယ်"

"ဘယ်နေရာမှာ တွေ့တာတဲ့လဲ"

"ပီရူးနိုင်ငံရဲ့ နာမည်ကျော် အင်ဒီးစ်တောင်တန်းကြီးပေါ်မှာ ရှာတွေ့တာဗျ"

"စိတ်ဝင်စားစရာပဲ . . ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ကျုပ်လည်း စိတ်ဝင်စားတာနဲ့ ပါမောက္ခ ဟီရမ်ဘင်ဂ်တမ်နဲ့ တကူးတကသွားတွေ့ပြီး သိလိုတဲ့ အကြောင်းတွေကို မေးမြန်းခဲ့ရတာပေါ့"

"သူကရော လိုလိုလားလား ပြောပြရဲ့လား"

"ပြောပြပါတယ်၊ သူက အဲဒီနေရာတစ်ဝိုက်တွေကို အချိန်အတော်ကြာအောင် လှည့်ပတ်လေ့လာခဲ့ဖူးလေတော့ အဲဒီနေရာအကြောင်းတွေကို အတော်ကလေးသိတယ်၊ ကျုပ် သိချင်တဲ့အချက်အလက်တွေကိုလည်း ပြောပြပါတယ်. . ."

ဒေါက်တာကက်ဗွန်က စားပွဲပေါ်တွင် ချထားသော ရှမ်ပိန်ထည့်ထားသည့် ဖန်ခွက်ကိုယူပြီး အနည်းငယ်သောက်လိုက်ပြီးမှ ၄င်းကြိုးစားဆောင်ရွက်ခဲ့သော ရတနာသိုက်ရှာဖွေခြင်းနှင့် ပတ်သက်သည့်အကြောင်းများကို ပြန်ပြောပြလေသည်။

ဒေါက်တာကက်ဗွန်ရစ်တားသည် သမိုင်းပါမောက္ခကြီးထံမှ အင်ကာလူမျိုးတို့၏ နေရာများအကြောင်းကို အတော်များများသိရပြီးသောအခါ အားလုံးစုဆောင်းပြီး ခရီးထွက်လေသည်။

၄င်းသည် ပီရူးနိုင်ငံသို့အရောက်သွားပြီး ထိုမှတဆင့် အင်ကာလူမျိုးတို့၏ မြို့တော်ဟောင်းဖြစ်ခဲ့ဖူးသော ကပ်စကိုမြို့သို့သွားလေသည်။

(ကပ်စကိုမြို့မှာ ယခု ဒေါက်တာမင်းထင်ကျော် ရောက်ရှိနေသည့်မြို့ ဖြစ်သည်။)

ထိုမြို့မှတဆင့် မြောက်ဘက်သို့သွားသောလမ်းများအ





တိုင်း ရက်အတော်ကြာအောင် ခရီးဆက်ခဲ့လေသည်။ နောက်ဆုံးတော့ အစဉ်သဖြင့် ဆီးနှင်းများဖုံးလွှမ်းနေသော အင်ဒီးစ်တောင်တန်းပေါ်သို့ ရောက်ခဲ့လေသည်။

ဒေါက်တာကက်ဗွန်ရစ်တားထံတွင် အင်ကာလူမျိုးတို့နှင့်ပတ်သက်သည့် မှတ်တမ်းများ၊ ကြိုးထုံးကလေးများ၏ သင်္ကေတများ၊ ဒေသခံတို့၏ ဘာသာစကားနှင့် ပတ်သက်သည့် အချက်အလက်များလည်းပါလာသည်။

သူသည် အင်ကာလူမျိုးတို့ စာရေးနည်းဖြစ်သော ကြိုးထုံးကလေးများ၏ အဓိပ္ပာယ်ကို နားလည်သဘောပေါက်စေရန်အတွက်လည်းကောင်း၊ ဒေသခံတို့၏ ဘာသာစကားများကို နားလည်နိုင်အောင်လည်း ကြိုတင်ပြင်ဆင်ခဲ့လေသည်။

၄င်းထံတွင်ပါသော မှတ်တမ်းများထဲတွင် အင်ကာဘုရင်က စပိန်တို့လက်သို့ရောက်ပြီး အကျဉ်းသားဘဝရောက်နေချိန်မှာ တောတွင်း၌ကျန်ခဲ့သော သူ့လူများထံသို့ ရွှေကြိုးကိုပို့၍ မှာကြားသောအချက်အလက်များလည်း ပါလေသည်။

ရွှေကြိုးအထုံး (၁၃)ထုံးကို အဓိပ္ပာယ်ပြန်ဆိုကြည့်သောအခါ အင်ကာတို့၏ ရတနာသိုက်ကြီးမှာ အယ်လ်ဆန်ဂေးမီးတောင်ကြီးအနီးတစ်ဝိုက်တွင် ရှိရမည်ဆိုသော အချက်ကို သိရလေသည်။

ထို့ကြောင့် ဒေါက်တာကက်ဗွန်သည် အယ်လ်ဆန်ဂေးမီးတောင်ကြီးရှိသောနေရာသို့ ဦးတည်ပြီး ခရီးဆက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းတစ်လျှောက်လုံးမှာ အခက်အခဲမျိုးစုံတို့နှင့် ကြုံတွေ့ရလေ သည်။

သူသွားသောခရီးစဉ်တစ်လျှောက်တွင် ရွာမဆိုထားနှင့် အိမ်ခြေတစ်လုံးတလေမှပင် မတွေ့ရသဖြင့် ယူဆောင်လာသော အစားအသောက်တို့ကို ခြွေတာပြီး စားသောက်သွားရလေ သည်။

လမ်းခရီးတွင် တောတိရစ္ဆာန်များ အန္တရာယ်ကိုလည်း သေနတ်ဖြင့် သုတ်သင်ရှင်းလင်းသွားရသည်။ အချို့ မြစ်မှ ချောင်းများထဲတွင် သာမန်မိကျောင်းမဟုတ်ပဲ တစ်ကိုယ်လုံး န မှောင်နေသော မိကျောင်းများကိုတွေ့ရသည်။ မိကျောင်းန များပင်ဖြစ်၏။

လူသားစားကျားကြီးများ၊ သစ်ကျွတ်များ၊ အင်နာတွ ဒါမြွေကြီးများ၊ မျောက်ဝံ၊ လူဝံများအပြင် တောနက်ကြီးများ တွင် အဝတ်အစားမပါပဲ တစ်ကိုယ်လုံးနီရဲနေသော လူသား သည့် လူနီရိုင်းအချို့နှင့်လည်း တွေ့ခဲ့ရသည်။

သို့သော် ကံအားလျော်စွာ အသက်ဘေးအန္တရာယ် မှ လွတ်မြောက်ခဲ့ရသည်။

ထိုနေရာရောက်တော့ ဒေါက်တာမင်းထင်ကျော် သောက်လက်စဖန်ခွက်ကို ပြန်ချပြီး မေးလိုက်သည်။

"အဲဒီလောက်အန္တရာယ်များတဲ့ ခရီးမျိုးသွားတာ ကျင်တဲ့ဒေသခံလမ်းပြတွေ ခေါ်မသွားဘူးလား"





"ကျုပ်လည်း ခေါ်သွားဖို့ ကြိုးစားပါသေးတယ်၊ ဒါပေ ယ့် တခြားနေရာတွေသာ ခေါ်လို့ရချင်ရမယ်၊ အဲဒီဘက်ကို သွားမယ်ဆိုရင်တော့ ဘယ်သူမှမလိုက်ချင်ဘူးဗျ၊ ဒါကြောင့် စ်ကိုယ်တော် စွန့်စားပြီး သွားခဲ့ရတာ. . ."

"ခင်ဗျား အတော်စွန့်စားဝံ့တဲ့သူမျိုးပဲကိုး"

ဒေါက်တာမင်းထင်ကျော်စကားကြောင့် ဒေါက်တာ တ်ဖွန်က တစ်ချက်ပြုံးလိုက်သည်။

"ဒီလောက်လည်း မြှောက်ပြောမနေပါနဲ့ဗျာ၊ ခင်ဗျား ည်း ဒီလိုပဲသွားလာနေတဲ့လူမျိုးမဟုတ်လား"

"ထားပါတော့ဗျာ၊ ဒါနဲ့ စောစောကအကြောင်းကိုပဲ တ်ပြောပါဦး"

ဒေါက်တာကတ်ဖွန်က ပြတ်သွားသောနေရာမှ စကား ဆက်လေသည်။

ထိုကဲ့သို့ တောတောင်အသွယ်သွယ်တို့ကို ကျော်ဖြတ် ားခဲ့ပြီး နောက်ဆုံး လူတစ်ရပ်ခန့်မြင့်သော မြက်ရိုင်းတော ကြီးအတွင်းမှ ဖြတ်သွားရလေသည်။

ထိုတောအတွင်းမှာတော့ သာမန်ထက်ပိုကြီးသော တ်များနှင့် အဆိပ်ပြင်းသော မြွေများရှိနေသောကြောင့် သတိ သွားရလေသည်။

မျက်စိတဆုံးကျယ်လှသော မြက်ရိုင်းတောကြီးမှ ထွက် သောအခါမှာတော့ သူသွားလိုသော အယ်လ်ဆန်ဂေးမီးတောင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို လှမ်းမြင်ရလေတော့သည်။

အဝေးမှလှမ်းကြည့်စဉ်ကပင် ကောင်းကင်သို့ ထိုးတက်လာသော မီးတောက်မီးလျှံများကို လှမ်းမြင်ရသည်။ မီးတောင်ပေါက်ကွဲသံတို့ကလည်း မြေကြီးများက မြေလျှင်လှုပ်သကဲ့သို့ တုန်နေလေသည်။

သို့သော်လည်း ဒေါက်တာကက်ဗွန်မှာ မကြောက်မရွံ့နှင့်ပင် မီးတောင်ကြီးရှိရာသို့ ဦးတည်ပြီး ခရီးဆက်ရာ တောင်ခြေတစ်ဝိုက်သို့ ရောက်သွားခဲ့လေသည်။

အယ်လ်ဆန်ဂေး မီးတောင်ကြီးမှာ အင်ဒီးစ်တောင်တန်းကြီးမှ အရှေ့ဘက်၌ရှိသော အမေဇုံမြစ်ဝှမ်းဘက်သို့ ထိုးထွက်နေသော တောင်ထွတ်တစ်ခုပင်ဖြစ်လေသည်။

ပေပေါင်း (၁၈၀၀၀)ကျော်ခန့်မြင့်ပြီး တောင်ထိပ်ပိုင်းများတွင် ဆီးနှင်းများဖုံးလွှမ်းလျှက်ရှိသည်။

မီးတောင်ထိပ်ဝမှ စီးဆင်းလာသော ချော်ရည်ပူများမှာ တောင်ထိပ်မှ မြစ်ကြီးများကဲ့သို့ တောင်ခြေရောက်သည်အထိ စီးဆင်းနေကြလေသည်။

အဝေးမှကြည့်လျှင် မီးတောက်မီးလျှံများထနေသော စီးကြောင်းများမှာ အနီရောင်မြစ်ကြီးများနှင့် အတော်ပင်တူလှပေသည်။

တောင်အနေအထားမှာ အချို့နေရာများမှ မတ်စောက်ပြီး အချို့နေရာများမှာတော့ အပူပိုင်းဇုံမှာပေါက်သော သစ်





တောကြီးများရှိသည်။

သစ်တောများပေါက်နေသောဘက်မှာ မီးတောင်မှ ချော်ရည်ပူများ မကျသောဘက်ဖြစ်သည်။ ကျန်မျက်နှာစာသုံးဘက်မှာတော့ မီးတောင်မှ ချော်ရည်ပူများ စီးဆင်းကျနေကြလေသည်။ အချို့နေရာများမှာ မီးတောင်မှ မှုတ်ထုတ်လိုက်သည့် ချော်တုံးကျောက်ခဲများနှင့် ပြာမှုန့်များက ထုထည်ကြီးမားစွာ ရှိနေကြသည်။

မီးတောင်တစ်ဝိုက်မှာ နက်ရှိုင်းသော ချောက်ကြီးများရှိသည်။ ထိုချောက်ကြီးများထဲမှ တစ်ခုသော ချောက်အတွင်းမှာတော့ အင်ကာလူမျိုးတို့ မြှုပ်နှံခဲ့သော ရတနာသိုက်ကြီးရှိနေပေလိမ့်မည်။

သို့သော်လည်း ချောက်များအတွင်းသို့ ချော်ရည်များကျနေခြင်း၊ ဆီးနှင်းများအရည်ပျော်ကျနေခြင်း၊ မိုးရွာသောအခါ ရေများကျနေခြင်းများကြောင့် အောက်ခြေသို့ မမြင်ရပဲ ရေခဲကြီးများသွယ် မြစ်ချောင်းများသဖွယ်သာ တွေ့မြင်ရသည်။

အချို့နေရာများတွင် ရေများလျှံထွက်ပြီး စီးဆင်းနေသော ရေတံခွန်ကြီးများသဖွယ် ဖြစ်နေတော့သည်။ ထိုနေရာမှပေါ်ထွက်နေသော ရေစီးသံများမှာ မီးတောင်ပေါက်ကွဲသံများနှင့် ရောယှက် ဖြစ်နေလေသည်။

ထိုနေရာသို့ရောက်သောအခါ ဒေါက်တာကက်ဗွန်သည် တောင်ပေါ်သို့တက်ရန် မီးတောင်ပေါက်ကွဲမှု အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



ကိုလှေလာကြည့်သောအခါ အဆက်မပြတ်ပေါက်ကွဲနေခြင်းမျ
မဟုတ်ပဲ လေးငါးနာရီခြားပြီးမှတစ်ကြိမ် ပေါက်ကွဲသည်ကို သ
ပြုမိလေသည်။

သို့ကြောင့် တောင်ပေါ် တက်ပြီး အခြေအနေကြည့်
စိတ်ကူးမိလေသည်။ နာရီအနည်းငယ်ကြာတော့ မီးတော
ပေါက်ကွဲမှုများ ရပ်တံ့သွားသောကြောင့် အရဲစွန့်ပြီး တောင်ပေါ်
တက်ကြည့်လေသည်။

တောင်ပေါ်မှာလည်း ချောက်ကြီးများရှိနေသည်။ အ
ချောက်များမှာ ချော်ရည်ပူများရှိနေသော်လည်း အချို့ချော
များမှာတော့ ကျောက်တုံးကျောက်ခဲများနှင့် ပြာများသာ
ခဲ့ရသည်။

သို့သော် သူ့အနေနှင့် တစ်ယောက်တည်း ဖြစ်နေသော
ကြောင့် တောင်ထိပ်ရောက်သည်အထိတော့ မတက်ရောက်
ခဲ့ပေ. . .။

နောက်တော့ ကျန်းမာရေးက ချို့တဲ့လာသည့်အ
ကြောင်း၊ ပါလာသောရိက္ခာကလည်း အတော်ပင်နည်းလာပြီ
သောကြောင့် နောက်ကြောင်းသို့ ပြန်လှည့်ခဲ့ရလေသည်။

ဒေါက်တာကက်ဗွန်သည် မူလလာသောလမ်းမှမ
ဘဲ အခြားသင့်တော်သောလမ်းမှ တောင်ခြေရောက်အော
ဆင်းလာခဲ့ရာ တောင်ခြေတစ်နေရာရောက်တော့ လူရိုင်းမျ
သောနေရာသို့ ရောက်သွားလေသည်။





လူသားစားသောလူရိုင်းများ မဟုတ်ကြစေကာမူ တောထဲ၌နေကြသည့် တိရစ္ဆာန်များနှင့်မခြား အဝတ်အစား လုံးဝဝတ်ပဲ သဘာဝအတိုင်းနေကြသည့် လူရိုင်းများပင်ဖြစ်ကြသည်။

ထိုရွာရောက်သည်နှင့် အဖျားရောဂါကဝင်ရောက်လာသောကြောင့် ခရီးမဆက်နိုင်သေးပဲ ထိုရွာမှာပင် ဝင်နားရလေသည်။ ဒေါက်တာကက်ဗွန်မှာ လူရိုင်းဘာသာစကားကို အတန်အသင့်နားလည်ပြီး ပြောဆိုနိုင်ခြင်းကပင် ၎င်းအတွက် ကံကောင်းထောက်မစေသော အချက်ဖြစ်ပေသည်။

ခရီးပင်ပန်းလာသောဒဏ်ကြောင့် တစ်ပတ်လောက်ဖျားနာသောရောဂါကို ခံစားရလေသည်။ ထိုသို့နေမကောင်းသောအချိန်တွင် အမီနာ ဟုအမည်ပြောပြသော လူရိုင်းမလေးတစ်ယောက်က ၎င်းကိုပြုစုပေးလေသည်။

အသက်(၂၀)ကျော်လောက်သာရှိသေးပြီး အသားကညိုစိမ့်စိမ့်နှင့် မျက်နှာပေါက်လည်း မဆိုးလှပေ။

ထို့ပြင် ကိုယ်ပေါ်တွင် အဝတ်အစားလုံးဝ မဝတ်သောကြောင့် သူမ၏အလှအပများကို တွေ့မြင်ရလေသည်။

အမီနာက ပြုစုပေးသောကြောင့် ရောဂါသက်သာလာသောအချိန်တွင် သူမကမေးသည်။

“ဒီနေရာကို ဘာလာလုပ်တာလဲ”

“မီးတောင်ကြီးကိုကြည့်ချင်လို့ လာတာပါ”



www.burmeseclassic.com

www.burmeseclassic.com



"မီးတောင်ဆီကိုသွားတဲ့လူတိုင်း ပြန်လာလို့မရပဲ သေကြရတယ်"

"နင်ရောက်ဖူးသလား"

သူမက ခေါင်းညိတ်ပြသည်။

"ငါ မကြာခဏသွားဖူးတယ်"

"အဲဒီနေရာသွားတော့ ဘာတွေတွေ့သလဲ"

ထိုသို့မေးသောအခါ သူမသိမ်းထားသော ပစ္စည်းများထဲမှ အရုပ်တစ်ရုပ်ကို ထုတ်ပြလေသည်။

ဒေါက်တာကက်ဗွန်က အသေအချာကြည့်သောအခါ ရှေးခေတ်လက်ရာဖြင့် ပြုလုပ်ထားသော ရွှေရုပ်တုဖြစ်နေကြောင်း သိရသောကြောင့် ဝမ်းသာသွားလေသည်။

"အဲဒီအရုပ်တွေ့တဲ့နေရာကို နင်မှတ်မိလား"

သူမက ခေါင်းညိတ်ပြသည်။

"ငါသွားချင်တယ် လိုက်ပြပါလား"

ခေါင်းခါပြသည်။

"ငါကြောက်တယ်၊ မီးနတ်မင်းက မကျေနပ်ရင် ချော်ရည်ပူတွေနဲ့ ဖုံးပစ်တတ်တယ်"

"ငါပါရင် ဘာမှမဖြစ်စေရပါဘူး၊ အဲဒီနေရာ မရောက်ရင်တောင် အဝေးဝေးက လှမ်းပြရင် တော်ပါပြီ၊ အဲဒီ ပြပေးရင် ငါ့ဆီက နင်လိုချင်တာပေးမယ်"

ဟုပြောဆိုကာ စည်းရုံးတော့မှ လိုက်ပို့ပေးလေသည်။





သူမလိုက်ပို့ပေးသောလမ်းမှာ မီးတောင်ဝမှ ချော်ရည်ပူများ စီးကျသော နေရာဘက်ပင်ဖြစ်သည်။

သို့သော် မီးတောင်မှ ပေါက်ကွဲခြင်းမရှိသလို၊ ချော်ရည်ပူများလည်း ကျဆင်းနေခြင်းမရှိသေးပေ။

သို့သော် နောက်မှသိရသည်မှာ မီးတောင်ကြီးမှာ လစဉ်ရက်ဆက် ပေါက်ကွဲနေခြင်းမျိုးမဟုတ်ပဲ ကြားထဲမှာရပ်နားနေသော ရက်၊ လ၊ အချိန်တို့ရှိသည်ကို ဒေသခံများက သိကြသည်ဆိုသောအချက်ပင် ဖြစ်ပေသည်။

အမီနာက မီးတောင်ပေါက်ကွဲမှု ရပ်တန့်နေသော အချိန်ကိုစောင့်ပြီး လိုက်ပို့ပေးခြင်းဖြစ်သည်။

သို့သော်လည်း ဒေါက်တာတက်ဗွန်ရစ်တား တစ်ယောက် ရည်ရွယ်ချက်ပြည့်မြောက်အောင်တော့ ဆောင်ရွက်ခွင့်ရခဲ့ပေ။

အမီနာက ရုပ်တုတွေ့သောနေရာကို အဝေးဝေးမှ လှမ်းညွှန်ပြပြီး နောက်ကြောင်းသို့ ပြန်ပြေးသွားသောကြောင့်ဖြစ်သည်။

"အမှန်တော့ တောင်ခြေမှာနေကြတဲ့ လူရိုင်းတွေက မီးတောင်ပေါက်တော့မယ့်အချိန်နဲ့ မပေါက်မယ့်အချိန်တွေကို သိကြတယ်ဗျ၊ သူထွက်ပြေးတာ တခြားကြောင့်မဟုတ်ဘူး၊ မီးတောင်ပေါက်ကွဲတော့မှာကို သိလို့ပဲဗျ"

ဒေါက်တာကက်မွန်ရစ်တားက စကားကို အဆုံးသတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။ ဒေါက်တာမင်းထင်ကျော်မှာ များစွာစိတ်ဝင်စားမှုရှိသောကြောင့် ထပ်မေးလိုက်သည်။

"ဒါဖြင့် ခင်ဗျား မီးတောင်ပေါက်ကွဲတာနဲ့ ကြုံတွေ့ခဲ့ရတာပေါ့ဟုတ်လား"

"အမှန်ပေါ့ဗျာ. .၊ ရောက်နေတဲ့အချိန်မှာပဲ မီးတောင်ပေါက်ကွဲသံတွေကြားလို့ ရတာလေးတွေယူပြီး အသက်လုပြေးခဲ့ရတယ်ဆိုပါတော့"

"ဒါထက်. . ခင်ဗျားကို ဟိုလူရိုင်းမလေးပေးလိုက်တဲ့ ရုပ်တုရော ပါလာခဲ့တယ်မဟုတ်လား"

"ဒါကတော့ မရရအောင်သယ်လာလို့ ပါလာပါတယ်၊ ဒီရုပ်တုက အခြားမဟုတ်ဘူးဗျာ၊ အင်ကာရတနာသိုက်ကြီးရဲ့ တစ်ခုတည်းသော သဲလွန်စပဲလေ. . ."

"ဘာပဲဖြစ်ဖြစ် ခင်ဗျားကံကောင်းတယ်လို့ဆိုရမှာပဲ၊ ရုပ်တုရလာခဲ့တာရော အသက်ဘေးအန္တရာယ်က လွတ်မြောက်ခွင့်ရခဲ့တာကိုရောပေါ့"

"ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ မကျေနပ်နိုင်သေးဘူး နေရာလည်းသိရပြီး လမ်းလည်းသိရပြီဆိုတော့ အဲဒီနေရာကို တစ်ခေါက်ပြန်သွားချင်သေးတယ်"

ဒေါက်တာကက်ဗွန်က သောက်လက်စ ဖန်ခွက်ကို ပြန်ချထားလိုက်သည်။

"ခင်ဗျားနဲ့အခုလိုတွေ့ရတာ ကျုပ်အဖို့တော့ ကံကောင်း





တယ်လို့ ဆိုရမှာပဲ၊ ခင်ဗျားလည်း ဒီအလုပ်မျိုးတွေ စိတ်ဝင်စားတဲ့သူဆိုတော့ ကျုပ်နဲ့ လက်တွဲပြီး အဲဒီနေရာကို တစ်ခေါက်ပြန်သွားရရင် မကောင်းဘူးလား"

ဒေါက်တာမင်းထင်ကျော်က အတန်ကြာအောင် စဉ်းစားနေပြီးမှ ခေါင်းညိတ်ပြလိုက်သည်။

"ခင်ဗျားတောင် တစ်ခေါက်ရောက်ခဲ့ပြီးမှတော့ သွားကြတာပေါ့။ ဒါပေမယ့် ကျွန်တော်တို့နှစ်ယောက်တည်းတော့ သွားဖို့မသင့်ဘူးဗျ"

"ဒီအတွက်တော့ စိတ်မပူပါနဲ့၊ ခင်ဗျားလိုက်မယ်ဆိုရင် ကျန်တာတွေကို ကျုပ်တာဝန်ယူပြီး စီစဉ်ပါ့မယ်"

ဟုပြောလေသည်။


အထက်ပါအကြောင်းများမှာ ဒေါက်တာကက်ဗွန်ရစ်တားနှင့် တွေ့ခဲ့ရသောအကြောင်းများ ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း [၅]

## တချူးဝစ်ချူးသို့ ခရီးစတင်ခြင်း

ဒေါက်တာမင်းထင်ကျော်နှင့် ဒေါက်တာကတ်ဗွန်ရစ်ားတို့သည် မြူနစ်မြို့တွင် ဆုံတွေ့ခဲ့ကြပြီးနောက်တွင် အင်ကာရတနာသိုက်ကြီးကို ထပ်မံရှာဖွေရန်အတွက် ခရီးထွက်ရန် ပြင်ဆင်ကြသည်။

ခရီးထွက်ကြမည့် အစီအစဉ်များကိုတော့ ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



ကက်ဗွန်က အစစအရာရာ တာဝန်ယူပြီး စီစဉ်ဆောင်ရွက်ပေးလေသည်။ ၎င်းနှင့်အတူ စိတ်တူကိုယ်တူ ဝါသနာတူသူများကိုလည်း တစ်ပါတည်းခေါ်ဆောင်လာလေသည်။

၎င်းတို့မှာ . . .

ကယ်နက်ဒီ၊ ဂျိုးဇက်၊ မာရီယာ တို့သုံးယောက်ဖြစ်သည်။ ဒေါက်တာမင်းထင်ကျော်နှင့် မိတ်ဆက်ပေးသောအခါ ၎င်းတို့အကြောင်းများသိရသည်။

ကယ်နက်ဒီမှာ အသက်ငါးဆယ်ကျော်ခန့်ရှိပြီး ရှေးဟောင်းသုတေသန ပညာရှင်တစ်ဦးဖြစ်သည်။ ကမ္ဘာကျော် မဂ္ဂဇင်းများတွင် ပျောက်ကွယ်နေသော ရှေးဟောင်းယဉ်ကျေးမှုများအကြောင်းကို ဆောင်းပါးများ ရေးသားဖော်ပြလျက်ရှိရာ လူသိများသော ပညာရှင်တစ်ဦးဖြစ်သည်။ သူသည် တက္ကသိုလ်တစ်ခုတွင် ပါမောက္ခတာဝန်ကို ထမ်းဆောင်နေသူလည်းဖြစ်သည်။

၎င်းနှင့်ပါလာသော ဂျိုးဇက်မှာ လက်ထောက်တစ်ဦးဖြစ်ပြီး အသက်(၃၀)ခန့်သာရှိသေးသည်။

မာရီယာကတော့ အသက်(၂၅)နှစ်ခန့်သာရှိသေးပြီး ကယ်နက်ဒီနှင့် သွေးသားတော်စပ်သူတစ်ဦးဖြစ်သည်။ ရုပ်ရည်ချောမောလှပသော်လည်း စွန့်စွန့်စားစား သွားလာမှုများကို ဝါသနာပါသောကြောင့် ဦးကြီးတော်စပ်သူ ကယ်နက်ဒီထံတွင် ဝင်ရောက်အလုပ်လုပ်နေသူဖြစ်သည်။





"သူ့နာမည်က ဒေါက်တာမင်းထင်ကျော်ပါ။ ဗမာလူမျိုးတစ်ယောက်ဖြစ်ပြီး၊ ရှေးဟောင်းသုတေသနလုပ်ငန်းတွေကို စွန့်စွန့်စားစားလုပ်ကိုင်နေတဲ့ ပညာရှင်တစ်ယောက်ဖြစ်ပါတယ်"

ဒေါက်တာကက်ဗွန်က မိတ်ဆက်ပေးသည်။

ထိုအခါ ပါမောက္ခကယ်နက်ဒီက . . .

"အခုလို ဝါသနာတူတဲ့လူမျိုးနဲ့ တွေ့ရတာဝမ်းသာပါတယ်၊ ခင်ဗျားလိုလူမျိုးနဲ့ လက်တွဲပြီး လုပ်ခွင့်ရတာကိုလည်း အများကြီး ဂုဏ်ယူပါတယ်"

ဟုပြောကာ လက်ဆွဲနှုတ်ဆက်လေသည်။

ထို့နောက် အချင်းချင်း မိတ်ဆက်ပေးပြီးသောအခါ ခရီးထွက်ကြမည့်အကြောင်းများကို တိုင်ပင်ဆွေးနွေးကြသည်။

ထိုခရီးလမ်းများကို သွားလာဖူးခဲ့သော ဒေါက်တာကက်ဗွန်ကပင် ပြောပြသည်။

"ကျွန်တော်တို့ မာချူးပစ်ချူးကို ရောက်အောင်သွားကြရမယ်၊ မာချူးပစ်ချူးက အင်ဒီးစ်တောင်တန်းပေါ်မှာရှိတယ်၊ အင်ကာတွေရဲ့ မြို့တော်ဟောင်းကြီးပေါ့"

"ဒီမြို့ဟောင်းကြီးက ရှာတွေ့တာမကြာသေးဘူးမဟုတ်လား (၁၉၁၁) ခုနှစ်လောက်ကမှ ယေးတက္ကသိုလ်က သမိုင်းပါမောက္ခတစ်ယောက် ရှာဖွေတွေ့ခဲ့တာမဟုတ်လား"

"မှန်ပါတယ်၊ သူ့နာမည်က ဟီရမ်ဘင်ဟမ်ဖြစ်ပါတယ်၊ ကျွန်တော် သူနဲ့တွေ့ပြီးပါပြီ၊ သူက မှတ်တမ်းမှတ်ရာတွေလည်း



www.burmeseclassic.com

www.burmeseclassic.com



ပေးထားပါတယ်"

ဟုပြောကာ ဒေါက်တာကက်ဗွန်က ၎င်းသိမ်းထားသော မှတ်တမ်းများကို ချပေးသဖြင့် ကြည့်ရှုကြရသည်။ ထိုမှတ်တမ်းမှာ ဟီရမ်ဘင်ဟမ်ရှာဖွေခဲ့သောအကြောင်းကို မှတ်တမ်းအဖြစ် ရေးသားထားခြင်းဖြစ်ပေသည်။

ပီရူးနိုင်ငံ၊ အင်ဒီး(စ)(Andes) တောင်တန်းပေါ်ရှိ အင်ကာ(Inca) လူမျိုးတို့၏မြို့တော် "မချူးပစ်ချူး" (Machu Picchu)သည် နှစ်ပေါင်း (၃၀၀)ကျော် ပျောက်ကွယ်နေခဲ့ပြီး ကမ္ဘာကြီးနှင့် မျက်ခြည်ပြတ်ခဲ့သည်။

(၁၉၁၁)ခုနှစ်တွင် ယေးတက္ကသိုလ်သမိုင်းဌာနမှ ပါမောက္ခဖြစ်သူ ရှေးဟောင်းသုတေသနပညာရှင် ဟီရမ်ဘင်ဟမ် (Hiram Bingham)က ပြန်လည်တွေ့ရှိခဲ့ပြီး ကမ္ဘာသို့ ထုတ်ဖော်ပြနိုင်ခဲ့သည်။

သို့ဖြစ်၍ ပျောက်ဆုံးခဲ့သော ကမ္ဘာအံ့ဖွယ်မြို့တော်ကြီး မာချူးပစ်ချူးအကြောင်းကို ဖော်ပြပါမည်။

## အင်ကာတို့၏ မြို့တော်ကြီးကို ပြန်တွေ့ပြီ

ပီရူးနိုင်ငံအင်ဒီး(စ) (Andes) တောင်တန်းပေါ်ရှိ အင်ကာ (Inca) လူမျိုးတို့၏မြို့တော် "မာချူးပစ်ချူး" (Machu Picchu) သည် နှစ်ပေါင်း(၃၀၀)ကျော် ပျောက်ကွယ်နေခဲ့ပြီး ကမ္ဘာကြီးနှင့် မျက်ခြည်ပြတ်ခဲ့သည်။





(၁၉၁၁)ခုနှစ်တွင် ယေးတက္ကသိုလ်သမိုင်းဌာနမှ ပါမောက္ခဖြစ်သူ ရှေးဟောင်းသုတေသနပညာရှင် ဟီရမ်ဘင်ဟမ် (Hiram Bingham) က ပြန်လည်တွေ့ရှိခဲ့ပြီး ကမ္ဘာသို့ ထုတ်ဖော်ပြနိုင်ခဲ့သည်။

## မာချူးပစ်ချူးတည်နေရာ

အင်ကာတို့၏ မြို့တော်ကြီးသည် ပီရူးနိုင်ငံရှိ ယူဘမ်ဘာ (Urubamba)တောင်ကြားမှ (၂၄၃၀-မီတာ)(၇၉၇၈-ပေ) မြင့်သော အင်ဒီး(စ)(Andes) တောင်တန်းပေါ်ရှိ မာချူးပစ်ချူး (Machu Picchu) တောင်ထွတ်ဖျားပေါ်တွင် တည်ရှိပြီး (၅) စတုရန်းမိုင် ကျယ်ဝန်းသည်။

မြို့တော်၏ နောက်ကျောဘက်တွင်ရှိသော တောင်ခေါင်းမိုးကြီးသည် မိုးကောင်းကင်သို့ မော်ကြည့်နေသော အင်ကာတစ်ယောက်၏ မျက်နှာနှင့်တူ၏။

ဘေးတွင်ရှိသော ဟူရန်ပစ်ချူး (Huayan Picchu) တောင်ထွတ်ကြီးသည် အင်ဒီး(စ)တောင်တန်း (Andes)ပေါ်တွင် အကြီးဆုံးတောင်ထွတ်ကြီးဖြစ်ပြီး မာချူးပစ်ချူး၏ နှာခေါင်းထိပ်မှာ တင်စားခေါ်ဝေါ်ကြသည်။

တောင်ခြေတွင် ယူဘမ်ဘာ (Urubamba) မြစ်ကြီး စီးဆင်းနေသည်။ မြို့တော်ကြီးကို တောင်အောက်မှ ကြည့်လျှင် မည်သို့မျှ မမြင်နိုင်ချေ။



www.burmeseclassic.com

www.burmeseclassic.com



## အင်ကာတို့၏ အံ့မခန်းဗိသုကာလက်ရာများ

(၁၄၅၀)ပြည့်နှစ်ခန့်က အင်ကာလူမျိုးတို့သည် သူတို့၏ ဧကရာဇ်ဘုရင် ပါချာကျူတီ(Pachacuti)အတွက် မြို့တော် တည်ဆောက်ပေးရန် ဤနေရာကို အကြိမ်ကြိမ် လေ့လာသုံးသပ်စဉ်းစားပြီးမှ ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။

ရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားသည့် အချက်များကို ဖော်ပြပါမည်။

- ဤနေရာသည် ရန်သူများ အလွယ်တကူ မမြင်နိုင်ခြင်း၊
- ဤနေရာတွင် နေထိုင်သူများအတွက် တစ်နှစ်ပတ်လုံး သောက်ရေသုံးရေနှင့် စိုက်ပျိုးရေများ ရနိုင်ခြင်း၊
- ဤနေရာတွင် နေထိုင်သူများစားသုံးရန်အတွက် စိုက်ပျိုးမြေများကို ဖန်တီးယူနိုင်သော နေရာဖြစ်ခြင်း၊

စသည့် အင်္ဂါရပ်များနှင့် ပြည့်စုံသောကြောင့် ရွေးချယ်ပြီး မြို့တော်တည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။

မြို့၏ ဧရိယာ(၅၀)ရာခိုင်နှုန်းသည် တောင်စောင်းများဖြစ်သည်။ မာချူးပစ်ချူး(Machu Picchu) နယ်မြေကို စိုက်ပျိုးရေးနယ်မြေအပိုင်းနှင့် လူနေမြို့ပြအပိုင်းဟူ၍ နှစ်ပိုင်းခွဲခြားကာ တည်ဆောက်ထားသည်။





လူနေမြို့ပြအပိုင်းကို အပိုင်းငယ်နယ်မြေ သုံးပိုင်းခွဲ၍ တည်ဆောက်ထားပြန်သည်။

(၁) အထွတ်အမြတ်ထားသော နေရာဒေသအပိုင်း
(၂) သာမန်လူများနေထိုင်ရန် ဒေသအပိုင်း
(၃) ဘုန်းကြီးများနှင့် မြင့်မြတ်ပုဂ္ဂိုလ်များနေထိုင်ရန် ဒေသအပိုင်း . . ဟူ၍ဖြစ်သည်။

အထွတ်အမြတ်ထားသော နေရာဒေသအပိုင်းတွင် အင်ကာတို့၏ နက္ခတ်နာရီကျောက်တိုင်၊ နေမင်း၏ ကျောင်းဆောင်နှင့် ပြတင်းသုံးပေါက်ခန်းမဆောင်တို့ကို တည်ဆောက်ပေးထားသည်။

သာမန်လူများနေထိုင်ရန် ဒေသအပိုင်းတွင် အောက်ခြေလူတန်းစားများနေထိုင်ရန် အဆောက်အအုံများ တည်ဆောက်ပေးထားသည်။

ဘုန်းကြီးများနှင့် မြင့်မြတ်ပုဂ္ဂိုလ်များနေထိုင်ရန် ဒေသအပိုင်းတွင် နန်းတွင်းတော်ဝင်လူတန်းစားများ နေထိုင်ရန် အဆောက်အအုံများ တည်ဆောက်ပေးထားသည်။

အင်ကာတို့သည် မာချူးပစ်ချူးကို လျှို့ဝှက်သော အခမ်းအနားများ ကျင်းပရာတွင် အသုံးချခဲ့ဟန်ရှိသည်ဟု အချို့က ဆိုကြသည်။

တိမ်ခိုးတိမ်ငွေ့တန်းများအောက်တွင် ဆန်းကြယ်လှပစွာမြင်နေရသော နန်းတော်ဆောင်များ၊ ရေချိုးခန်းများ၊ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



တော်ရာများ၊ သိုလှောင်ခန်းများနှင့် အိမ်ခြေပေါင်း (၁၅၀)ခန့်ကို အမှတ်တရ ထိန်းသိမ်းထားသင့်သော နေရာများဟု သတ်မှတ်ထားပါသည်။

အင်ကာမြို့တော်ရှိ အဆောက်အအုံများကို မီးခိုးရောင်ဂရင်းနိုက်ကျောက်များဖြင့် တည်ဆောက်ထားကြသည်။ ဗိသုကာပညာအပြင် အနုပညာလက်ရာများပါ ရောစပ်၍ ဆောက်လုပ်ထားသောကြောင့် မြင်ရသည်မှ လှပဆန်းကြယ်ခဲ့ညားနေသည်။

သို့ဖြစ်၍ ထိုနေရာကို ကမ္ဘာပေါ်တွင် အဆန်းကြယ်ဆုံးနှင့် အလှပဆုံး ရှေးဟောင်းနေရာများထဲတွင် ပါဝင်သောနေရာတစ်ခုအဖြစ် သတ်မှတ်ထားကြသည်။

အမေရိကန်သုတေသီပညာရှင် ကင်နက်ရိုက် (Kennethr Wright) က (၁၉၉၄)ခုနှစ်မှ စတင်၍ မာချူးပစ်ချူး (Machu Picchu) ကို စူးစမ်းလေ့လာပြီး ခြောက်နှစ်အကြာတွင် သူ၏တွေ့ရှိချက်နှင့် ယူဆချက်များကို ကမ္ဘာသို့ တင်ပြခဲ့ပါသည်။

မြို့တော်ရှိ အဆောက်အအုံများကို တန်(၅၀)ခန့် လေးသော ကျောက်တုံးကြီးများအား ဖြတ်တောက်ထွင်းထု ဆက်စပ်၍ တည်ဆောက်ထားကြသည်။ ထောင့်ချိုးများပြုလုပ်ထားသည်မှာ အလွန်တိကျသေသပ်သောကြောင့် ကျောက်တုံးလွှာနှစ်ခုကြားသို့ ဘလိတ်မားပြားပင် ဝင်အောင်မသွင်းနိုင်ပေ။





အဆောက်အအုံများကို တည်ဆောက်ရာတွင် အင်္ဂတေကဲ့သို့ တစ်ခုနှင့်တစ်ခု ပူးကပ်စွဲမြဲစေသည့်အရာများ လုံးဝမသုံးဘဲ ပုံစံကျဖြတ်တောက်ထားသော ကျောက်တုံးများကို ပူးညှပ်သောနည်းများဖြင့် တည်ဆောက်ထားသည်။

ထိုစဉ်က အင်ကာတို့တွင် သံနှင့်သံမဏိပစ္စည်းများမရှိသောကြောင့် ကျောက်တူနှင့်ကြေးဖြင့်ပြုလုပ်ထားသော စူး၊ ဆောက် ကိရိယာများကို အသုံးပြုလျက် ကျောက်တုံးများကိုလိုအပ်သော ပုံစံများရအောင် ဖြတ်တောက်ထွင်းထုခဲ့ကြသည်။

ကျောက်နံရံအမျိုးအစားပေါင်း (၁၈)မျိုးထက်မနည်းအသုံးပြုခဲ့ကြသည်။ ကျောက်သားဖြင့်ဆောက်လုပ်ထားသောအိမ်များကို မိုးကောင်းသောကြောင့် သက်ငယ်ထူထူ မိုးထားကြသည်။ အင်ကာတို့သည် မြို့တော်ကြီးကို စွန့်ခွာသွားသောအခါ မပြီးပြတ်သေးသော ဆောက်လက်စ အဆောက်အအုံများကျန်ရစ်ခဲ့သည်။

ဖော်ပြပါ သုတေသီပညာရှင် ကင်နက်ရိုက်၏ လေ့လာတွေ့ရှိချက်များကို သုံးသပ်ပြီး အင်ကာလူမျိုးတို့ကို ဆောက်လုပ်ရေးနည်းပညာ၏ အရှင်သခင်များဟု မှတ်တမ်းတင်ခဲ့ကြသည်။

အင်ကာတို့သည် ဘီး (wheel) များကို မည်သည့်အခါမျှ အသုံးမပြုခဲ့ကြချေ။

သူတို့သည် ရောမကျောက်တုံးကြီးများကို တောင်ပေါ်သို့ မည်သည့်နည်းများအသုံးပြု၍ တင်ခဲ့သနည်းဆိုသော မေး



www.burmeseclassic.com

www.burmeseclassic.com



ခွန်းသည် မဲဟောင်ဦးသဖွယ်ဖြစ်နေခဲ့သည်။ ယေဘုယျအားဖြင့် လူသားများစွာ၏ စွမ်းအားများကို အသုံးပြုခဲ့သည်ဟု ယူဆ ထားကြသည်။

အင်ကာတို့၏ ခီးပတ်(စ်) (Khipus)ခေါ် အရေးအ သားကို ယခုထိတိုင် ဘာသာမပြန်နိုင်သေးသောကြောင့် အင် ကာတို့၏ လုပ်ငန်းစဉ်စီမံဆောင်ရွက်ပုံ အထောက်အထားများ ကို တိကျစွာ မသိရှိနိုင်သေးပေ။

သုတေသီပညာရှင် ကင်နက်ရိုက်က အင်ကာယဉ်ကျေး မှုတွင် စာပေအရေးအသားမရှိဟု ယူဆသည်။

## အံ့ဖွယ်တောင်လှေကားထစ်ကြီးများ

အင်ကာမြို့တော်၏ ဧရိယာတစ်ဝက်ခန့်သည် တောင် စောင်းများဖြစ်သည်။ အချို့နေရာတွင် မတ်စောက်ပြီး အချို့နေ ရာတွင် ဆင်ခြေလျှောများဖြစ်သည်။

အင်ကာတို့သည် တိုတောင်ဆောင်းများကို လှေကား ထစ်ကြီးများပုံစံသို့ ပြောင်းလဲပစ်လိုက်ကြသည်။ လှေကားထစ် ကြီးများ၏ နံရံများကို တိကျစွာဖြတ်တောက်ထားသော ကျောက် တုံးများဖြင့် ခိုင်ခံ့စွာတည်ဆောက်ထားသည်။

လှေကားထစ်ကြီးများ၏ အောက်ခြေကို ရေများ မြေ ကြီးထဲသို့ တဖြည်းဖြည်းစိမ့်ဝင်သွားအောင် ကျောက်ခဲများ ခ ဆင့်ဆင့် ခင်းပေးထားသည်။





အပေါ်ယံကို မြေဆီလွှာများဖြည့်စွက်ပြီး စိုက်ခင်းများ အဖြစ် ဖန်တီးပေးထားသည်။ အာလူးနှင့် ပြောင်းကို အဓိကထား စိုက်ပျိုးခဲ့သည်ဟု ပညာရှင်များက ယူဆကြသည်။

ထိုစိုက်ခင်းများမှ ထွက်ရှိသော သီးနှံပမာဏသည် မြို့ နေလူထုအတွက် မဖူလုံ၍ ပြင်ပမှထပ်မံဖြည့်တင်းရလိမ့်မည်ဟု ခန့်မှန်းသည်။ အချို့ပညာရှင်များက ဖူလုံသည်ဟု ခန့်မှန်းယူဆ ကြသည်။

ထိုကျောက်တုံးနံရံလှေကားထစ်ကြီးများသည် စိုက်ခင်း များလည်းဖြစ်၏။ မြို့တော်၏ အောက်ခြေလည်းဖြစ်၏။ မြေပို ကျခြင်းနှင့် ရေတိုက်စားမှုကိုလည်း ကာကွယ်ပေးသည်။ ထို တောင်စောင်းလှေကားထစ်ကြီးများကို ဖြတ်ကျော်လျက် လှေ ကားထစ် လူသွားလမ်းကလေးများကို ကျောက်တုံးများဖြင့် ပြု လုပ်ပေးသွားသည်။

ယခုလက်ရှိ အနေအထားအခြေအနေတွင် ရှိနေသော မြို့တောင်ကြီးကို လေ့လာကြည့်ပါက . . အင်ကာတို့သည် အ ဆောက်အအုံများကို ထာဝရတည်တံ့ခိုင်မြဲစေရန် ရည်ရွယ်၍ အစွမ်းကုန် ကြိုးစားတည်ဆောက်သွားခဲ့ကြောင်းကို သိနိုင်ပါ သည်။

## အင်ကာတို့မြို့တော်ကြီးကို စွန့်ခွာသွားကြခြင်း

အင်ကာတို့သည် မာချူပစ်ချူ(Marchu Picchu)မြို့



www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးကို စွန့်ခွာသွားကြရသည့် အကြောင်းရင်းကို ပညာ
များက ထင်ကြေးအမျိုးမျိုးဖြင့် ဖြေကြားခဲ့ကြသည်။

ထင်မြင်ယူဆချက်တစ်ခုမှာ သောက်သုံးရန်နှင့် စိုက်
ပျိုးရန် ရေများပြတ်လပ်သွားသောကြောင့် စွန့်ခွာသွားခဲ့ရ
ဖြစ်သည်ဟု ဆိုသည်။

ထိုထင်မြင်ယူဆချက်ကို ပညာရှင် ရိုက်က လုံးဝလ
မခံချေ။ သူသည် မြို့တော်၏ တောင်ဘက် (၂၅၀)ကီလိုမီ
ကွာဝေးသော ရေခဲပြင်မှ အတွင်းပိုင်းရေခဲအူတိုင်များကို ထု
ယူ၍ ခွဲခြမ်းစိတ်ဖြာလေ့လာကြည့်ခဲ့သည်။

ရရှိသောအချက်အလက်များကို သုံးသပ်ပြီး အင်
တို့နေထိုင်သွားခဲ့သည့် (၁၄၅၀)ပြည့်နှစ်မှ ခန့်မှန်း(၁၅၄၀)ခု
ထိ ကာလအပိုင်းတွင် ထိုနေရာ၌ တစ်နှစ်လျှင် မိုးရေချိန်(၂၀
မီလီမီတာ့ထက်မနည်း ရွာသွန်းခဲ့ကြောင်း တွက်ချက်ဖော်
နိုင်ခဲ့သည်။

ထို့ကြောင့် မာချူးပစ်ချူးတွင် ရေပြတ်လပ်သောဖြစ်
နှင့် လုံးဝမကြုံခဲ့ကြောင်း အခိုင်အမာ ပြောကြားခဲ့သည်။

နောက်ဆုံးသိရှိရသော အကြောင်းရင်းတစ်ရပ်မှာ
လူမျိုးတို့ ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးသောကြောင့် အင်
တို့သည် မြို့တော်ကြီးကို စွန့်ခွာသွားကြခြင်းဖြစ်သည်။

ထိုမှတ်တမ်းများမှာ ဟီရန်ဘင်ဟမ်နှင့် ပတ်သက်သော
အကြောင်းအရာများနှင့် မာချူးပစ်ချူးမြို့ဟောင်းကြီးနှင့်





သက်သည့် အကြောင်းများပင် ဖြစ်ပေတော့သည်။

မာချူးပစ်ချူး(Machu Picchu)သည် နောက်ပိုင်းကာ
လများတွင် တောင်အမေရိကတွင် အရေးပါသောနေရာတစ်ခု
လည်း ဖြစ်လာခဲ့လေသည်။ သမိုင်းပါမောက္ခ ဟီရန်ဘင်ဟမ်က
(၁၉၁၁)ခုနှစ်တွင် ရှာဖွေတွေ့ခဲ့ပြီးသည့်နောက်ပိုင်း ကမ္ဘာလှည့်
ခရီးသည်များအား ဆွဲဆောင်နိုင်သော နေရာတစ်ခုလည်း ဖြစ်
လာခဲ့ပေသည်။

ထိုနေရာသို့ရောက်အောင်သွားရမည့် ခရီးစဉ်များမှာ
ဦးစွာ ပီရူးနိုင်ငံ လာမာ(Lama)မြို့မှ ပြည်တွင်းလေကြောင်း
လိုင်းဖြင့် ကပ်စကို(Cusco) မြို့သို့သွားရသည်။

သို့မဟုတ် ဘိုလီးဗီးယားနိုင်ငံ လာပက်(Lapaz)မြို့မှ
အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းဖြင့် ကပ်စကိုမြို့သို့ အ
ရောက်သွားနိုင်ပေသည်။

ကပ်စကိုမြို့သို့ရောက်သောအခါ နံနက်ပိုင်းထွက်သော
မီးရထားဖြင့် မာချူးပစ်ချူးသို့ ခရီးဆက်ရသည်။

ကပ်စကိုမှ မာချူးပစ်ချူးရောက်သည်အထိ သုံးနာရီခွဲ
အချိန်ကြာမြင့်လေသည်။

နောက်ပိုင်းတွင် မာချူးပစ်ချူးတွင် တည်းခိုစရာ ဟော်
တယ်အချို့ရှိလာသည်။

စီးပွားရေးလာဘ်မြင်သူတို့က မာချူးပစ်ချူးသို့ ကမ္ဘာ
လှည့်ခရီးသွားဧည့်သည်တို့ လာရောက်မှုများလာသောအခါ



www.burmeseclassic.com

www.burmeseclassic.com



ဟော်တယ်များဆောက်လုပ်ကာ စီးပွားရှာလာကြခြင်းဖြစ်လေသည်။

ကပ်စကိုမြို့ကမှ မာချူးပစ်ချူးရောက်အောင်သွားနိုင်သည့် အခြားလမ်းလည်းရှိပေသေးသည်။

အင်ကာတို့ဖောက်လုပ်ခဲ့သော ခြေလျင်တောင်တက်ခရီးလမ်းများပင်ဖြစ်သည်။ လမ်း၌ ရွက်ဖျင်တဲများထိုး၍ စခန်းချကာ အိပ်ကြရသည်။ (၂)ရက်ကြာသော ခရီးလမ်းရှိသလို (၄)ရက်ကြာသော ခရီးလမ်းလည်းရှိသည်။

တောတောင်သဘာဝရှုခင်းများကို အေးအေးဆေးဆေး လေ့လာလိုသူများက ခြေလျင်တောင်တက်ခရီးလမ်းမှ သွားကြလေသည်။

ကမ္ဘာလှည့်ခရီးသည်များ တည်းခိုရန် ဟော်တယ်အများစုကတော့ ကပ်စကိုစသော မြို့နှင့်နီးသောနေရာတစ်ဝိုက်တွင်သာရှိသည်။

ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့မှာ ကပ်စကိုမြို့မှ ဟော်တယ်တစ်လုံးတွင် ရောက်နေကြခြင်းဖြစ်ပြီး ဒေါက်တာမင်းထင်ကျော်က ၄င်းထံမှရှိနေသော မှတ်တမ်းများကို ဖတ်ရှုရင်း ခရီးထွက်ဖြစ်ခဲ့သောအကြောင်းများကို ပြန်လည်တွေးတောနေခြင်းဖြစ်သည်။





# အခန်း [၆]

# ခရီးထွက်ရန်အတွက် လမ်းပြရှာခြင်း

နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်သောအခါ ဟော်တယ်ဧည့်ခန်းမထဲတွင် အချင်းချင်းဆုံတွေ့ကြပြီး ခရီးဆက်မည့် အစီအစဉ်များကို တိုင်ပင်ဆွေးနွေးကြသည်။

“ကျုပ်တို့က ဇာချူးပစ်ချူးကို သွားကြည့်ပြီး ပြန်လာကြတာမဟုတ်တော့၊ မြန်မြန်ရောက်ဖို့လည်း လိုမယ်မထင်ဘူး”

ဟု ကယ်နက်ဒီက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ် ဆရာကြီး"

"ဒီတော့ မီးရထားနဲ့မသွားပဲ အင်ကာတွေ ဖောက်ခဲ့တဲ့ တောင်တက်ခရီးလမ်းကသွားကြရင် ပိုမကောင်းဘူးလား"

"ကောင်းပါတယ် ဆရာကြီး၊ ဒီလိုသွားမယ်ဆိုရင်တော့ ဒီလမ်းခရီးကို ကျွမ်းကျင်တဲ့ လမ်းပြတစ်ယောက်တော့ ရှာရ ပိုပြီး အဆင်ပြေနိုင်ပါတယ်"

ဒေါက်တာမင်းထင်ကျော် အကြံပေးသည်ကို ကျန်အဖွဲ့ သားများက သဘောတူကြလေသည်။

စားသောက်ပြီး၍ ဒေါက်တာမင်းထင်ကျော် အပြင် ထွက်ကာနီးတော့ မာရီယာကပါ ရောက်လာပြီး ပြောသည်။

"ဒေါက်တာအပြင်သွားရင် ကျွန်မလည်း လိုက်ခဲ့ချင် တယ်၊ မြို့ထဲကို လေ့လာကြည့်ချင်လို့ပါ"

"လိုက်ခဲ့လေ အတူသွားကြတာပေါ့"

ကရိယာမှာ ပေါ့ပါးသော အဝတ်အစားများကိုသာ ဝ ဆင်ထားပြီး ဦးခေါင်းပေါ်၌ ဦးထုပ်တစ်လုံး ဆောင်းထားသည်။

မျက်နှာပေါ်မှာ ပြင်ဆင်ချယ်သမှုများ မလုပ်ထား ကာမူ ပင်ကိုယ်အလှက အထင်းသားပေါ်လွင်လျက်ရှိသည်။

မျက်လုံးမျက်ခုံးကောင်းကောင်း နှာတံပေါ်ပေါ် ဖ သောနှုတ်ခမ်းများက ဆွဲဆောင်မှုရှိသော အလှများဖြစ်ကြေ သက်သေပြနေသကဲ့သို့ ရှိသည်။ သူမ၏ အရပ်အမောင်း လည်း ဒေါက်တာမင်းထင်ကျော်နှင့် မတိမ်းမယိမ်းပင် ရှိသေ





ကြောင့် ရှေ့သွားနောက်လိုက်ညီသော အတွဲဟုပင် ယေဘူယျ ဆုံးဖြတ်ချက်ချနိုင်ပေသည်။

ဟော်တယ်မန်နေဂျာနှင့်တွေ့ပြီး လမ်းပြပေးနိုင်သော လူသစ် တစ်ဦးနှစ်ဦးလောက် အလိုရှိကြောင်း ပြောပြသောအခါ သူက တစ်နေရာသို့ လမ်းညွှန်ပေးသည်။

"ဒီမြို့ထဲမှာတော့ လမ်းပြပေးနိုင်တဲ့ အင်ဒီးယန်းတွေ မရှိကြဘူး၊ ဆရာတို့ လိုချင်ရင်တော့ မြို့စွန်ဘက်မှာရှိတဲ့ ရွာတစ် ရွာကိုသွားမှ ရနိုင်ပါလိမ့်မယ်"

ဟော်တယ်မန်နေဂျာက အင်ဒီးယန်းသွေးပါသူ တစ် ယောက်ဖြစ်သော်လည်း ယဉ်ကျေးသွက်လက်စွာနှင့်ပင် ပြန်လည် ဖြေကြားပေးသည်။

"အဲဒီနေရာကို ဘယ်လိုရောက်အောင် သွားရမလဲ"

"ဆရာတို့သွားဝယ်ဆိုရင် . . အဲဒီနေရာတွေကိုသိတဲ့ တက္ကစီတစ်စီး ငှားပေးပါ့မယ်၊ တက္ကစီသမားက လမ်းပြကောင်း ကောင်းတွေကို သိပါတယ်"

"ကောင်းပြီ . . ခေါ်ပေးပါ"

ထိုသို့ပြောသဖြင့် ဟော်တယ်မန်နေဂျာက အလုပ်သ မားတစ်ယောက်ကိုစေလွှတ်ပြီး တက္ကစီအား အခေါ်ခိုင်းလိုက် သောအခါကြာတော့ ဟော်တယ်ရှေ့သို့ တက္ကစီတစ်စင်း ရောက် ရှိလာလေတော့သည်။

သို့ကြောင့် နှစ်ယောက်သား ထိုတက္ကစီဖြင့် မြို့တွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့ကြလေသည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ မာရီယာနှင့် နှစ်ယောက်တည်း သွားလာနေရသည်ကို ဟန်နီးမွန်းခရီး ထွက်လာသကဲ့သို့ ထင်နေမိသည်။

အချိန်ကာလမှာ (၁၉၂၀)ခုနှစ်ဝန်းကျင်ကာလဖြစ်သောကြောင့် ကပ်စကိုမြို့၏ အခြေအနေမှာ သာမန်အခြေအနေမျိုးသာ ရှိနေသေးသည်။ ယခု မျက်မှောက်ကာလ အခြေအနေမျိုး မဟုတ်ပဲ မြို့အနေအထားမှာ သာမန်မြို့ငယ်ကလေးမျှလောက်သာ ရှိပေသေးသည်။

ယခု မျက်မှောက်ကာလတွင် ပီရူးနိုင်ငံ၏ မြို့တော်ကြီးဖြစ်သော လီမာ၌ လူဦးရေ(၂၈)သန်းကျော် ရှိနေသော ပီရူးနိုင်ငံ၏မြို့တော် လီမာပင်လျှင် (၁၉၂၀)လောက်က သာမန်မြို့ငယ်ကလေး အနေအထားလောက်သာ ရှိနေသေး၏။

ကပ်စကိုမြို့တွင်းမှာ အင်ဒီးယန်းလူမျိုး အတော်များများ နေထိုင်သည်ကို တွေ့ရသည်။

ဒေါက်တာမင်းထင်ကျော်က ပြောပြထားသောကြောင်း ကားသမားက မြို့တွင်း ထင်ရှားသောနေရာများမှ ကားကိုပင် မောင်းပြသပြီးမှ မြို့ပြင်ဘက်သို့ ထွက်လေသည်။

မြို့စွန်ဘက်မှာတော့ အင်ဒီးယန်းလူမျိုး အများစု နေထိုင်ကြသည့် ရွာငယ်ကလေးများရှိရာ တစ်နေရာရောက်သော လမ်းဘေးတစ်နေရာတွင် ဖွင့်ထားသော စားသောက်ဆိုင်တစ်





ဆိုင်တွင် ကားကိုဝင်ရပ်လေသည်။

သစ်ပင်ရိပ်များအောက်မှာ ဖွင့်ထားသော ဆိုင်ဖြစ်ပြီး ဒေသခံ အစားအသောက်များ ရောင်းချလေသည်။

“ကျွန်တော် ရွာထဲသွားပြီး ဆရာတို့အတွက် လမ်းပြပေးနိုင်တဲ့သူ ကောင်းကောင်းရှာပြီး ခေါ်လာခဲ့ပါ့မယ်၊ ဆရာတို့က ဒီမှာပဲစောင့်နေပါ”

ဟုပြောပြီး ကားကိုထားခဲ့ပြီး လမ်းလျှောက်ကာ ရွာတွင်းသို့ ဝင်သွားလေတော့သည်။

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်နှင့် မာရီယန်တို့သည် သစ်ပင်ရိပ်မှာ ချထားသော စားပွဲတစ်လုံးမှာ ဝင်ထိုင်ပြီး ကော်ဖီနှစ်ခွက် မှာလိုက်သည်။

ဒေသထွက် ကော်ဖီစစ်စစ်ဖြင့် ဖျော်ထားသော ကော်ဖီအရသာမှာ ခံတွင်းတွေ့လှပေသည်။

ကော်ဖီသောက်ရင်း အေးအေးဆေးဆေး စကားပြောနေရသောအခါ မာရီယာက မေးသည်။

“အင်ကာရတနာသိုက်ကြီးက ကွယ်ပျောက်နေတာ နှစ်ပေါင်းလေးငါးရာ ရှိနေပြီဆိုတော့ ရှာဖွေလို့ တွေ့နိုင်ပါဦးမလား ...”

“ကံတရားလည်းရှိမယ်၊ ကြိုးစားအားထုတ်မှုလည်း ကောင်းရင်တော့ တွေ့မှာပေါ့၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ ချည်ပူတွေအောက်မှာ နှစ်ပေါင်းများစွာကြာအောင် နှစ်



www.burmeseclassic.com

www.burmeseclassic.com



မြှုပ်နေတဲ့ ရတနာတွေကိုတော့ တူးဖော်ဖို့ ခက်ခဲမယ်ထင်တယ်"

"သဘာဝတရားက ရတနာသိုက်ကြီးကို အကာအကွယ်ပေးထားတာပဲ ဖြစ်မှာပေါ့"

"အခြေအနေကတော့ ဒီအတိုင်းပဲ ဖြစ်နေတာပါပဲ"

"ဒါထက်မေးရဦးမယ်၊ ဒေါက်တာက ဒီရတနာတွေကို ရှာဖွေဖို့ ဗမာပြည်လို ဝေးလှတဲ့နေရာက လာတာလားဟင်"

"အမှန်အတိုင်းပြောရရင်တော့ နှစ်ပေါင်းလေးငါးရာ လောက်ကြာအောင် ကွယ်ပျောက်နေတဲ့ ရတနာတွေကို ရှာတွေ့ဖို့တော့ စိတ်ထဲမှာ မျှော်လင့်ချက် သိပ်မထားပါဘူး၊ ဒါပေမယ့် ဒီဒေသတွေကိုလာတာကတော့ တခြားရည်ရွယ်ချက်တွေလည်း ရှိပါသေးတယ်"

"ဘာတွေများလည်း ကျွန်မလည်း စိတ်ဝင်စားပါတယ်"

"(၁၆)ရာစုနှစ်လောက်က စပိန်တွေက တောင်အမေရိကတိုက်ကို တိုက်ခိုက်သိမ်းပိုက်ခဲ့ကြပေမယ့် အင်ကာလူမျိုးတွေရဲ့ ရတနာတွေကိုတော့ မရခဲ့ကြပါဘူး"

"အင်ကာရတနာသိုက်ကြီးထဲ ရောက်သွားမှတော့ စပိန်တွေ ဘယ်ရပါတော့မလဲ"

"ဒါပေမယ့် မန်တာတောင်ကြားဒေသရောက်တော့ အဲဒီမှာနေကြတဲ့ ဒေသခံလူရိုင်းတွေက အဖိုးတန်ရတနာတွေကိုတော့ ရခဲ့ကြတယ်"

"ဘယ်လိုရတနာမျိုးတွေလဲ"





"မြရတနာတွေပါ"

"ဟင်. . ဟုတ်လား၊ မြတွေအကြောင်းကိုတော့ ရတနာ ...တွေ့တဲ့သူတွေက သိပ်ပြီးသိကြပုံ မရသေးဘူး"

"မှန်ပါတယ်၊ အင်ကာရတနာသိုက်ကြီးကိုပဲ စိတ်ဝင်စား ...ကြတော့ မန်တာတောင်ကြားက မြတွေအကြောင်းကိုတော့ ...ပြီးမသိကြတာလည်း ဖြစ်ပါလိမ့်မယ်"

မာရီယာက ခေါင်းညိတ်ပြသည်။

"အဲဒီမှာတွေ့ခဲ့တဲ့ မြတွေထဲမှာ ငှက်ကုလားအုပ်စု အ ...အစားလောက်ကြီးတဲ့ မြကြီးတွေတောင် ပါကြတယ်၊ တချို့ ...နေရာတွေမှာ ဒေသခံတွေဆီက မြတွေကို အိတ်တွေနဲ့ ထည့် ...ထားတာတွေကိုပါ စပိန်စစ်တပ်က ရခဲ့ကြတယ်"

"စိတ်ဝင်စားစရာပဲ"

"ဒေသခံလူရိုင်းတွေက နတ်ဘုရားမ အယ်မယ်ရယ်ဒါ ...ကိုးကွယ်ပူဇော်ကြတယ်၊ အဲဒီနတ်ဘုရားမကို ငှက်ကုလား ...အုပ်စု အရွယ်လောက်ကြီးတဲ့ မြကြီးတစ်လုံး ပူဇော်ထားတယ်၊ ...တပ်ပိုင်း စပိန်စစ်တပ်တွေ ဝင်ရောက်လာပြီး သူရိယဘုရား ...ကျောင်းကို သိမ်းပိုက်ရှာဖွေကြပေမယ့် အက်မယ်ရယ်ဒါ မြကြီး ...အမည်ပေးထားတဲ့ မြကြီးကိုတော့ ရမသွားခဲ့ကြဘူး"

မာရီယာက ခေါင်းညိတ်ပြသည်။

"ဒါပေမယ့် ဒေသခံတိုင်းရင်းသားတွေကတော့ တင် ...ရှုရင် အက်မယ်ရယ်ဒါမြကြီးဟာ သူတို့ နတ်ဘုရားကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်ရောက်လာလိမ့်မယ်လို့ ယုံကြည်မျှော်လင့်နေကြတယ်"

"ဒါဖြင့် ဒေါက်တာက ဘယ်လိုဆက်လုပ်မှာလဲဟင်"

"အင်ကာရတနာသိုက်ကြီး ရှာဖွေနေတဲ့ကိစ္စ အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ ကျွန်တော်ထ... အဲဒီတောင်ကြားဘက်ကို ခရီးဆက်သွားဖို့ပါ စိတ်ကူးထား...တယ်"

ဒေါက်တာမင်းထင်ကျော်က သူရည်ရွယ်ထားသော... ကိစ္စကို အမှန်အတိုင်းပင် ပြောပြလိုက်သည်။

ထိုအခါမာရီယာက ကော်ဖီသောက်ရင်းနှင့် ပြော...သည်။

"ကျွန်မက အဲဒီလို ထူးထူးဆန်းဆန်း လေ့လာရှာဖွေ... အလုပ်မျိုးတွေကို စိတ်ဝင်စားတယ်၊ အဆင်ပြေရင်တော့ ကျွန်... တို့ပါ လိုက်ခဲ့ပါ့မယ်"

ဟု ပြောလေသည်။

"မာရီယာတို့ပါတော့ ပိုကောင်းတာပေါ့"

ထိုသို့ပြောနေစဉ် ရွာတွင်းသို့သွားသော တက္ကစီသမား... ပြန်ရောက်လာလေသည်။ သူနှင့်အတူ လူတစ်ယောက်လည်း... ပါလာလေသည်။ အသားမည်းမည်းနှင့် အသက်(၃၀)ကျော်... သာရှိသေးသော အင်ဒီးယန်းလူမျိုးတစ်ယောက် ဖြစ်လေသည်။

"သူ့နာမည်က ရမ်ဂျာလို့ ခေါ်ပါတယ်၊ သူက ဒီနယ်... မွေးပြီး ဒီနယ်မှာကြီးပြင်းခဲ့တာကြောင့် ဒီနယ်အကြောင်းတွေ...





...တော်ကလေး နဲ့စပ်ကျွမ်းကျင်ပါတယ်"

တက္ကစီသမားက သူခေါ်လာသူအကြောင်းကို ပြောပြ...သည်။

"မင်း ငါတို့နဲ့ လမ်းပြလိုက်ပေးနိုင်မလား"

"လိုက်ပေးနိုင်ပါတယ်၊ ဘယ်နေရာတွေ သွားမှာပါလဲ"

"ဒီကနေ့ မာချူးဒပစ်ချူးကို တောင်ပေါ်ကသွားတဲ့... ...းတနေ ခြေလျင်သွားမယ်၊ ပြီးရင် . . . အယ်လ်ဆန်ဂေးမီး... ...ောင်ရှိတဲ့နေရာကို သွားချင်တယ်"

ဒေါက်တာမင်းထင်ကျော်က ပွင့်ပွင့်လင်းလင်းပင် ပြော...

...ိုက်ရာ ရမ်ဂျာဆိုသူကလည်း ချက်ချင်းသဘောပေါက်သွား... ...န် ရှိလေသည်။

"အင်ကာရတနာသိုက်ကြီးကို ရှာဖွေဖို့ သွားကြမှာလား"

ဟု ပြန်မေးလေသည်။

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်"

"အင်ကာရတနာသိုက်ကြီးကို ရှာဖွေတွေ့ဖို့ မလွယ်ပါ..."

"ဘာကြောင့်လဲ"

"အင်ကာတွေက သူတို့ရဲ့ ရွှေငွေရတနာတွေမြှုပ်တဲ့... ...ိန်ကတည်းက ကျိန်စာတိုက်ပြီး မြှုပ်ခဲ့ကြတာ၊ ဒါကြောင့်... ...ရွှေတဲ့သူတိုင်း ရတနာသိုက်ကို မတွေ့ခင်မှာပဲ အသက်ပေး...



www.burmeseclassic.com

www.burmeseclassic.com



ကြရတယ်"

ထိုစကားသည် ဖြီးဖြန်းပြောနေခြင်း မသွားစေလို၍ ခြောက်လှန့်ပြောနေခြင်းမျိုး မဟုတ်ပဲ၊ သူသိသော အကြောင်း များကို အမှန်အတိုင်း ပြောပြနေခြင်း ဖြစ်သည်ဟု စိတ်ထဲမှထင် မိသည်။

"ဘယ်လိုကြောင့် အဲဒီလိုဖြစ်တာလဲ"

"အယလ်ဆန်ဂေး မီးတောင်ကြီးကို မီးနတ်မင်းက စောင့်ရှောက်တယ်၊ သူနေထိုင်တဲ့ ဂေဟာလည်း ဖြစ်တယ်၊ ဒါကြောင့် ဘယ်သူလာပြီး နှောက်ယှက်တာကိုမှ လက်မခံဘူး၊ နောက်တစ်ချက်က သူ စောင့်ရှောက်ပေးနေတဲ့ ရတနာတွေ ကိုလည်း တခြားလူတွေကို ယူခွင့်မပေးပါဘူး"

ဟု ရမ်ဂျာက သူ့ထင်မြင်ယူဆချက်ကို ပြောပြသည်။

"ငါတို့ကလည်း ရတနာတွေရဖို့ အဓိကအကြောင်း မဟုတ်ပါဘူး၊ ရှေးဟောင်းနေရာတွေနဲ့ မြို့ဟောင်းကြီးတွေကို လေ့လာပြီး မှတ်တမ်းယူဖို့ပါပဲ"

"ရတနာတွေ ရှာဖွေတာ မရှာတာထက် ဒီခရီး သွားရင်တော့ အန္တရာယ်တွေနဲ့ တွေ့ရမှာပဲ"

"ဘယ်လို အန္တရာယ်မျိုးတွေလဲ"

မာရီယာက ဝင်မေးလိုက်သည်။

"တောထဲမှာ သားရဲတိရိစ္ဆာန်တွေလည်း အများကြီး ရှိတယ်၊ နောက်ပြီး လူသားစားတဲ့ လူရိုင်းတွေလည်း ရှိကြတယ်၊





သွားမယ်ဆိုရင်တော့ သေနတ်နဲ့ ကျည်ဆံတွေ ပါဖို့လိုတယ်၊ [illegible]နဲ့ဆေးဝါးတွေ ပြည့်စုံအောင် ပါဖို့လိုတယ်"

"ဒါထက် ငါတို့သွားမယ်ဆိုရင် မင်းအနေနဲ့ လမ်းပြ လိုက်ပေးနိုင်မလား"

"ပေးနိုင်ပါတယ်"

ထိုသို့ပြောတော့မှ ဒေါက်တာမင်းထင်ကျော်လည်း စိတ် အေးသက်သာရာ ရသွားလေသည်။

"ဒါထက် မေးရဦးမယ်၊ မန်တာတောင်ကြားဘက်ကို ရော ရောက်ဖူးသလား"

"ရောက်ဖူးပါတယ်"

"ဘယ်လိုထူးခြားမှုမျိုးတွေ ရှိသလဲ"

"စပိန်တွေ မသိမ်းခင်က အင်ကာလူမျိုးတွေ အင်ဒီး ယန်းလူမျိုးစုတွေ နေထိုင်သွားခဲ့တဲ့ နေရာဟောင်းတွေ ရှိပါ တယ်၊ ဘုရားကျောင်းပျက်ကြီးတွေလည်း ရှိပါတယ်၊ အဲဒီဒေသ က အဖိုးတန် မြထွက်တဲ့ နေရာဒေသပါပဲ"

ထိုစကားကြားတော့ ဒေါက်တာမင်းထင်ကျော်နှင့် မာ ရီယာတို့မှာ အဓိပ္ပါယ်ပါသော အကြည့်မျိုးဖြင့် တစ်ယောက်နှင့် တစ်ယောက် ကြည့်လိုက်ကြသည်။

ရမ်ဂျာက ဆက်ပြောလေသည်။

"ဆရာတို့အနေနဲ့ ထူးထူးဆန်းဆန်းတွေ လေ့လာဖို့ ထင်စားတယ်ဆိုရင်တော့ အဲဒီဒေသဘက်ကိုလည်း သွား



www.burmeseclassic.com

www.burmeseclassic.com



သင့်တယ်၊ အဲဒီဒေသဘက်မှာ ထူးခြားဆန်းကြယ်တဲ့ အကြောင်းအရာတွေ အများကြီးကျန်နေသေးတယ်”

“သွားသင့်တော့လည်း သွားတာပေါ့၊ ဒါထက် ခရီးထွက်ဖို့ ပြင်ဆင်ကြတော့မှာမို့ မင်း တစ်ခါတည်း လိုက်ခဲ့မှာလား”

“မလိုက်သေးပါဘူး၊ ခရီးထွက်တဲ့အခါ ပစ္စည်းတင်ဖို့ လာမာတစ်ကောင်နှစ်ကောင်တော့ လိုလိမ့်မယ်၊ အဲဒါ တစ်ခါတည်း ရှာပြီးမှ လာခဲ့မယ်”

“လာမာဆိုတာ ဘာလဲ”

“တောင်ပေါ် သွားတဲ့အခါ ပစ္စည်းတွေသယ်ယူပေးနိုင်တဲ့ တောင်အာဖရိက ကုလားအုပ်ပါပဲ”

ထိုသို့ပြောဆိုကာ ရမ်ဂျာလည်း သူတို့ကို နှုတ်ဆက်ပြီး ရွာတွင်းသို့ ပြန်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့လည်း စားသောက်ဆိုင်တွင် ကျသင့်ငွေများကို ရှင်းပေးပြီး ထိုနေရာမှ ပြန်ထွက်ခဲ့ကြလေသည်။

ထိုနေ့က ရမ်ဂျာဆိုသော ဒေသခံလမ်းပြတစ်ယောက်နှင့် တွေ့ရသည်ကပင် စိတ်ကျေနပ်စရာ အခြေအနေမျိုး ဖြစ်ကြလေသည်။





# အခန်း [၇]

# လမ်းပျောက်နေသော ဝိညာဉ်များ

နောက်တစ်နေ့ နံနက်ပိုင်း အချိန်ရောက်သောအခါ ဒေါက်တာမင်းထင်ကျော်တို့သည် တည်းခိုနေသော ဟိုတယ်သို့ ရမ်ဂျာတစ်ယောက် ရောက်လာလေသည်။

သူနှင့်အတူ မိန်းကလေးတစ်ယောက်နှင့် တောင်အမေရိက ကုလားအုပ်ဟုခေါ်သော လာမာနှစ်ကောင် ပါလာသည်။ လာမာကုလားအုပ်မှာ သိုးတစ်ကောင် သို့မဟုတ် ဆိတ်



www.burmeseclassic.com

www.burmeseclassic.com



နယ်၌တွေ့ရသော ယက်န္တားတစ်ကောင်၏ ကိုယ်ခန္ဓာနှ ကုလားအုပ် ဦးခေါင်းမျိုးပါသော ယက်န္တားတစ်ကောင်လော ကိုယ်လုံးမကြီးသလို ကုလားအုပ်တစ်ကောင်မျိုးလိုလည်း အခ လည်းမမြင့် လည်ကလည်း မရှည်ပေ။

လည်ပင်းတစ်ဝိုက်မှာ အဖြူရောင် အမွေးများရှိ ကိုယ်ခန္ဓာတွင်တော့ အညိုရောင် အမွေးရှည်များရှိသည်။

ကုလားအုပ်များက သဲကန္တာရထဲမှာ သွားလာရာတွ များစွာအသုံးဝင်သလို လာမာကတော့ဖြင့် မြင့်မားသော တော တက်တောင်ဆင်း ခရီးလမ်းများ သွားလာရာတွင် များစွာအသ ဝင်လှသည်။

အဘယ်ကြောင့်ဆိုသော် ခြေထောက်တွင် တော ဆိတ်ခွာမျိုး ပါသောကြောင့် ဖြစ်သည်။

လာမာသည် ကုလားအုပ်မျိုးနွယ်ဖြစ်သောကြော တောင်ပေါ်လမ်းများတွင် ပေါင်(၁၃၀)ခန့်လေးသော အလေ ချိန်ကို ကျောပေါ်၌ တင်ဆောင်ပြီး မိုင်(၂၀)လောက်ဝေးသော ခရီးကို မရပ်မနားသွားလာနိုင်သည်။

သို့သော် သူ့ကျောပေါ်သို့ ထိုထက်များသောအလေ ချိန် တင်ပေးလျှင်တော့ မြေပေါ်သို့ လှဲအိပ်ချလိုက်ပြီး စေ သော်လည်း ဆက်မသွားပဲ ငြင်းဆန်တတ်လေသည်။

သို့ကြောင့် ခရီးဝေးသွားမည့်သူများမှာ ပစ္စည်း ဆောင်ရန် လာမာကို အသုံးပြုမည်ဆိုလျှင်တော့ ၎င်းသ





ဆောင်ပေးနိုင်သည့်ဝန်ထက် ပိုမတင်မိစေရန် ဂရုပြုကြရပေသည်။

ရမ်ဂျာက လာမာနှစ်ကောင်အပြင် အသက်(၂၀)ကျော် အရွယ် မိန်းကလေးတစ်ယောက်ကိုပါ ခေါ်လာသည်။

"သူကဘယ်သူလဲ"

"ကျွန်တော့် ညီမပါ၊ သူ့နာမည်က အေရှာလို့ ခေါ်ပါတယ်၊ ကျွန်တော်တို့က မောင်နှမနှစ်ယောက်တည်း နေကြတာဆိုတော့ ကျွန်တော်ခရီးထွက်ရင် သူပါ လိုက်လေ့ရှိပါတယ်"

"ကောင်းတာပေါ့ကွာ၊ အဖော်ရတာပေါ့"

အေရှာဆိုသော မိန်းကလေးမှာ အသက်(၂၀)ကျော် အရွယ်ခန့်ရှိပြီး အသားညိုညိုနှင့် ကြည့်ပျော်ရှုပျော် ရုပ်ရည်မျိုး ရှိလေသည်။

မာရီယာကတော့ ယောက်ျားများကြားထဲတွင် မိန်းကလေးတစ်ယောက်တည်း အဖော်မပါပဲရှိနေစဉ် မမျှော်လင့်ဘဲ အေရှာပါလာသောကြောင့် ဝမ်းသာနေလေသည်။

၎င်းတို့ မောင်နှမနှစ်ယောက်တွင် ထွေထွေထူးထူး ပစ္စည်းကိရိယာမပါပဲ ခရီးသွားလာရာတွင် အသုံးပြုသော ကျောပိုးအိတ်တစ်လုံးစီသာ ပါလာကြသည်။

ဒေါက်တာမင်းထင်ကျော်တို့လည်း လမ်းပြပေးမည့်သူ ရပြီ ဖြစ်သောကြောင့် ခရီးထွက်ရန်အတွက် လိုအပ်သောပစ္စည်းများ စုဆောင်းရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေးလံလှသော ခရီးမျိုးဖြစ်သောကြောင့် အဓိက အရေးကြီးသည့် တာရှည်အသုံးပြုနိုင်သော ရိက္ခာခြောက်များ ဆေးဝါးကိရိယာများ၊ ရွက်ဖျင်တဲ၊ စောင်နှင့် အနွေးထည်များ၊ လက်နှိပ်မီး၊ မီးအိမ်၊ မီးခြစ်၊ ကြိုးခွေ၊ သေနတ်၊ ကျည်ဆံ၊ ဓား၊ လှံ၊ လှ၊ ကပ်ပါး စသော ပစ္စည်းများအပြင် ချက်ပြုတ်စားသောက်ရန် ကိရိယာများပါ သယ်ယူရန် ဝယ်ယူစုဆောင်းကြရသည်။

ကပ်စကိုမြို့သည် မြို့ငယ်လေးပင် ဖြစ်သော်လည်း ခရီးသွားများအတွက် အသုံးအဆောင်ပစ္စည်းမျိုးစုံတို့ အလွယ်တကူ ဝယ်ယူရရှိနိုင်သဖြင့် များစွာအဆင်ပြေလှသည်။

အထူးသဖြင့် သေနတ်နှင့် ကျည်ဆံတို့ကို ကြိုက်နှစ်သက်သည့် အမျိုးအစားကို ကြိုက်သလောက် ဝယ်ယူရရှိနိုင်လေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ မောင်းပြန်ပစ္စတိုတစ်လက်နှင့် အမဲပစ်သေနတ်တစ်လက်ကို ဝယ်ယူလေသည်။

ကျန်အဖွဲ့သားများလည်း မိမိတို့ သေနတ်များကို အသီးသီးဝယ်ယူကြသည်ကို တွေ့ရသည်။

ရမ်ဂျာမှာ ကမာနှစ်ကောင်ကို သူ့ငွေဖြင့် ဝယ်ယူလာခြင်းဖြစ်ရာ ထိုငွေကို ဒေါက်တာမင်းထင်ကျော်တို့က သူ့ကိုပေးရသည်။

ပစ္စည်းများ ပြည့်စုံအောင် ဝယ်ယူစုဆောင်းပြီးသော အခါမှာတော့ သင့်တော်သောအချိန်တွင် ဟော်တယ်မှ စတင်





ထွက်ခွာကြလေသည်။

၎င်းတို့သည် ကပ်စကိုမြို့မှ မာချူးပစ်ချူးသို့ မီးရထားဖြင့်မသွားပဲ အင်ကာတို့ ဖောက်ခဲ့သော တောင်ပေါ်လမ်းများမှ သွားရန် ရွေးချယ်ခဲ့ကြလေသည်။

တကယ်တော့ ထိုခရီးလမ်းမှာ ချောမွေ့ဖြောင့်ဖြူးသော ခရီးလမ်းမျိုးတော့ မဟုတ်ပေ။

အင်ကာလူမျိုးတို့ ဖောက်ခဲ့သည်ကပင် နှစ်ပေါင်းအတော်ကြာခဲ့ပြီ ဖြစ်၏။ သို့ကြောင့် သာမန်သဘာဝအတိုင်းသွားသော ခရီးလမ်းသာသာလောက်သာ ရှိပေသည်။

သို့သော်လည်း ဒေါက်တာမင်းထင်ကျော်တို့က လေ့လာရေးအတွက် စိတ်ဝင်စားကြသောကြောင့် မီးရထားနှင့် ခရီးသွားရသည်နှင့် ယခုလို ခြေလျင်သွားရသော လမ်းမျိုးကို ပိုမိုသဘောကျကြလေသည်။

ခရီးစဉ်ကတော့ ကပ်စကိုမြို့လေးမှ မြောက်ဖက်စူးစူးသို့ ဦးတည်ပြီး ခရီးဆက်ကြခြင်း ဖြစ်သည်။ အင်ဒီးစ်(Andes) တောင်တန်းကြီးမှာ ပေပေါင်းနှစ်သောင်းနီးပါး၊ မြင့်မားသည့် တောင်တန်းကြီးဖြစ်သောကြောင့် တောင်ထိပ်တွင် မြူနှင်းများ ဆွဲဆိုင်းလျက် ရှိသည်။ အချို့နေရာ အတော်များများမှာ ရွှေခဲ မြင်များ ဖုံးလွှမ်းနေသည်။

ထူထပ်သည့် သစ်တောကြီးများ နက်ရှိုင်းသည့် ချောက်များနှင့် တဝေါဝေါစီးကျနေသော ရေခဲမြစ်ကြီး မြစ်ငယ်အသွယ်



www.burmeseclassic.com

www.burmeseclassic.com



သွယ်တို့ကိုလည်း ဖြတ်ကျော်သွားကြရသည်။

ဒီနေရာမှာတော့ လမ်းပြလိုက်လာသော ရမ်ဂျာတို့ မောင်နှမတို့၏ အရည်အချင်းကို ချီးကျူးကြရပေမည်။

၎င်းတို့ လမ်းပြကျွမ်းကျင်မှုကြောင့် ခက်ခက်ခဲခဲ ကျော်ဖြတ်ရခြင်းမျိုးမရှိပဲ အလွယ်တကူနှင့်ပင် ဖြတ်ကျော်သွားနိုင်ကြသည်။

လမ်းခရီးမှာတော့ လူကိုအန္တရာယ်ပေးသော တောရိုင်းတိရိစ္ဆာန်များနှင့် တွေ့ရသော်လည်း ၎င်းတို့အဖွဲ့မှာ လူများသည်ကတစ်ကြောင်း သေနတ်ကိုယ်စီ ပါလာကြသောကြောင့် သားရဲတိရိစ္ဆာန်များက ရန်မမူပဲ အဝေးမှပင် ရှောင်ဖယ်သွားကြလေသည်။

၎င်းတို့သွားရာ လမ်းတစ်လျှောက်မှာတော့ ရွာမဆိုထားနှင့် လူရိပ်လူခြေပင် မမြင်ရပေ။

တောနက်ကြီးများထဲမှာ လူနှင့်များစွာ ဆင်တူသော မျောက်ဝံနီကြီးများကို တွေ့ရသည်။ ကိုယ်ပေါ်မှာ အမွေးနီများရှိသည်ကလွဲပြီး လူတစ်ယောက်နှင့် များစွာတူလှသည်။ ကိုယ်လုံးအရွယ်အစားက လူထက်ပိုကြီးပြီး သစ်ပင်များပေါ်မှာ နေကြသည်။

"ဒါ. . မျောက်ဝံနီတွေလို့ပဲ ခေါ်ကြတယ်၊ လူတစ်ယောက်နဲ့တူပြီး လူတစ်ယောက်လိုပဲ အသိဉာဏ် ရှိကြတယ်"

"သူတို့က လူတွေကို ရန်မူကြသလား"





အတူပါလာသော ဂျိုးဇက်လက်ထဲမှာကိုင်ထားသော အမဲပစ်သေနတ်ကို တပြင်ပြင်နှင့် မေးသည်။

ဂျိုးဇက်မှာ ကယ်နက်ဒီ၏ လက်ထောက်တစ်ဦးဖြစ်ပြီး နှတ်လတ်သွက်လက်သူတစ်ဦး ဖြစ်သည်။

"အကြောင်းမဲ့တော့ ရန်မမူကြပါဘူး၊ ဒါပေမယ့် သူတို့အုပ်စုထဲက တစ်ကောင်ကောင်ကို သတ်ဖြတ်မိခဲ့ရင်သော်လည်းကောင်း၊ ထိခိုက်နာကျင်အောင် လုပ်မိရင်တော့ အဲဒီလူကို သဲကြီးမဲကြီးလိုက်ပြီး ကလဲ့စားချေလေ့ရှိကြတယ်"

ထိုစကားကြားတော့ ဂျိုးဇက်က ပုခုံးနှစ်ဖက်ကို တွန့်ပြလိုက်လေသည်။

သစ်ပင်များပေါ်မှာ အုပ်စုဖွဲ့ပြီးနေကြသော မျောက်ဝံနီကြီးများက ၎င်းတို့ဘာသာဖြင့် အော်ဟစ်ကာ သူတို့သွားရာနောက်သို့ တကောက်ကောက် လိုက်ကြည့်နေကြသည်။

ခြေလျင်သွားနေကြသောလူများအတွက် နာရီအတော်ကြာအောင် လျှောက်ရသောခရီးကို သစ်ပင်များပေါ်မှ လိုက်လာကြသော မျောက်ဝံနီများက ခဏချင်းပင် မီလာကြလေသည်။

သစ်ပင်များမှာ ကိုင်းချင်းဆက်နေသောကြောင့် တစ်ပင်နှင့်တစ်ပင် ကိုင်းကူး၍သော်လည်းကောင်း၊ နွယ်ကြိုးများဖြင့် ခို၍သော်လည်းကောင်း၊ နောက်မှလိုက်လာကြခြင်း ဖြစ်လေသည်။

ထိုအခြေအနေကိုမြင်တော့ ဂျိုးဇက်က ဘဝင်ကျပုံ မရ



www.burmeseclassic.com

www.burmeseclassic.com



ပေ။

"ဒီမျောက်တွေက . . ဘာကြောင့် နောက်ကနေတကောက်ကောက် လိုက်နေကြတာလဲ"

"သူတို့ကိုသတိထားရမယ်၊ မျောက်ဝံနီတွေမှာ အကျင့်တစ်ခုရှိတယ်၊ လူယောက်ျားတွေကို ဖမ်းမိသွားရင် လင်သားလိုပေါင်းသင်းနိုင်းတယ်"

"ဟင် ဒါဖြင့် မိန်းမတွေ ဖမ်းမိသွားရင်ကော"

"မျောက်ဝံနီ အထီးတွေက ပြန်မလွှတ်တော့ပဲ သားမယားလို ပေါင်းသင်းကြတယ်"

ရမ်ဂျာစကားကြားတော့ ဒေသခံဖြစ်သော အေရှာကမထူးခြားသော်လည်း မာရီယာကတော့ မျက်စိမျက်နှာ ပျက်သွားလေသည်။

ဤသို့ဖြင့် ခရီးဆက်ကြရာ တောအုပ်တစ်ခု ကျော်လာတော့မှ သူတို့နောက်မှ လိုက်လာကြသော မျောက်ဝံနီအုပ်မှာဘာသာဘာဝ အော်ဟစ်ရင်း နောက်ဘက်တွင် ကျန်ခဲ့ကြလေတော့သည်။

တောတိရိစ္ဆာန်တို့၏ သဘာဝအတိုင်း ၎င်းတို့နှင့် သက်ဆိုင်သော တောနယ်နိမိတ်ထက်ကျော်ပြီး မလိုက်ကြပေ။

နားလိုက်သွားလိုက်နှင့် ခရီးဆက်ခဲ့ကြရာ အင်ဒီးစ်တောင်၏ အမြင့်ဆုံးအပိုင်းသို့ ရောက်လာကြသည်။ အချိန်တလည်း ညနေပိုင်းသို့ရောက်လာပြီ ဖြစ်သောကြောင့် ရှေ့သို့





ခရီးဆက်ရန် မသင့်တော့သဖြင့် စခန်းချရန်နေရာ ရှာဖွေကြရသည်။

"တောင်ပေါ်မှာ ညဘက်ရောက်တဲ့အခါ မြူနှင်းတွေအရမ်းများတယ်၊ တစ်နေရာနဲ့ တစ်နေရာ မမြင်နိုင်ဘူး၊ ဒါကြောင့် အပြင်ဘက်မှာ စခန်းချတာထက် ဂူပေါက်ရှာပြီး စခန်းချတာက ပိုပြီးစိတ်ချရတယ်"

ရမ်ဂျာက အကြံပေးသဖြင့် ၎င်းတို့လူစု နေလောက်သည့် ဂူပေါက်ကို လိုက်လံရှာဖွေကြရသည်။ ကံအားလျော်စွာပင် တောင်နံရံတစ်ခုတွင် ဂူပေါက်တစ်ခုတွေ့ရသဖြင့် အခြေအနေကြည့်ပြီး ထိုဂူပေါက်အတွင်းမှာပင် စခန်းချရန် ပြင်ဆင်ကြသည်။

ဂူအတွင်းရောက်တော့ နေရာထိုင်ခင်းပြင်ခြင်း၊ မီးမွေးခြင်း၊ ရေနွေးကျိုခြင်း၊ အစားအသောက် စီစဉ်ခြင်းများကိုတော့ ရမ်ဂျာနှင့် အေရှာတို့ မောင်နှမနှစ်ယောက်ကပင် လုပ်ကိုင်ပေးကြသည်။

နေဝင်သွားသည်နှင့် မြူနှင်းများက ပိုမိုကျဆင်းလာရာ တစ်နေရာနှင့် တစ်နေရာကိုပင် မမြင်ရတော့ပေ။

ထိုရာသီဥတုအခြေအနေမျိုးဖြင့် ခရီးဆက်ပါက သတ္တဝါတို့၏ ဘေးအန္တရာယ်နှင့် မတွေ့သော်မှ လမ်းမမြင်ရသဖြင့် ချော်ပြီး ချောက်ထဲကျနိုင်လေသည်။

ညအိပ်ကာနီး အချိန်ရောက်တော့ ရမ်ဂျာတို့ မောင်နှမအပင် တစ်ယောက်တစ်လှည့် စောင့်ကြပြီး ကျန်လူများကို စိတ်



www.burmeseclassic.com

www.burmeseclassic.com



ချလက်ချ အိပ်ရန်ပြောသည်။

ထိုသို့ပြောသဖြင့် ကျန်လူများက အိပ်ကြသော်လည်း ဒေါက်တာမင်းထင်ကျော်ကတော့ မအိပ်ပဲ ရမ်ဂျာနဲ့ ထိုင်စကား ပြောနေသည်။

ဒေါက်တာမင်းထင်ကျော် ရှိနေသဖြင့် အေရှာက မီးပုံ နားမှာပင် ခွေခွေကလေး အိပ်လေတော့သည်။

"ဆရာ ခရီးပန်းလာတာပဲ ဘာကြောင့်မအိပ်တာလဲ"

"ငါက ဒီခရီးမျိုးတွေ သွားနေကျပါ မပင်ပန်းလှပါဘူး မင်းအိပ်ချင်ရင် တရေးအိပ်လေ"

"မအိပ်ပါဘူးဆရာ. . ၊ ဒီလောက်ပင်ပန်းတာက ကျွန် တော်တို့အတွက် မဖြစ်လောက်ပါဘူး၊ နောက်ပြီး စောင့်ပေး ရမယ့်တာဝန် ကျွန်တော့်မှာ ရှိပါတယ်"

"ခရီးအတူတူသွားလာတဲ့ သူအချင်းချင်း ဘယ်သူ့မှာ တာဝန်ရှိတယ်၊ ဘယ်သူ့မှာတော့ တာဝန်မရှိဘူးလို့ တရားသေ သတ်မှတ်လို့ မရပါဘူး၊ စံစရာရှိရင် အတူတူစံ၊ ခံစရာရှိရင် အတူတူ ခံကြရမှာပဲ"

ထိုစကားကြောင့် ရမ်ဂျာက အံ့သြသော အမူအယာဖြင့် တစ်ချက်ကြည့်သည်။

"ဆရာလို စိတ်ဓါတ်ရှိသူမျိုး တစ်ခါမှ မတွေ့ဖူးသေးပါ ဘူး၊ ကျွန်တော်တွေ့ဖူးတဲ့ လူတွေကတော့ ငွေပေးပြီးရင် ကျွန်လို သဘောထားပြီး ခိုင်းချင်ကြတာ များပါတယ်"





သူတို့နှစ်ယောက် စကားပြောနေကြစဉ်မှာ ကျန်လူများ ကတော့ မီးဖိုမှ အပူငွေ့ဖြင့် နွေးနွေးထွေးထွေးဖြစ်ကာ နှစ်နှစ် ခြိုက်ခြိုက်ပင် အိပ်ပျော်နေကြလေသည်။

အေရှာတစ်ယောက်ပင် အိပ်မောကျနေလေပြီ။

ဒေါက်တာမင်းထင်ကျော်က စီးကရက်ဘူးကိုထုတ်ပြီး ရမ်ဂျာကို တစ်လိပ်ပေးလိုက်ပြီး သူကိုယ်တိုင်က တစ်လိပ်ကို ညှိပြီး ဖွာလိုက်သည်။

ရမ်ဂျာကတော့ စီးကရက် တစ်ဖွာနှစ်ဖွာ ဖွာလိုက်ရ သဖြင့် အတော်ပင် ကျေနပ်အားရသွားသောကြောင့် ဒေါက်တာ မင်းထင်ကျော်အား ကျေးဇူးတင်စွာဖြင့် ကြည့်သည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် ညဉ့်ပိုင်းအချိန် ရောက်လာလေပြီ။ အပြင်ဘက်မှာ နှင်းကျသံများက ပိုများလာပြီး တစ်နေရာနှင့်တစ်နေရာ မမြင်ရတော့လောက်အောင် ပိတ်ဆီး လာသည်။

ထိုအခိုက်မှာပင် အပြင်ဘက်မှ ဆူဆူညံညံ အသံများ ထွက်လာရသည်။

စကားပြောသံများနှင့် တောတိုးလာသံများဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က လူရိုင်းတွေလာသည်အ ထင်ဖြင့် မနီးမဝေးမှာ ချထားသော သေနတ်နှင့် လက်နှိပ်မီးတို့ ကို ယူလေသည်။

ရမ်ဂျာကတော့ အေးအေးပင် နားစွင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာသံတွေလဲ"

"ကျွန်တော်တို့ကို အန္တရာယ်ပေးကြမယ် မထင်ပါဘူး"

ဒီလောက်သာ ပြန်ပြောလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ စိတ်မချသော အမူ အယာဖြင့် အသံကြားရာဘက်သို့သာ လှမ်းကြည့်နေသည်။

ခဏကြာတော့ သူတို့ရှိနေသော ဂူပေါက်ဝရှေ့မှ လူတစ်စု ဖြတ်လျှောက်သွားသည်ကို ဝိုးတဝါး မြင်ရသည်။

အဝတ်အစားမပါသော လူရိုင်းများမှာ အထုပ်များထမ်း ပိုးသွားကြလေသည်။ ထိုကဲ့သို့ အထုပ်များထမ်းပြီး လျှောက်သွား ကြသောနေရာမှာ ဂူပေါက်ဝနှင့် မဝေးသော်လည်း တစ်ချ ကလေးမှ လှည့်ကြည့်မသွားပေ။

လူလေးငါးဆယ်ခန့်များပြီး လူတိုင်းကိုယ်စီ အထုပ်ကြီး အထုပ်ငယ်များကို ကိုယ်စီကိုယ်ငှ ထမ်းပိုးသယ်ဆောင် သွား ကြရာ အတန်ကြာတော့မှ အသံလည်းပျောက် လူအုပ်စုလည်း ပျောက်သွားကြလေသည်။

"လူရိုင်းတွေထင်ပါရဲ့၊ အချိန်မတော်မှ ဘာတွေထမ်း သွားကြတာပါလိမ့်"

"စောစောက မြင်လိုက်တာ အင်ကာလူမျိုးတွေပါ စပိန်တွေလက်ထဲ ပါသွားမှာစိုးလို့ သူတို့ပိုင်ဆိုင်တဲ့ ရွှေ ရတနာတွေကို မီးတောင်ကြီး ရှိတဲ့ဘက်ကို သယ်ယူနေကြတာ ပါ"





ရမ်ဂျာက သောက်လက်စ စီးကရက်ကို လက်စသပ် ပြီး အေးအေးဆေးဆေး အမူအယာဖြင့် ပြောပြတော့မှ သဘောပေါက်သွားလေသည်။

"ဒါ. . ဒါဖြင့် စောစောက မြင်လိုက်တာ လူရိုင်းတွေမှ မဟုတ်တာ၊ ဝိဉာဉ်ဟောင်းတွေပဲ"

"မှန်ပါတယ်ဆရာ၊ သူတို့သေခဲ့ကြတာ နှစ်ပေါင်းလေး ရာကျော်လောက်တောင် ရှိရော့မယ်. ."

ဒေါက်တာမင်းထင်ကျော်က တိုနေပြီဖြစ်သော စီးက ရက်ကို နောက်ဆုံးဖွာလိုက်ပြီးမှ မီးပုံထဲပစ်ချရင်း သက်ပြင်း ချလိုက်သည်။

"သူတို့တွေ ဘယ်တော့မှ ဒီဘဝက ကျွတ်လွတ်ကြမှာ လဲ"

"အယ်လယ်ဆန်ဂေးမီးတောင်ကြီး ရှိနေသရွေ့ အင် ကာတောင်တန်းကြီး ရှိနေသရွေ့ သူတို့ မြှုပ်နှံထားတဲ့ ရွှေငွေရတ နာတွေ ရှိနေသရွေ့တော့ သူတို့တတွေ ဒီလိုပဲ ရှိနေကြရဦးမယ် ထင်ပါတယ်"

ရမ်ဂျာပြောသောစကားက ဒေါက်တာမင်းထင်ကျော် အတွက်တော့ စိတ်မကောင်းစရာသာ ရှိနေပတော့သည်။

ညဉ့်နက်လာသည်နှင့်အမျှ အပြင်ဘက်မှာတော့ နှင်း မှုန်အျသံတို့က ပိုများလာကာ ပတ်ဝန်းကျင် တစ်ခုလုံးလည်း ဖွေးဆီးလျက် ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘဝတစ်ခုနှင့် တစ်ခုကြားမှာ လမ်းပျောက်နေကြသော ဝိညာဉ်များအတွက်ကတော့ နှင်းသားထုများ ပိတ်ဆီးနေခြင်း အတွက်တော့ မထူးခြားနိုင်တော့ပါချေ။





# အခန်း[၈]

# မြွေကိုနိုင်သည့် မြမျက်လုံး

နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်တော့ ရာသီဥတု မကောင်းလှပေ။ နှင်းမိုးများ ရွာနေသောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး ဘာမှမမြင်ရပဲ ရှိနေလေသည်။

သို့ကြောင့် အစားအသောက်များကို ဝမ်းပြည့်အောင် စားသောက်ပြီး စောင့်ဆိုင်းနေကြရသည်။

"ရှေ့မှာသွားရမယ့်လမ်းက ဒီ့ထက် ပိုကြမ်းပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ချောင်းကျယ်တစ်ခုကို ဖြတ်ကူးရမယ်"

"ဘယ်လိုကူးကြမလဲ"

"ရေထဲမှာ မိကျောင်းနတ်တွေ အများကြီးရှိတယ်
ချောင်းထဲကိုဆင်းရင် လူပဲဖြစ်ဖြစ် တိရိစ္ဆာန်နဲ့ပဲဖြစ်ဖြစ်
သက်ရှင်ရက်နဲ့ ပြန်တက်လာနိုင်ဖို့ အခွင့်အရေးမရှိပါဘူး"

"အခြားဘယ်လို အန္တရာယ်မျိုးတွေ ရှိကြသေးသလဲ"

"ချောင်းရေထဲမှာ ပေါရိသာရလို့ခေါ်တဲ့ လူသား
ငါးအုပ်တွေလည်း ရှိပါတယ်၊ ဆင်တစ်ကောင်လောက်ကို မိ
ပိုင်းအတွင်း အရိုးကျသွားအောင် စားသောက်နိုင်တဲ့ ငါး
ဖြစ်ပါတယ်၊ သူတို့လာရင် မိကျောင်းနက်တွေတောင် ပြေး
တယ်"

ဟု ပြောပြသည်။

"အဲဒီချောင်းကို မကူးပဲ ဟိုဘက်ရောက်အောင်သွား
လမ်းမရှိဘူးလား"

"မရှိပါဘူး၊ ချောင်းက မီးတောင်ရှိတဲ့ နေရာဘက်
ခြားထားတဲ့နေရာတစ်ခုလည်း ဖြစ်ပါတယ်"

"ဒါဖြင့် ဘယ်လိုကူးကြသလဲ"

"သစ်ဖောင်တွေလုပ်ပြီး ကူးကြရပါတယ်"

ဒေါက်တာမင်းထင်ကျော်က ပင်လယ်နှင့် ဒီရေ
များအတွင်းသို့ သွားလာခဲ့ဖူးသူ ဖြစ်သောကြောင့် မိကျော
တို့၏ သဘောသဘာဝကို သိတန်သလောက် သိနေသ





သည်။ မိကျောင်းမှာ ရေငွံကျွမ်းကျင်လိမ္မာသော သတ္တဝါတစ်
ကောင် ဖြစ်သလို ကုန်းပေါ်၌လည်း ကျက်စားနိုင်သည်။ ထို့ပြင်
ရာယ်လည်း များသည်။

သို့ကြောင့် တော်ရုံခိုင်ခံ့သော ဖောင်မျိုးနှင့် သွားလာ၍
ကြောင်းတော့ တွေးမိလေသည်။

နံနက်ပိုင်းအချိန်ရောက်သောအခါ မိုးနှင်းများ ပါးသွား
ရာသီဥတုက ကြည်လင်လာသည်။

ထို့ကြောင့် အထုပ်အပိုးများပြင်ပြီး ဂူအတွင်းမှထွက်
ခရီးဆက်ကြလေသည်။

ရာသီဥတု သာယာလာသော်လည်း ပတ်ဝန်းကျင်မှာ
နှင်းများက ရှိနေသေးသောကြောင့် သတိထားပြီး သွားလာ
ရသည်။

ရမ်ဂျာပြောသည့်အတိုင်းပင် ရှေ့ဆက်သော ခရီးလမ်း
ပိုပြီးကြမ်းတမ်းသည်။

ရှေးနှစ်ပေါင်းများစွာက အင်ကာတို့ ဖောက်ခဲ့သော
လမ်းဟောင်းများ ရှိကြသည် ဆိုသော်လည်း နှစ်ပေါင်းအတော်
ကြာခဲ့ပြီ ဖြစ်သောကြောင့် လမ်းဟောင်းများ ပျောက်နေကြပေ
သို့ကြောင့် မှန်းဆပြီးသာ သွားကြရပေသည်။

ရမ်ဂျာနှင့် အေရှာတို့ မောင်နှမနှစ်ယောက်ကတော့
ခရီးလမ်းများကို သွားလာခဲ့ဖူးသောကြောင့် အခက်အခဲ မရှိ
ပြပေးနိုင်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့လည်ပိုင်း ရောက်လာတော့ နေရောင်ခြည် ရလာ ဖြစ်သောကြောင့် အတော်ပင် ခရီးတွင်လာကြလေသည်။

တစ်နေရာရောက်တော့ အရိပ်ကောင်းသော သ တောများ ရှိသောနေရာတစ်ဝိုက်တွင် ခေတ္တနားကာ အစားအ သောက်များကို စားသောက်ကြလေသည်။

ထိုနေရာမှာ ဘေးပတ်လည်၌ တောင်မြင့်ကြီးများရှိ နံရံများတွင် ဂူပေါက်များလည်း ရှိသည်။

ထိုဂူပေါက်များရှိသော နေရာတစ်ဝိုက်မှာတော့ ပြန့် နေသော လူအရိုးစုများ တိရစ္ဆာန်အရိုးစုများကို လှမ်းမြင်ရသည်

ဒေါက်တာမင်းထင်ကျော်ကတော့ ထိုအရိုးစုများ မြင်ကတည်းက စိတ်ထဲမှာ သက်မကင်း ဖြစ်နေလေသည်။

အစားအသောက် စားသောက်နေစဉ်မှာပင် စိတ် ဖြောင့်နိုင်သောကြောင့် သတိကြီးစွာ ထားနေရလေသည်။

အတန်ကြာသောအခါ တောထဲမှ သစ်ရွက်များပေါ် ရှပ်တိုက်လာသော အသံမျိုး ကြားလာရသည်။

သစ်ပင်သစ်ကိုင်းများပေါ်သို့ ကိုယ်လုံးဖြင့် ဖိကြိတ်လာ သော အသံမျိုးလည်း ကြားရသည်။

"ဗျော. . ဗျော. . ဗျော. ."

ထိုအသံကြောင့် အားလုံး စားသောက်နေရင်းမှ န စွင့်လိုက်ကြသည်။ အတော်များများကတော့ နံဘေးမှာ ချထား သော သေနတ်များကို ကောက်ယူလိုက်ကြသည်။





"ဘာသံတွေလဲ"

"တောကောင်တွေ လာတာဖြစ်မယ်"

"ဘာပဲဖြစ်ဖြစ် တွေ့ရင်တော့ လက်မနှေးကြစေနဲ့"

ဟုပြောဆိုကာ အသံကြားရာဘက်သို့ ကြည့်နေကြသည်။

မကြာခင် တောထဲမှ သတ္တဝါတစ်ကောင်၏ ဦးခေါင်းကြီး ချောက်ခနဲ ထွက်လာသည်။

ဦးခေါင်းပင် ခွဲတောင်းလုံးခန့် အရွယ်ကြီးသော အင်နာကွန်ဒါမြွေကြီးပင် ဖြစ်သည်။ ကိုယ်လုံးမမြင်ရသေးပဲ လျှောခနဲ တိုးထွက်လာသော ဦးခေါင်းကို လှမ်းမြင်ရသည်နှင့်ပင် အားလုံး မျက်လုံး မျက်လုံးပြူးသွားကြသည်။

"ဟာ. . မြွေကြီး လာနေပြီ"

ကက်မွန်ရစ်တားက ပြောလိုက်ရာ အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

မရှေးမနှောင်းမှာပင် အခြားနေရာများမှ မြွေနှစ်ကောင် ထပ်ထွက်လာရာ မြွေသုံးကောင် ဖြစ်သွားလေတော့သည်။

မြွေကြီးသုံးကောင်က သူတို့ရှိနေသောနေရာကို သုံးပွင့်ဆိုင် ပတ်ဝိုင်းထားကြခြင်း ဖြစ်သည်။

နောက်တော့ ဦးခေါင်းသာမကပဲ ကိုယ်လုံးကြီးများပါ ထွက်လာကြသည်။ အကွက်ပြောက်များ အနက်စင်းများပါသော အုန်းပင်လုံးက အရွယ်ကြီးတော့ ကိုယ်လုံးများ ဖြစ်ကြသည်။

www.burmeseclassic.com



"ဟာ. . . မြွေက တစ်ကောင်မဟုတ်တော့ဘူး၊ သုံးကောင်တောင်ဖြစ်လာပြီ၊ သေနတ်နဲ့ပစ်မှ ဖြစ်တော့မယ်"

ဂျိုးဇက်က ပြောပြောဆိုဆိုဖြင့် သေနတ်ဖြင့်ပစ်ရန် ပြင်လေသည်။

"မပစ်နဲ့ ဒီမြွေကြီးတွေက သေနတ်နဲ့ပစ်လည်း ဘာမှ မဖြစ်ဘူး"

ရမ်ဂျာက ဝင်တားလေသည်။

"ဒါဖြင့် ဘယ်လိုလုပ်မလဲ၊ သုံးကောင်ဝိုင်းထားတာ ပြေးပေါက်မရှိတော့ဘူး၊ အနားရောက်လာရင် ခက်မယ်"

"စိတ်မပူပါနဲ့ ကျွန်တော်ရှင်းပါ့မယ်"

"ဟင်. ."

ရမ်ဂျာစကားကြောင့် အားလုံး အံ့ဩသွားကြလေသည်။

သူကတော့ ဘာမှ ပြန်မပြောတော့ပဲ ဂျင်းလွယ်ယူလာသော အိတ်အတွင်းမှ အရာဝတ္ထုတစ်ခုကို ထုတ်ယူလိုက်သည်။

အစိမ်းရောင် ကျောက်တုံးတစ်တုံးပင် ဖြစ်သည်။

အလုံးအရွယ်အစား အတော်ကြီးသော မြကြီးတစ်လုံးပင် ဖြစ်သည်။ အရည်အသွေးမှာ ကောင်းလှသဖြင့် အိတ်တွင်းမှ ထုတ်လိုက်ကတည်းက အစိမ်းရောင်များ တောက်ပနေလေသည်။

ရမ်ဂျာက သတ္တဝါတစ်ကောင်၏မျက်လုံးနှင့် ပုံသဏ္ဌာန်တူသော မြကြီးကို လက်ထဲမှာကိုင်ကာ မြွေကြီးများရှိသော နေ





ရာထက်သို့ ထွက်သွားလေသည်။

ဂျင်းထွက်သွားသောနေရာမှာ သစ်ပင်ရိပ်များ လွတ်ကင်း လွတ်လွတ်ကျွတ်ကျွတ် နေရောင်ဖြာကျနေသော နေရာ ဖြစ်လေသည်။

ရှေ့သို့တိုးထွက်လာနေသော မြွေကြီးသုံးကောင်က ရမ်ဂျာ ထွက်လာတာမြင်တော့ ရပ်တုံ့သွားကြသည်။

ရမ်ဂျာရောက်နေသော နေရာမှာ မြွေသုံးကောင် ရှိနေသောနေရာ ဖြစ်သဖြင့် အခြေအနေ အကဲခပ်နေကြဟန်လည်း ရှိသည်။

ထိုနေရာ ရောက်သည်နှင့် ရမ်ဂျာလက်ထဲမှာ ကိုင်ထားသော မြကြီးကို နေရောင်၌ ထောင်လိုက်သည်။ ပတ်ဝန်းကျင်တစ်ခုလုံး အစိမ်းရောင်များ ဖြာထွက်လာလေတော့သည်။

အလင်းရောင်များမှာ စူးရှတောက်ပလွန်းသောကြောင့် မနီးမဝေးမှာ ရှိနေကြသည့် ဒေါက်တာမင်းထင်ကျော်တို့ပင် မျက်လုံးခံသာအောင် ဖြစ်သွားကြသည်။

မြကြီးမှထွက်သော စူးရှသည့် အလင်းရောင်များက အင်နာကွန်ဒါ မြွေကြီးများကိုလည်း သွားရောက်ထိလေသည်။

သေနတ်ကျည်ဆံ ထိလျှင်သော်မှ မဖြုံသော မြွေသုံးကောင်မှ မြရောင်များထိသည်နှင့် ချောရည်ပူများနှင့် အထိခံလိုက်ရသကဲ့သို့ လူးလွန့်သွားကြလေသည်။

ငြိမ်သက်နေရာမှ ဝုန်းဝုန်းဒိုင်းဒိုင်း ဖြစ်သွားကြရာ ပတ်



www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်မှာရှိကြသည့် သစ်ပင်များမှာပင် ကျိုးကြေပြိုလဲကုန်တော့သည်။

"ဝုန်း. . ဝုန်း. . ဝုန်း"

ဟူသော အသံများမှာ နားမခံသာအောင် ဆူညံသွားကြလေတော့သည်။ နောက်တော့ တောထဲသို့ ပြန်ဝင်ပြေးသွားကြလေတော့သည်။ ထိုသို့ ပြေးရာမှာလည်း ၎င်းတို့ပြေးရာ လမ်းတစ်လျောက်လုံး သစ်ပင်များ ပြိုလဲသံ၊ ကျိုးကြေသံများကို အတိုင်းသားပင် ကြားနေရသေးသည်။

အတော်ကြာတော့မှ အသံများ ပျောက်သွားရာ ရမ်ဂျာက ၎င်းလက်ထဲမှာကိုင်ထားသော မြကြီးကို အိတ်ထဲပြန်ထည့်ကာ သူတို့ရှိသောနေရာဘက်သို့ ပြန်လျှောက်လာလေသည်။

"တယ်လည်းဟုတ်ပါလား ရမ်ဂျာရဲ့၊ စောစောက မင်းလက်ထဲမှာ ကိုင်ထားတာ မြကြီး မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ၊ ဒါပေမယ့် သာမန် မြမျိုးတော့ မဟုတ်ပါဘူး"

"ဘယ်လို မြမျိုးပါလိမ့်"

"ဒါက မြမျက်လုံးလို့ ခေါ်ပါတယ်၊ အင်ကာတွေ ရှိတုန်းကတော့ ဒီမြမျိုးကို မြွေတွေကို နှိမ်နင်းဖယ်ရှားတဲ့ နေရာတွေမှာ အသုံးပြုကြပါတယ်"

"မြရောင်နဲ့တွေ့တော့ မြွေကြီးတွေက ဘယ်လို ဖြစ်သွားကြတာလဲ"





"မျက်လုံးကန်းသွားကြတာပါ"

"ဟင်. . "

ထိုစကားကြောင့် ကြားရသူအပေါင်း အံ့သြသွားကြလေသည်။

"မြရောင်နဲ့တွေ့တာနဲ့ ဒီလိုပဲ မြွေတွေက မျက်လုံးကန်းသွားကြသလား"

"သာမန်မြတွေကတော့ ဒီလိုဖြစ်မယ် မထင်ဘူး၊ နတ်ဘုရားနဲ့ သက်ဆိုင်တဲ့ မြမျက်လုံးတွေကသာ ဒီလိုဖြစ်ကြတာပါ။ နတ်ဘုရားနဲ့ သက်ဆိုင်တဲ့ မြမျက်လုံးတွေဆိုရင် ဒီလိုအလင်းရောင်နဲ့ ထိတာမဆိုထားနဲ့ မြမျက်လုံးကို ငဲ့စောင်းကြည့်မိတာနဲ့ မြွေအပါအဝင် မြွေအမျိုးအနွယ်မှာပါဝင်တဲ့ သတ္တဝါတွေအားလုံး မျက်လုံးကွယ်စေနိုင်ပါတယ်"

ဟုပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က ရမ်ဂျာထံမှ မြကို တောင်းယူပြီး ကြည့်လေသည်။ အရွယ်အစားများ သာမန်ကြက်ဥ အရွယ်အစားလောက်ကြီးပြီး လုံးဝန်းသော ပုံသဏ္ဍာန်ရှိသည်။ မျက်လုံးတစ်လုံးနှင့်လည်း များစွာတူလေသည်။

နေရောင်ခြည်၏ အလင်းရောင်နှင့်ပင် အစိမ်းရောင်များက ဖြာထွက်နေသည်။

"မင်း ဒီကျောက်ကို ဘယ်နေရာက ရခဲ့တာလဲ"

"ပင်လယ်ကမ်းခြေဘက် သွားရင်းနဲ့ ရခဲ့တာပါ"

ရမ်ဂျာက ထိုမျှလောက်သာ ပြောပြသော်လည်း မြနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်သည့် အကြောင်းများမှာ ထို့ထက်မက ရှိပေလိမ့်မည်ဟု စိတ်ထဲမှ မှတ်ချက်ချလိုက်မိသည်။

ထို့နောက် မြကျောက်ကြီးကို ရမ်ဂျာလက်သို့ ပြန်ပေးလိုက်လေသည်။ ထိုသို့ ပေးလိုက်တော့မှ ဒေါက်တာကက်မွန်နှင့် ကယ်နက်ဒီတို့ကပါ တောင်းယူပြီး ကြည့်နေကြလေသည်။

ဒေါက်တာမင်းထင်ကျော် အတွက်ကတော့ သူရှာဖွေလိုသော မြများနှင့် ပတ်သက်ပြီး သဲလွန်စတစ်ခု ရလိုက်သဖြင့် ကျေနပ်သွားလေသည်။

မြွေကြီးများ အန္တရာယ်ကင်းသောအခါ ထိုနေရာမှ ခရီးဆက်ကြလေသည်။

တောင်ပေါ်လမ်းများ၊ သစ်တောများ၊ လျှိုများ၊ ခက်ခဲသော တောင်ပတ်လမ်းများ၊ မြစ်ချောင်းအချို့ကို ကျော်ဖြတ်ခဲ့ပြီးနောက်တွင် တောနက်တစ်ခုကို ဖြတ်သွားကြရသည်။

တောနက်ထဲရောက်တော့ သားရဲတိရစ္ဆာန်များ တစ်ကောင်တစ်လေမှပင် မတွေ့ရသောကြောင့် ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာ သံသယဝင်သွားလေသည်။

“ဒီလောက် လူသူအရောက်အပေါက်နည်းတဲ့ တောနက်ကြီးထဲမှာ တောတိရိစ္ဆာန်တွေနဲ့ မတွေ့ရတာတော့ အံ့ဩစရာပဲ”

“ဒါပေမယ့် တောတိရိစ္ဆာန်တွေထက်ပိုပြီး ကြောက်ဖို့ကောင်းတာတွေတော့ ရှိတယ်”





ရမ်ဂျာက တိုးတိုးပြောသည်။

“ဘာတွေလဲ”

“လူသားစားတဲ့ လူနီရိုင်းတွေ”

ထိုစကားကြားတော့ ပုခုံးနှစ်ဖက်ကို တွန့်ပြလိုက်သည်။

“တော်တော်များသလား”

“သိပ်မများပါဘူး၊ လူနည်းစုလေးပါပဲ၊ သူတို့က အဆိပ်သုံးမြှားတံတွေကို သုံးကြတယ်”

ထိုသို့သိရသဖြင့် တောနက်တွင်းသို့ မဝင်မီ အချင်းချင်း အသိပေးပြီး ပြင်ဆင်စရာရှိသည်များကို ပြင်ဆင်ကြရသည်။ နောက်ဘက်မှ မြားဖြင့် ချောင်းမြောင်းပစ်ခတ်ခြင်းမှ ကာကွယ်ရန် လုံတိုင်း ဖဲစွဲထည့်သော ကြိုးသိုင်းကျောပိုးအိတ် တစ်လုံးစီ သယ်ယူသွားကြသည်။

ပစ္စည်းသယ်သော လားမာနှစ်ကောင်ကတော့ ၎င်းတို့ကျောပေါ် တင်ထားသော ပစ္စည်းအချို့ လျော့သွားသောကြောင့် သဘောကျနေကြဟန်ရှိသည်။

တောတွင်းဝင်ကာနီးတော့ သေနတ်နှင့် ကျည်ဆံတို့ကို အသေအချာ စစ်ဆေးကြသည်။ အဆင်သင့်ဖြစ်တော့မှ တောထဲသို့ ဝင်ကြလေသည်။

ရှေ့ဆုံးမှ ရမ်ဂျာကနေပြီး နောက်ဆုံးမှ ဒေါက်တာမင်းထင်ကျော်ကနေ၍ ရှေ့နောက် အတန်းလိုက် သွားကြလေသည်။

အတန်ကြာသောအခါ တောနက်ထဲ ရောက်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်နေရာရောက်တော့ ဌက်အော်သံနှင့်တူသော စူးစူး ဝါးဝါး အသံအချို့ကို ကြားရသည်။

အသံကြားရုံနှင့် ဌက်အော်သံ မဟုတ်မှန်း သိနိုင်ပေသည်။

ထိုအသံကြားသည်နှင့် ဒေါက်တာမင်းထင်ကျော်က ရှေ့မှသွားနေသူများကို နီးစပ်ရာ ကျောက်တုံးများ နောက်သို့ ဝင်နေရန် အချက်ပြလိုက်ရာ နီးစပ်ရာကျောက်တုံးများ နောက်သို့ ပြေးဝင်လိုက်ကြသည်။

မရှေးမနှောင်းမှာပင် တောထဲမှ မြားတံအချို့ ထွက်လာလေရာ ဘေးလွတ်ရာသို့ ရှောင်နိုင်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ လွယ်ထားသော ကျောပိုးအိတ်ကိုလည်း မြားတံတစ်ချောင်းက လာရောက်စိုက်ဝင်လေသည်။

ဒေါက်တာမင်းထင်ကျော်က တောတွင်းမှ ပြေးထွက်လာသော လူနီရိုင်းနှစ်ယောက်ကို တွေ့သဖြင့် သေနတ်ဖြင့် ပစ်ချလိုက်ရာ ခြေကားရားလက်ကားရားဖြစ်ကာ လဲကျသွားကြလေသည်။

အခြားနေရာဘက်မှ ဝင်လာသော လူနီရိုင်းအချို့တို့လည်း ကျန်အဖွဲ့သားများက အသီးသီး သေနတ်ဖြင့် ပစ်ချနိုင်ကြလေသည်။

လူနီရိုင်းများမှာ မျောက်ဝံနီများကဲ့သို့ ကိုယ်ပေါ်တွင်





ည်သည့်အဝတ်အစားမှ မဝတ်ပဲ သားရဲတိရိစ္ဆာန်များကဲ့သို့ က်ထန်ကြမ်းတမ်းကြလေသည်။

သေနတ်ကျည်ဆံထိသဖြင့် လဲကျသွားကြသော လူနီ င်းအချို့မှာ အသက်မသေသေးသောကြောင့် တိရိစ္ဆာန်တစ် ကောင်ကဲ့သို့ တဂီးဂီးတဂဲဂဲနှင့် မာန်ဖီလျက်ရှိနေကြသည်။

ရှေ့မှဝင်လာသော လေးငါးယောက် လဲကျသွားသော ခါ နောက်ထပ်ဝင်လာသည်ကို မတွေ့ရတော့ပဲ အသံများ ည်း တိတ်ဆိတ်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်က အခြေအနေသိစေရန် ကျောက်တုံးအပြင်ဘက်သို့ ထွက်ကြည့်သောအခါ သစ်ရွက်များ ကြားမှ ဖြတ်ထွက်လာသောမြားသံ ကြားလိုက်ရသဖြင့် ဖျပ်ခနဲ ကျောလှည့်ပေးလိုက်ရာ လွယ်ထားသော ကျောပိုးအိတ်၌ စိုက် င်နေလေသည်။

မြားလာရာ ကြည့်လိုက်တော့ သစ်ပင်ပေါ်မှာ ပုန်းနေ သော လူနီရိုင်းတစ်ကောင်ကို တွေ့ရသဖြင့် သေနတ်ဖြင့် ပစ် လိုက်သည်။

ကျည်ဆံက မထိသော်လည်း ထိုသူက နောက်ထပ် နီးရာယ်ကင်းနိုင်မည့် သစ်ပင်တစ်ပင်သို့ ခုန်ကူးရန် ကြိုးစား သည်။ ထိုသို့ကြိုးစားစဉ်မှာပင် နောက်ထပ်တစ်ချက်ပစ်ရာ ဘက်သစ်ပင် မရောက်ခင်မှာပင် မြေပေါ်သို့ ခြေကားယား က်ကားယား ပြုတ်ကျသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အသံနက်ကြီးဖြင့် စူးစူးဝါးဝါး အော်လိုက်သံကြီးလည်း ကြားလိုက်ရသည်။

နောက်တော့ မည်သည့်အန္တရာယ်မှ မတွေ့ရတော့သ ဖြင့် ထိုနေရာမှ ရှေ့သို့ခရီးဆက်နိုင်ကြလေသည်။







# အခန်း [၉]

# ကျိန်စာတိုက်ထားသည့် အလောင်းများ

အန္တရာယ် အသွယ်သွယ်တို့ကို ကျော်ဖြတ်သွားခဲ့ကြပြီး တစ်ည အိပ်ကြရပြန်လေသည်။

ထိုအခြေအနေထိတော့ သူတို့တစ်ဖွဲ့လုံး ဆိုးဆိုးရွားရွား အန္တရာယ်မျိုးနှင့် မကြုံကြရသေးပေ။

ရမ်ဂျာတို့ မောင်နှမနှစ်ယောက်စလုံးက ထိုခရီးကိုရှုမ်း



www.burmeseclassic.com

www.burmeseclassic.com



ကျင်ကြသူများဖြစ်သဖြင့် ထိုမျှရက်တိုတိုနှင့် ခရီးပေါက်ခဲ့ကြခြင်း ဖြစ်ပေသည်။

ကပ်စကိုမြို့မှ မာချူးပစ်ချူးရောက်သည်အထိ ခြေလျင်သွားမည်ဆိုပါက လမ်း၌ နှစ်ညအိပ်နှင့်ရောက်နိုင်သော ခရီးသလို လေးညအိပ်ကြာမှ ရောက်နိုင်သော ခရီးလည်းရှိပေသည်။

လေးညအိပ် ကြာသောခရီးက ရက်ကြာသော်လည်း အန္တရာယ်နည်းသလို နှစ်ညအိပ်ခရီးက ရက်တိုသော်လည်း အန္တရာယ်များလေသည်။

သူတို့တစ်ဖွဲ့လုံးမှာ သေနတ်နှင့်ကျည်ဆံ စသည်တို့ ပြည့်စုံစွာပါလာသောကြောင့် ရမ်ဂျာက ရက်တိုသောလမ်းခေါ် ဆောင်လာခြင်း ဖြစ်သည်။

"ကျွန်တော်တို့ နောက်တစ်နေ့မှာ မာချူးပစ်ချူး ရောက်ပါမယ်၊ နောက်တစ်နေ့ဆိုရင် အယ်လ်ဆန်ဂေးမီးတောင်ကြီးကိုပါ လှမ်းမြင်ရပါတော့မယ်"

ခရီးရှည် သွားနေကြသူများအတွက် နောက်တစ်နေ့တွင် သွားလိုသောနေရာသို့ ရောက်တော့မည်ဆိုသော သတင်းစကားသည် အားရှိဖွယ်ရာ ဖြစ်သည်။

သို့သော် ရမ်ဂျာက နောက်ထပ်စကားတစ်ခွန်းထပ်ပြောပြန်သည်။

"လမ်းမှာတော့ မိကျောင်းနက်တွေ ကြီးစိုးနေတဲ့မြစ်ကို ဖြတ်ကြရဦးမယ်၊ ဒီမြစ်ကို ဖြတ်ပြီးရင်တော့ မာချူးပစ်ချူး





ချောချောမောမော ရောက်နိုင်ကြမှာပါ"

ဆိုလိုသည့်သဘောက မိကျောင်းနက်များရှိသောမြစ်ကိုဖြတ်နိုင်မချင်း အန္တရာယ်မကင်းနိုင်သေးသည့် သဘောမျိုးဖြစ်သည်။ သို့သော်လည်း မတတ်နိုင်တော့။

ဒီလောက်ခရီးပေါက်သည်အထိ လာခဲ့ပြီးမှတော့ သွားလိုသောနေရာ ရောက်သည်အထိ သွားရပေတော့မည်။ လမ်းမှာနောက်ထပ် တစ်ညအိပ်ပြီး နောက်တစ်နေ့ ရာသီဥတု သာယာသောအခါ ခရီးဆက်ကြပြန်လေသည်။

လမ်းမှာတော့ ထွေထွေထူးထူး အန္တရာယ်များနှင့်မတွေ့ကြရသဖြင့် ကံကောင်းသည်ဟုပင် ဆိုရပေတော့မည်။

တစ်နေရာရောက်တော့ လှိုဏ်တစ်ခုမှ ထွက်ကာနီးသောအခါ မမျှော်လင့်သော မြင်ကွင်းများနှင့် တွေ့ကြရသည်။

"ဟာ... ဘယ့်နှယ်ဟာတွေလဲ"

"ကြောက်စရာကောင်းလိုက်တာ"

အသီးသီး ရေရွတ်ပြောဆိုလိုက်ကြလေသည်။

မြင်ရသောမြင်ကွင်းက အခြားမဟုတ်ပေ။

သူတို့လက်ချက်ဖြင့် သေဆုံးသွားသော လူနီရိုင်း အလောင်းများကို ပြန်တွေ့ကြရခြင်းပင် ဖြစ်သည်။

လူသေအလောင်းများကို အချို့သစ်ပင်မှာ ဇောက်ထိုး ချိတ်ထားသည်။ အချို့ကိုတော့ သစ်သားတံဖြင့် တံကျင်သို့ကာ ဆောင်ထားလေသည်။ ခြေထောက်ကို ကြိုးဖြင့်ချည်ကာ သစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်းများတွင် တွဲလောင်းဆွဲထားသော အလောင်းများမှာ ရှေး ကားရား လက်ကားရားနှင့် ဖြစ်နေကြသည်။

သစ်သားချွန်ဖြင့် တံကျင်သို့၍ ထောင်ထားသော အလောင်းများမှာလည်း ဖုတ်ဝင်နေသော အလောင်းကော များ ရုပ်နေသကဲ့သို့ ကြောက်စရာကောင်းလှသည်။

ထိုအလောင်းများကိုသာတွေ့ရပြီး အခြားလူနီရိုင်းများ ကိုတော့ အရိပ်အယောင်မျှပင် မတွေ့ကြရပေ။

"ဒီအလောင်းတွေကို ဘာကြောင့် ဒီနေရာမှာ လာထား တာလဲ"

ကယ်နက်ဒီက မေးလိုက်သည်။

"ဒါ လူနီရိုင်းတွေရဲ့ ကျိန်စာတိုက်ခြင်း တစ်မျိုး ဖြစ် တယ်၊ သေသူတွေရဲ့ဝိညာဉ်တွေက သူတို့ကို သတ်သွားတဲ့ တွေကို ပြန်ပြီးကလဲ့စားချေအောင်လို့ ကျိန်စာတိုက်ထားတာ"

"ထွီ. . တိရိစ္ဆာန်တွေ"

ကယ်နက်ဒီက မကျေမနပ်ဖြင့် ရေရွတ်လိုက်သည်။

မည်သို့ပင်ဖြစ်စေ. . .

သေဆုံးနေသော အလောင်းများက သူတို့ကို ဘယ် မှ အန္တရာယ်မပေးနိုင်တော့သော်လည်း ထိုအနီးမှ ဖြတ်လျှော သွားရသည်ကတော့ မသင်္ကာစရာပင် ဖြစ်သည်။

အလောင်းကောင်တို့၏ မျက်လုံးများက သူတို့သွား ရာ လိုက်ကြည့်နေသကဲ့သို့ ရှိနေသည်။ သစ်ပင်၌ တွဲလော ဆွဲထားသော အလောင်းကောင်များကလည်း လေမတိုက်ပါပဲ နှင့် ဟိုယိမ်းဒီယမ်းနှင့် သူတို့သွားရာဘက်သို့ မျက်နှာလိုက်လှည့် သာကြလေသည်။

"သွားကြရအောင် ဒီနေရာက မြန်မြန်သွားကြမှ ဖြစ် မယ်၊ ဒီကျက်သရေမရှိတဲ့ အလောင်းကောင်တွေ မြင်ရတာ စိတ် ထဲမှာ တစ်မျိုးဖြစ်လာသလိုပဲ၊ ကြာရင် ခက်လိမ့်မယ်"

ဒေါက်တာကက်မွန်ရစ်တားက ပြောသဖြင့် အားလုံး ထိုနေရာမှ ခပ်သုတ်သုတ် ထွက်လာကြလေသည်။

နေ့လည်ဘက်ရောက်သောအခါ အတော်အသင့် ရေ စီးကြမ်းသော မြစ်တစ်စင်း၏ ကမ်းစပ်သို့ ရောက်သွားကြသည်။ မြစ်မှာ သိပ်မကျယ်လှသော်လည်း ရေစူးနက်ဟန်ရှိသည်။ ရေစီး အရှိန်က အတော်များသည်။

ရမ်ဂျာပြောသည့် မိကျောင်းနက်များပေါသော မြစ်ဖြစ် သည်။ ကမ်းဘေးတစ်ဖက်တစ်ချက်မှာ ထူထပ်သော သစ်တော ကြီးများ ရှိနေသောကြောင့် ကမ်းခြေကိုပင် မမြင်ရပေ။

ဒေါက်တာမင်းထင်ကျော်က တစ်ဖက်ကမ်း ရောက် သည်အထိ မည်သို့မည်ပုံ ကူးရမည်ကို တွေးတောနေသည်။

"အရင် မင်းတို့လာတော့ ဟိုဘက်ရောက်အောင် ဘယ် လိုကူးသလဲ ရမ်ဂျာ"

"ဖောင်လုပ်ပြီး ကူးကြတယ် ဆရာ"

"လူနည်းရင်တော့ သာမန်ဖောင်နဲ့ကူးလို့ ရနိုင်တယ်၊





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ငါတို့က လူများတဲ့အပြင် လာမာနှစ်ကောင်ကလည်း ပါသေး တယ်၊ ဒီသတ္တဝါတွေက ရေကြောက်တယ်၊ ဖောင်ပေါ်ရောက် ကြောက်ကြောက်လန့်လန့်နဲ့ ပြေးလို့ ဖောင်တစ်ခုခုဖြစ်ရင် အား လုံးဒုက္ခရောက်သွားနိုင်တယ်"

"ဘယ်လိုလုပ်ကြမလဲ ဆရာ"

"ဝါးဖောင်ကြီးကြီး လုပ်ရမယ်၊ ဒါပေမယ့် ဖောင်ကြီး တော့လည်း အလေးချိန်များပြီး လိုတဲ့နေရာမရောက်ပဲ အောက် ဖက်မျောပါသွားမှာကိုလည်း တွက်ရမယ်"

ဒေါက်တာမင်းထင်ကျော် စကားကြားတော့ အားလုံး ဝိုင်းဝန်းစဉ်းစားကြရလေသည်။

အတော်ကြာအောင် စဉ်းစားပြီးတော့မှ ဒေါက်တာမင်း ထင်ကျော်က ပြောသည်။

"ဖောင်သေးရင်လည်း နစ်မြုပ်မှာ စိုးရတယ်၊ ဖောင်ကြီး ရင်လည်း တစ်ဖက်ကမ်းမရောက်ပဲ ရေစီးကြောင်းအတိုင်း မျော ပါသွားရင် ခရီးမဆုံးအောင် ဖြစ်လိမ့်မယ်"

"ဒါတော့အမှန်ပဲ၊ ကျုပ်တို့ကလည်း ရေနဲ့ပတ်သက် တော့ သိပ်ပြီး အတွေ့အကြုံမရှိကြဘူး၊ ဒါကြောင့် ဒေါက် ကပဲ သင့်တော်သလို စီစဉ်ပါ"

ဟု ကယ်နက်ဒီက ဝင်ပြောသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ မြန်မာပြည်အနှံ့ သွားလာနေသူဖြစ်သဖြင့် ရေစီးကြမ်းလှသော ဧရာဝတီ ချင်း





တွင်း၊ စစ်တောင်း၊ သံလွင်မြစ်ကြီးများအပြင် အခြားရေစီးသန် လှသော မြစ်ချောင်းများကို မကြာခဏ ကူးဖြတ်ဖူးလေရာ အ တွေ့အကြုံရှိသူ တစ်ဦးဟုပင် ဆိုရပေတော့မည်။

သို့ကြောင့် မြစ်အကျယ်နှင့် ရေစီးအရှိန်တို့ကို တွက်ဆ ပြီး အကြံတစ်ခု ရနေလေသည်။

"ငါတို့ ဖောင်သေးသေးတစ်ခုလုပ်ပြီး မင်းနဲ့ငါနဲ့ ဟို ဘက်ကမ်းကို အရင်ကူးကြရမယ် ရမ်ဂျာ"

ထိုသို့ပြောသဖြင့် ရမ်ဂျာကလည်း ထွေထွေထူးထူးမမေး တော့ပဲ ခေါင်းညိတ်ပြသည်။

ထို့နောက် ဝါးပိုးဝါးများ ပေါပါးသော သစ်များကိုရှာပြီး ဖောင်ပြုလုပ်ကြသည်။ ဝါးဖောင် ပြုလုပ်ရာမှာတော့ ကျန်လူများ ကလည်း တတ်နိုင်သလောက် ကူညီလုပ်ကိုင်ပေးကြသည်။

ဝါးဖောင်မှာ လူနှစ်ယောက်အလေးချိန်ကို ခံနိုင်သ လောက် ပြုလုပ်ခြင်းဖြစ်သောကြောင့် သေးသေးပင် ဖြစ်သည်။

ရေသို့ချကြည့်သောအခါ တစ်ပေကျော်ကျော်လောက် သာ ရေပေါ်၌ပေါ်နေသည်။

ဝါးဖောင်ပြုလုပ်ပြီးတော့ ဒေါက်တာမင်းထင်ကျော်က အရွယ်တော် ဝါးကျစ်ဝါးများကို လှံသွားကဲ့သို့ဖြစ်အောင် ချွန်ကာ သတ်နက်အဖြစ် ပြုလုပ်လေသည်။

"ဝါးချွန်တွေက ဘာလုပ်ဖို့လဲ ဆရာ"

"မင်းပြောတဲ့အတိုင်း ဒီမြစ်ထဲမှာ မိကျောင်းတွေ ပေါ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုရင်တော့ ငါတို့ ဖောင်ပေါ်ရောက်တာနဲ့ ရန်မူကြမှာပဲ မိကျောင်းတွေကို တိုက်ခိုက်တဲ့နေရာမှာ သေနတ်ထက် ဝါးချွန် က ပိုကောင်းတယ်၊ ဝါးချွန်က လှံလို စလွတ်လို သုံးလို့ရတယ်

ရမ်ဂျာက စလွတ်ဆိုသော ဝေါဟာရကို မသိပဲ လှံဆို သော ဝေါဟာရကို သိသဖြင့် အခေါင်းပိတ် ဝါးလုံးများအား လှံသွားတမျှ မြနေအောင် ချွန်ပေးလေသည်။

ဝါးချွန်အတော်များများ ရသောအခါ ဖောင်ပေါ်တင်ပြီး တစ်ဖက်ကမ်းသို့ ကူးရန်ပြင်ကြသည်။

ဖောင်ပေါ်တွင် ဝါးချွန်များအပြင် နွယ်ကြိုးရှည်များ လည်း အခွေလိုက် တင်ဆောင်သွားကြသည်။

ဖောင်ပေါ်ရောက်သည်နှင့် ကြိုးဖြတ်ပြီး အသင့်လုပ် ထားသော သစ်သားပြားများဖြင့် တစ်ဖက်ကမ်း ရောက်အောင် ဖြတ်သည်။

သစ်သားပြားကို ဝါးရိုးတပ်ထားသောကြောင့် လှေ တက်ကဲ့သို့ အသုံးဝင်လှလေသည်။

ပထမတော့ နှစ်ယောက်စလုံး လှော်ယက်ကြသည်။ ဖောင်က ရေစီးအားနှင့်ပါသွားပြီး လှော်ခတ်အားကြောင့် တစ် ဖက်ကမ်းသို့ တဖြည်းဖြည်း ရွေ့သွားလေသည်။

ရေလယ်လောက်ရောက်တော့ အန္တရာယ်တစ်ခု နှင့် စတင်တွေ့ရတော့သည်။

မြစ်တွင်းမှာရှိကြသော မိကျောင်းနက်အချို့ ရောက်လာ





ကြပြီး ဝိုင်းဝန်းတိုက်ခိုက်ကြခြင်း ဖြစ်သည်။

ပထမ ဖောင်ကို လှော်ခတ်နေကြသည့် လူနှစ်ယောက် ကို အမြီးဖြင့်ရိုက်ချရန် ကြိုးစားသည်။

“ဝုန်း”

ဟူသော ရေသံကြားသည်နှင့် မတိုင်ပင်ရပဲ ပြိုင်တူလို နှစ်ယောက်စလုံး ဖောင်ပေါ် ဝပ်ပေးလိုက်ကြသည်။ မည်းနက် နေသော မိကျောင်းအမြီးပြားကြီးက ကျောပေါ်မှ သီသီကလေး ဖြတ်ကျော်သွားသည်။

ရေစက်များပင် စိုရွှဲသွားလေသည်။

“သတိထား ရမ်ဂျာ”

“ကျွန်တော့်အတွက် စိတ်မပူနဲ့၊ ဆရာသာ ဂရုစိုက်ပါ”

ထိုသို့ပြောနေစဉ်မှာ နောက်ထပ် အမြီးဖြင့် ထပ်ရိုက် ပြန်သည်။ ရေသံကြားကတည်းက နှစ်ယောက်သား ဝပ်ထား ပြီးသား ဖြစ်သောကြောင့် မထိပြန်ပေ။

ဒေါက်တာမင်းထင်ကျော်က အခြေအနေကြည့်တော့ ဖောင်နံဘေးမှ ကပ်လိုက်လာသော မိကျောင်းနက် နှစ်ကောင် သုံးကောင်တို့ကို တွေ့ရသည်။

အကောင်အရွယ်အစားက လှေငယ်တစ်စင်းလောက် ကြီးသော မိကျောင်းနက်ကြီးများ ဖြစ်သည်။ ၎င်းတို့အတွက် အန္တရာယ်မရှိဟု ထင်နေပုံဖြင့် ဖောင်နံဘေးမှ ရဲရဲတင်းတင်းပင် ကပ်လိုက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် တစ်ယောက်နှင့်တစ်ယောက် အချက်ပြလိုက်ကာ ဝါးချွန်တစ်ယောက်တစ်ချောင်းစီ ကိုင်ကာ နေရာမှ ထရပ်လိုက်သည်။ တဆက်တည်း ဆိုသလိုပင် ဖောင်နံဘေးမှ ကပ်လိုက်လာသော မိကျောင်းတစ်ကောင်စီကို ပစ်ထိုးလိုက်ကြလေသည်။

"ဝုန်း. . ဝုန်း"

ဝါးချွန်ထိသံနှင့်အတူ ရေလှိုင်းခတ်သံကြီးများ ထသွားရာ ဖောင်ပေါ်၌ ရေများရွဲသွားလေတော့သည်။

ထိုသို့ထိုးလိုက်သောကြောင့် မိကျောင်းအန္တရာယ်မှ အတော်ကလေး ကင်းဝေးသွားသည်။ အနှောက်အယှက် မရှိတော့သောကြောင့် နှစ်ယောက်သား အားစိုက်ပြီး လှော်ယက်ကြပြန်ရာ တစ်ဖက်ကမ်းနှင့် အတော်ပင် နီးလာလေပြီ။

၎င်းတို့ မူလထွက်လာခဲ့သောနေရာနှင့် ဓားလွယ်ခုတ်နေရာလောက်အထိ ရောက်လာကြသည်။

ဒီအတိုင်း ကြိုးစားလျှင် မကြာခင် တစ်ဖက်ကမ်းသို့ ရောက်သွားကြပေလိမ့်မည်။

ထိုအချိန်မှာပင် နောက်ထပ် အနှောက်အယှက် တစ်မျိုးက ရောက်လာပြန်သည်။

ဖောင်ပေါ်မှ လူနှစ်ယောက်ကို အမြီးဖြင့် ရိုက်ချ၍ မရသောကြောင့် မိကျောင်းနက်တစ်ကောင်က ဖောင်ပေါ် ရောက်လာသည်အထိ ခေါင်းထိုးတက်လာကာ တက်ဆွဲရန် ကြိုးစားပြီ





လေသည်။

ဒီတစ်ခါမှာတော့ လှော်တက်များကိုချပြီး ဝါးချွန်များကို ကိုင်ကာ လက်နက်အဖြစ် အသုံးချကြရပြန်သည်။

ဝါးချွန်များမှာ လှံသွားကဲ့သို့ မာကျောပြီး ချွန်ထက်လှသောကြောင့် ဖောင်ပေါ်သို့ ပါးစပ်ဖြဲပြီးတက်လာသော မိကျောင်းပါးစပ်တွင်းသို့ ထိုးထည့်လိုက်သည်။

"ဒုတ်. ."

ဝါးချွန်က ပါးစပ်တွင်းသို့ ဖောက်ဝင်သွားသည်နှင့် ဖောင်ပေါ် ရောက်နေသည့် မိကျောင်းလည်း ရေထဲသို့ ပြန်လည်ဆင်းသွားလေတော့သည်။

နောက်ထပ်တော့ ဖောင်ပေါ် တက်မလာတော့ပေ။

ဒေါက်တာမင်းထင်ကျော်နှင့် ရမ်ဂျာတို့လည်း သတိကြီးစွာဖြင့် လှော်ခတ်သွားရာ တစ်ဖက်ကမ်းသို့ ရောက်သွားကြသည်။

ရောက်သည်နှင့် ဝါးဖောင်ငယ်ကို တစ်နေရာမှ ဆွဲတင်ပြီး လုပ်ငန်းစကြလေသည်။

"ဘယ်လိုလုပ်မလဲဆရာ"

"ဖောင်ကြီးတစ်ဖောင်ရဲ့ အလေးချိန်ကို ဆွဲထားနိုင်တဲ့ နွယ်ကြိုးတွေလိုမယ်"

"ဒီတောထဲမှာ ဂုံညှင်းနွယ်တွေရှိတယ်၊ လက်မောင်းလောက် ကြီးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလောက်ကြီးရင် ရတယ်"

ဟုပြောဆိုကာ နှစ်ယောက်သား တက်ညီလက်ညီ လုပ်ကြလေသည်။ နွယ်ကြိုးများရှာခြင်း၊ တစ်ပင်နှင့်တစ်ပင် ခိုင်ခံ့အောင် ဆက်ခြင်းများ ပြုလုပ်ပြီး တစ်စကို ကြီးမားသော သစ်ပင်၌ချည်ထားလိုက်သည်။ ထို့နောက် နွယ်ကြိုးခွေများကို အလိုက်သင့်ပုံထားပြီး အဖျားတွင် ၎င်းတို့ပါလာသော ကြိုးခွေဖြင့် ခိုင်ခံ့အောင် ချည်သည်။

အားလုံး ပြင်ဆင်ပြီး ဖောင်ငယ်ဖြင့် တစ်ဖက်ကမ်းသို့ ပြန်ကူးသည်။

တစ်ဖက်ကမ်းသို့ ရောက်သောအခါ မိမိတို့ အဖွဲ့သားများနှင့် ဆုံတွေ့ပြီး နွယ်ကြိုးကြီးနှင့် ဆက်ထားသော ကြိုးကို တဖြည်းဖြည်းဆွဲယူရာ နွယ်ကြိုးကြီး ရောက်လာလေတော့သည်။

သို့ဖြင့် တစ်ဖက်စကို သစ်ပင်တစ်ပင်မှာ ချည်ထားလိုက်သည်။ ကြီးလှသော ဂုံညှင်းနွယ်ကြိုးကြီးမှာ တစ်ဖက်ကမ်းနှင့် တစ်ဖက်ကမ်း သွယ်တန်းထားပြီးကြလေသည်။

နောက်တော့မှ ဖောင်တစ်ဖောင်ကို ပြုလုပ်ကြသည်။ လူနှင့် တိရိစ္ဆာန်များတက်လျှင် မမြုပ်နိုင်သော ဖောင်မျိုးဖြစ်သည်။

ဖောင်ပြုလုပ်ပြီးသောအခါ လာမာနှစ်ကောင်ကို ဖောင်ပေါ် အရင်တင်သည်။ ရေထဲဆင်းရမှာ ကြောက်ရွံ့နေသဖြင့် အတင်းပင် ငြင်းဆန်နေရာ ကြိုးစားပြီး တင်တော့မှ လာမာနှစ်





ကောင်က ဖောင်ပေါ် ရောက်သည်။

၎င်းတို့ကို တင်ပြီးမှ ပစ္စည်းများကို ဖောင်ပေါ် တင်သည်။ နောက်တော့ လူများပါ ဖောင်ပေါ် ရောက်ပြီးသည်နှင့် ဖောင်ကို နွယ်ကြိုးစဖြင့် ခိုင်ခံ့အောင် ချည်ပြီးနှင့် ကမ်းစပ်မှ တွန်းထုတ်လိုက်သည်။

ဖောင်က ရေစီးဖြင့် ပါသွားသော်လည်း တစ်ဖက်ကမ်းမှ နွယ်ကြိုးတစ်စက ဆွဲထားသောကြောင့် ယိမ်းပါသွားလေရာ ကွက်ချင်းပင် တစ်ဖက်ကမ်းသို့ ရောက်သွားလေတော့သည်။

တစ်ဖက်ကမ်းသို့ ရောက်သည်နှင့် ပြန်ကွာထွက်မသွားစေရန် ကြိုးဖြင့်ချည်ထားပြီး အပေါ်သို့တက်ကြရာ ချောချောမောမောပင် ရောက်သွားကြလေသည်။

"ဒေါက်တာ အကြံအစည် ကောင်းလို့သာ ဒီဘက်ကမ်းကို ရောက်ကြတာပဲ၊ ကျုပ်တို့ချည်းသာ ဆိုရင်တော့ အခုလို ဆက်ဖို့မလွယ်ဘူး"

ဟု ကက်မွန်ရစ်တားက ပြောသည်။

"အမှန်ပါပဲဗျာ၊ သူတို့နှစ်ယောက် ဖောင်သေးသေးကလေးနဲ့ တစ်ဖက်ကမ်းကို ကူးကြတော့ မိကျောင်းနက်တွေက ဖောင်ပေါ် အထိ တက်ဆွဲတာ လှမ်းမြင်ရတော့ အသည်းကိုယားတာပဲ"

ကယ်နက်ဒီကပါ ဝင်ပြောရာ ကျန်လူများကပါ သူတို့နှစ်ယောက်၏ စွန့်စားမှုကို ချီးကျူးကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်ကတော့ ဘာမှပြန်မပြောဘဲ ပြုံးရုံသာ ပြုံးနေလေသည်။

သူ့အတွက်ကတော့ သာမန်အလုပ်ကို လုပ်ရသကဲ့သို့ ပင် အေးအေးဆေးဆေး ရှိနေလေသည်။

ထိုမြစ်ကမ်းမှ ခရီးဆက်ခဲ့ကြရာ ညနေပိုင်းအချိန် လောက်မှာတော့ စိမ်းညို့နေသောရှုခင်းများ နောက်ခံဖြင့် ထူး ဆန်းသော ပုံပန်းသဏ္ဍာန်ရှိသော တောင်ကြီးတစ်လုံးကို လှမ်း မြင်ကြရလေသည်။

"ဟိုးမှာ လှမ်းမြင်နေရတဲ့ တောင်ကြီးက အယ်လ်ဆာ ဘေးမီးတောင်ကြီးပါပဲ"

ရမ်ဂျာက လှမ်းပြသဖြင့် လှမ်းကြည့်လိုက်သောအခါမှာ တော့ မီးခိုးငွေ့များနှင့် မြူခိုးငွေ့များ ပိတ်ဆီးနေသဖြင့် တောင် ထိပ်ပိုင်းကို မမြင်ရသော မီးတောင်ကြီးတစ်လုံးကို လှမ်းမြင်ကြ ရသည်။

ရှေးနှစ်ပေါင်းလေးရာကျော် ငါးရာခန့်က အင်ကာလူ မျိုးတို့ ရွှေငွေရတနာများ မြှုပ်နှံခဲ့သောနေရာ မရောက်သေး သော်လည်း ရောက်ချင်သောနေရာကို လှမ်းမြင်ရရုံနှင့်ပင် ပင်ပန်းမှုများ လျော့ပါးသွားကာ စိတ်ထဲမှ လန်းဆန်းလာသလို ခံစားကြရလေသည်။





# အခန်း[၁၀]

# မာချူးပစ်ချူးမှ ဝိညာဉ်တိုက်ပွဲ

အင်ကာတို့၏ မြို့တော်ဟောင်းကြီးဖြစ်သော မာချူးပစ်ချူး သည် ပီရူးနိုင်ငံရှိ ယူဘမ်ဘာ(Urabamba) တောင်ကြားမှ ၀)မီတာမြင့်သော အင်ဒီစ်(Andes) တောင်ထွတ်များပေါ် ချူးပစ်ချူး တောင်ထွတ်များပေါ်၌ ရှိသည်။

မြို့တော်ဟောင်းကြီး နောက်ဘက်၌ရှိသော တောင်မြင့် အပေါ်မှကြည့်ပါက ယက်လက်အနေအထားမှ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကင်သို့ မော့ကြည့်နေသည့် အင်ကာတစ်ယောက်၏ မျက်
များစွာ တူလှပေသည်။

မာချူးပစ်ချူး မြို့တော်ဟောင်းကြီးအကြောင်းကို
အခန်းများတွင် ပြည့်စုံစွာဖော်ပြထားပြီး ဖြစ်သောကြောင့်
သေးစိတ် မရေးတော့ပေ။

မြို့တည်ထားသောနေရာမှာ အကြီးဆုံး တောင်
ကြီးဖြစ်ပြီး အင်ကာ၏ နှာခေါင်းနှင့် တူသောနေရာ၌ မြို့
ထားခြင်း ဖြစ်သည်။ မြို့တည်ထားသော အောက်ဘက်
ယူဘမ်ဘာမြစ်ကြီးက စီးဆင်းနေသည်။

မြို့တည်ထားသောနေရာကို တောင်အောက်မှကြ
က ဘယ်လိုမှမတွေ့နိုင်သော နေရာလည်းဖြစ်သည်။

မတ်စောက်သော ကျောက်တောင်နံရံတို့ကို
လှေခါးထစ်များအဖြစ် ထုဆစ်ပြီး အတက်အဆင်း ပြုလုပ်
စီစဉ်ထားလေသည်။ အပေါ်ရောက်တော့ ပုံသဏ္ဌာန်အမျိုး
သော ကျောက်သားနံရံများဖြင့် ဆောက်ထားသော နေအိမ်
ကို တွေ့ကြရသည်။

ဧင်းတို့သည် နံဘေးအကာကိုသာ ကျောက်နံရံများ
ပြုလုပ်ကြသော်လည်း အမိုးတော့မရှိပေ။ ပိရမစ်သဏ္ဌာန်
သော ကျောက်သားထုများကို အောက်ခြေကျယ်ပြီး အ
တဖြည်းဖြည်းကျဉ်းသွားသော အထစ်ကြီးများရှိသည်။

ပုံသဏ္ဌာန်အားဖြင့် စေတီတည်ထားသကဲ့သို့





သည်။ ထိုကျောက်ထစ်ကြီးများပေါ်၌ လူအတက်အဆင်း ပြု
နိုင်ရန် ကျောက်လှေခါးထစ်ကလေးများ ပြုလုပ်ထားကြ
သည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ အပေါ်သို့ ရောက်စေ
ထိုကျောက်လှေခါးထစ်ကလေးများမှ တောင်ထိပ်ရောက်
အောင် ကြိုးစားပြီး တက်ကြရလေသည်။

အချို့နေရာများမှာ မတ်စောက်လှသဖြင့် ကြိုးလှေခါး
အပေါ်တက်ရသကဲ့သို့ ရှိကြလေသည်။ သို့သော်လည်း သွား
သောနေရာ ရောက်ခဲ့ကြပြီဖြစ်သဖြင့် ငွဲမလျှော့ပဲ တက်ကြရ
နေပိုင်း အချိန်လောက်တွင် တောင်ထိပ်ပေါ်သို့ ရောက်သွား
ကြသည်။

တောင်ထိပ်ပေါ်မှာတော့ သစ်ပင်သစ်တောများ မတွေ့
လောက် နည်းသွားပြီး ကျောက်သားဖြင့် ပြုလုပ်ထားသော
ဆောက်အဦး အပျက်အစီးများကို တွေ့ကြရသည်။

တောင်ထိပ်ပေါ်မှ ကြည့်သောအခါ စိမ်းညို့နေသော
တောင်တန်းကြီးများက မာချူးပစ်ချူးမြို့ဟောင်းရှိသော နေရာ
ဝန်းရံထားကြလေသည်။

အရှေ့ဘက်မှာရှိသော တောင်တန်းကြီးက မာချူးပစ်
တောင်ထက် ပိုမြင့်ပြီး အချို့တောင်များကတော့ နိမ့်ကြသည်။
မြို့ဟောင်းနေရာမှ ကြည့်သောအခါမှ မိမိတို့ရောက်နေသော
ဝန်းကျင်တစ်ဝိုက်မှ မြင်ကွင်းများကို လှမ်းမြင်ကြရလေ

www.burmeseclassic.com



သည်။

အောက်ဘက်၌ မြွေကြီးတစ်ကောင်ကဲ့သို့ ရစ်ခွေ ဆင်းနေသော ယူဘမ်ဘာမြစ်ကြီးကိုသော်လည်းကောင်း၊ အရှေ့ ဘက် အင်ဒီးစ်တောင်တန်းပေါ်မှာရှိသော အယ်လ်ဆန် မီးတောင်ကြီးကိုသော်လည်းကောင်း မှုံဝါးဝါး လှမ်းမြင်ကြ သည်။

မီးတောင်ရှိသောနေရာမှာ အရှေ့ဘက် အမေဇုံမြ ဝှမ်းဘက်သို့ ထိုးထွက်နေသည့် တောင်စွယ်တစ်ခု၌ ရှိပေသည်

ဒေါက်တာမင်းထင်ကျော်ကတော့ အနောက်ဘက် တစ်စွန်းတစ်စ ကျန်နေသေးသော အလင်းရောင်အချို့နှင့် ဝါးဝါး လှမ်းမြင်နေရသော မီးတောင်ကြီးရှိရာဘက်သို့ လှ မျှော်ကြည့်ရင်း အတွေးစများ ရှည်နေလေသည်။

ရှေးနှစ်ပေါင်းလေးရာကျော်လောက်က ကြက်ပျံမ စည်ကားခဲ့သော မာချူးပစ်ချူးမြို့တော်ကြီးတွင် သွားလာ ရှားနေကြသော အင်ကာလူမျိုးများ ရွှေငွေကျောက်မျက်ရတ တို့ဖြင့် တဝင်းဝင်း တောက်ပနေပုံများ၊ နောက်ပိုင်း စပိန်မျ လာရောက်ကျူးကျော်ကာ တိုက်ခဲ့ကြသော အဓမ္မစစ်ပွဲများ

ဘုရင် ဖမ်းဆီးခံခဲ့ရပြီးနောက်တွင် အင်ကာတို့သ ရင်းတို့ပိုင်ဆိုင်သော တစ်မြို့လုံးမှာရှိကြသည့် ရွှေငွေ ကျော မျက်ရတနာတို့ကို မီးတောင်ကြီးရှိရာသို့ သယ်ဆောင်ကြပုံများ မျက်စိထဲမှာ မြင်ယောင်ကြည့်နေမိလေသည်။





အချိန်မှာ ညနေပိုင်းအချိန် ရောက်လာပြီ ဖြစ်သော ကြောင့် အလင်းရောင်ပျောက်သွားပြီး မြူခိုးငွေ့များက ဖုံးလွှမ်း လာလေသည်။ အအေးဓါတ်ကလည်း ပိုများလာလေသည်။

ဒေါက်တာမင်းထင်ကျော်က အအေးသက်သာစေရန် ရက်တစ်လိပ်ကို မီးညှိဖွာရင်း တောင်စွန်း၌ ရပ်နေစဉ် သူ့ သားသို့ လူတစ်ယောက် ရောက်လာလေသည်။

မာရီယာဒုပင် ဖြစ်သည်။

သူမက အနွေးထည်ထူထူ ဝတ်ဆင်ထားပြီး ခေါင်းပေါ် အမွေးပွဦးထုပ်တစ်လုံး ဆောင်းထားသည်။

"ကျွန်မတို့သွားမယ့် မီးတောင်ကြီးကို လှမ်းမြင်နေရပြီ ာ"

သူမက မှုံဝါးဝါးသာမြင်ရတော့သည့် မီးတောင်ကြီးရှိရာ လှမ်းကြည့်ရင်း ပြောသည်။

"ဟုတ်တယ် နောက်တစ်ရက်ဆိုရင် ကျွန်တော်တို့ မီး ာင်ပေါ် တက်ကြရတော့မယ်"

"ဒါထက် မီးတောင်က ပေါက်တဲ့ရက်ပေါက်ပြီး မပေါက် က်တွေလည်း ရှိတယ်လို့သိရတယ်၊ ပေါက်မယ့်ရက်ကို ဘယ် သိနိုင်မလဲ"

"ကျွန်တော်တို့ကတော့ အခုမှ ရောက်ဖူးကြတာဆိုတော့ တွေကို သိမှာမဟုတ်ဘူး၊ ဒီပတ်ဝန်းကျင် တစ်ဝိုက်မှာ နေကြ အင်ဒီးယန်းတွေမှပဲ သိမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မာရီယာက မသိမသာ သက်ပြင်းတစ်ချက် ချလို
သည်။

"လမ်းမှာတွေ့ခဲ့တဲ့ မိကျောင်းနက်တွေရှိတဲ့မြစ်ကို
အောင်မြင်ဖြတ်နိုင်ခဲ့တဲ့ ဒေါက်တာရဲ့ အရည်အချင်းကိုတော့ ကျွန်
ဦးလေးက အတော်ကလေး သဘောကျနေတယ်"

ဒေါက်တာမင်းထင်ကျော်က ပြုံးရုံသာ ပြုံးပြလို
သည်။

"ဒါထက် ရမ်ဂျာဆီမှာ ပါလာတဲ့ မြကြီးနဲ့ပတ်သက်
ဒေါက်တာဘယ်လို ယူဆသလဲ"

"သူပြောတဲ့ မန်တာတောင်ကြားဘက်မှာ အရည်အ
သွေးကောင်းတဲ့ မြတွေ ထွက်တာတော့ အမှန်ပါပဲ၊ သူ့ဆီမှာရှိ
မြတ မျက်လုံးနဲ့တူတာဆိုတော့ မျက်လုံးအဖြစ် တပ်ဆင်ထား
တဲ့နေရာက ရလာတာများ ဖြစ်မလား မသိဘူး"

"ကျွန်မလည်း အဲဒီလိုပဲ ထင်မိတယ်၊ မန်ဘာတော
ကြားဘက်မှာနေတဲ့ လူရိုင်းတွေက သူတို့အထွတ်အမြတ်ထား
ရုပ်တုတွေမှာ မြမျက်လုံးတွေ တပ်ကြတယ်လို့ မှတ်တမ်းတွေ
တွေ့ဖူးတယ်"

"မာရီယာထင်တာ ဖြစ်နိုင်စရာရှိပါတယ်၊ သူ့လက်
မှာရှိတဲ့ မြမျက်လုံးက တန်ဖိုးသိဒ္ဓိရှိတာတော့ အမှန်ပဲ"

"တကယ်လို့ ဒေါက်တာအနေနဲ့ ပင်လယ်ကမ်း
ဘက်ကိုပဲဖြစ်ဖြစ် မန်တာတောင်ကြားဘက်ကိုပဲဖြစ်ဖြစ် သွား





င် ကျွန်မတို့လည်းလိုက်ခဲ့ဖို့ ဦးလေးကို ပြောပြထားပါတယ်"

ဒေါက်တာမင်းထင်ကျော်က ကျေနပ်သော အမူအယာ
ခေါင်းညိတ်ပြလိုက်လေသည်။

ထို့နောက် အပြင်ဘက်မှာ နှင်းကျတာ များလာသော
င့် အအေးဓါတ်ကလည်း များလာလေသည်။

ထို့ကြောင့် တည်းခိုသောနေရာသို့ ပြန်ဝင်လာကြလေ
သည်။ ညဦးပိုင်းအချိန်ရောက်တော့ အစားအသောက်များ စား
က်ပြီး အချို့က အိပ်ကြသည်။

အချို့လည်း မအိပ်ပဲ ကော်ဖီသောက်ရင်း မီးပုံနံဘေး
ဝိုင်းထိုင်ကာ စကားပြောနေကြလေသည်။

ညဉ့်နက်ပိုင်း အချိန်ရောက်တော့ လမ်းမှာတွေ့ခဲ့ရသည့်
တိုင်း ဆူဆူညံညံအသံများ စတင်ကြားကြရသည်။

လမ်းမှာ ညအိပ်ခဲ့စဉ်ကလည်း ထိုကဲ့သို့သော အသံမျိုး
ကြရသဖြင့် ထူးထူးခြားခြားတော့ မရှိကြပေ။

ကြားရသော အသံများက အင်ကာတို့အချင်းချင်း ပြော
နေကြသည့် စကားသံများပင် ဖြစ်သည်။

နောက်တော့ ယခင်တွေ့ခဲ့ရသည့်အတိုင်း အထုပ်ကြီး
ထုပ်ငယ်များကို ထမ်းကြရွက်ကြကာ မီးတောင်ကြီး ရှိသော
ရာဘက်သို့ သွားနေကြသည်ကို ဝိုးတဝါး မြင်ကြရသည်။

ထိုအသံများကြောင့် အိပ်ပျော်နေသူများပင် ပြန်နိုးလာ
း ထကြည့်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အရိုးခိုက်တမျှ အေးလှသော နှင်းတောထဲတွင် အ
အစားမပါပဲ ကိုယ်ဗလာဖြင့် ယောကျ်ားမိန်းမတို့မှာ အသီး
အထုပ်များကို ထမ်းရွက်ပြီး သွားနေကြသည်ကို မြင်တွေ့ရ
အခါ အံ့သြကြရပြန်သည်။

အတော်ကြာတော့မှ အသံဗလံများလည်း တိတ်
လှုရိပ်လှုခြည်များလည်း ကွယ်ပျောက်သွားလေသည်။

ထိုသို့မြင်ရပြီး ညဥ့်နက်ပိုင်းရောက်တော့ ထပ်မံ
အသံများ ကြားကြရပြန်သည်။ ဒီတစ်ခါကြားရသော အသံ
အင်ကာတို့ ပြောနေသော စကားသံမျိုး မဟုတ်ပဲ လူနီရိုင်း
ပြောဆိုသော အသံမျိုးဖြစ်နေသဖြင့် ဒေါက်တာမင်းထင်
က နားစွင့်ကြည့်နေသည်။ သူ့စိတ်ထဲမှာ လူနီရိုင်းများ သူ
နောက်မှ ထပ်ကြပ်မကွာ လိုက်လာပြီဟု ထင်လိုက်သည်။

သို့ကြောင့် သေနတ်ကို အဆင်သင့်ပြင်ပြီး အပေါ်
သို့ ထွက်ကြည့်လေသည်။

အခြားနိုးနေသူတို့ကလည်း အဆင်သင့်ပါလာ
လက်နက်များကို ကိုင်ကာ အခြေအနေကြည့်နေသည်။

သူ ထင်သည့်အတိုင်းပင်. . .

ဝေဝါးနေသော နှင်းများထဲမှ လူနီရိုင်းအချို့ ထွက်
ကြလေသည်။ များများတော့ မဟုတ်ပေ။

(၅)ယောက်ခန့်သာ ရှိသည်။ လက်ထဲမှာလည်း လ
နက်များ မပါပဲ ဒယိမ်းဒယိုင်ဖြင့် သူတို့ရှိရာဘက်သို့ လျှော





လာနေကြသည်။

"ဟင်. . ဘယ့်နှယ်ဟာတွေပါလိမ့်"

"လူနီရိုင်းတွေတော့ လူနီရိုင်းတွေပါပဲ၊ လက်နက်တွေလည်း မပါဘူး၊ လေးငါးယောက်တည်းနဲ့ ဒီတောင်ပေါ် ဘာလာလုပ်ကြတာလည်း မသိဘူး"

ဟု ပြောဆိုနေကြစဉ် ခြေကားယားလက်ကားယားဖြင့် လျှောက်လာသော လူနီရိုင်းများက မနီးမဝေးသို့ ရောက်လာသဖြင့် ကောင်းစွာမြင်ရပေသည်။

"လူနီရိုင်းတွေပဲ၊ ကျုပ်တို့ကို အန္တရာယ်ပေးဖို့ လိုက်လာကြတာပဲ ဖြစ်မယ်၊ ဘာကြည့်နေကြတာလည်း သေနတ်နဲ့ ပစ်ကြလေ"

ကယ်နက်ဒီက ပြောပြောဆိုဆိုနှင့် လူနီရိုင်းများကို သေနတ်ဖြင့် စပစ်လေသည်။

"ဒိုင်း. . ဒိုင်း"

တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တစ်ဝိုက်မှာ သေနတ်သံက နားကွဲလုမတတ် ဆူညံသွားလေသည်။

သေနတ်သံ စဲသွားပြီးနောက် အခြေအနေကို ကြည့်လိုက်တော့ စောစောက လူရိုင်းနိုင်ငါးယောက်မှာ တစ်ယောက်တစ်လေမှ လဲကျသွားဖြင်းမရှိပဲ သူတို့ ရှိနေရာဘက်သို့ လာ လာနေကြလေသည်။

"ဟင်. . ဘယ်လိုဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကယ်နက်ဒီ နောက်ထပ် သေနတ်ဖြင့်ပစ်ရန် ထပ်ချိန်လိုက်တော့ ဒေါက်တာမင်းထင်ကျော်က တားလိုက်သည်။

"မပစ်နဲ့၊ ထပ်ပစ်လည်း ကျည်ဆံကုန်ရုံပဲရှိမယ်၊ သူတို့က ခင်ဗျားပစ်လည်း ရပ်မှာမဟုတ်ဘူး"

"ဘယ်လိုကြောင့်လဲ"

"တခြားမဟုတ်ဘူး၊ အခုမြင်နေရတာ သာမန်လူရိုင်းနီတွေ မဟုတ်ဘူး၊ ဖုတ်ဝင်နေတဲ့ အလောင်းတွေပဲ"

"ဟင်. . "

ဒေါက်တာမင်းထင်ကျော် စကားကြောင့် အံ့သြသွားကြသည်။ အချို့လည်း မျက်လုံးပြူးသွားကြသည်။

"နောက်ပြီး အခုတွေ့နေရတာ ကျွန်တော်တို့ လာတုန်းက လမ်းမှာတွေ့ခဲ့ရတဲ့ ကျိန်စာတိုက်ထားတဲ့ အလောင်းတွေပဲ"

"ဟင်. . ဘယ့်နှယ်လုပ်ကြမလဲ၊ ကျုပ်တို့မှာလည်း ပစ်တဲ့သေနတ်ပဲ ပါတယ်၊ ဒီလို ဖုတ်ကောင်တွေကိုနိုင်တဲ့ ပစ္စည်းတွေတော့ မပါဘူး"

ထိုသို့ ပြောနေစဉ်မှာ ဒယိမ်းဒယိုင်နှင့် လျှောက်လာကြသော လူရိုင်းနီဖုတ်ကောင်များက ဂူပေါက်ဝသို့ ရောက်လာကြသည်။ အပြင်ဘက်တွင် မြူနှင်းများ ကျဆင်းနေသော်လည်း ဂူပေါက်ဝမှာဖိုထားသော မီးရောင်ကြောင့် ၎င်းတို့ပုံပန်းသဏ္ဍာန်တို့ကို အတိုင်းသား မြင်နေရသည်။

ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့နှင့်တွေ့ပြီး သေနတ်





ကျည်ဆံထိပြီး သေဆုံးသွားတာ မကြာသေးသော်လည်း ရုပ်ပျက်ဆင်းပျက် ဖြစ်စပြုနေပြီဖြစ်သော လူရိုင်းနီးများ ဝင်ရန်ကြိုးစားကြသည်။

သို့သော် ဂူပေါက်ဝ၌ ဖိုထားသော မီးရောင်ကြောင့် ဝင်၍မရပဲ ဖြစ်နေကြသည်။

ထိုသို့ ဝင်မရသောအခါ ဂူပေါက်ဝတွင်ထားသော လာမာနှစ်ကောင်ကို ဝင်ဆွဲကြသည်။

လာမာများကလည်း ကြောက်လန့်တကြား အော်ဟစ်ရင်းနှင့် ရုန်းနေကြသည်။ အခြေအနေက မကောင်းလှပေ။

အကယ်၍သာ လာမာနှစ်ကောင် မရှိတော့ပါက ခရီးဆက်ရန်အတွက် များစွာအခက်အခဲ ဖြစ်ကြပေလိမ့်မည်။

သူတို့မှာပါသော သေနတ်၊ ဓား၊ လှံ၊ လက်နက်များက ဖုတ်ကောင်များကို တိုက်ခိုက်ရာမှာ အသုံးမဝင်လှပေ။

ဒီတစ်ကြိမ်မှာတော့ ရမ်ဂျာလည်း မတတ်နိုင်ပဲ ဖြစ်နေလေသည်။

"ရမ်ဂျာ မင်းမှာပါလာတဲ့ မြမျက်လုံးက ဖုတ်ကောင်တွေကို နှင်ထုတ်လို့ မရဘူးလား"

"သူက နေရောင်နဲ့ထိမှ အလင်းရောင်ထွက်တာ၊ ဒီလို မှောင်နေတဲ့အချိန်မှာ အလင်းရောင် မရနိုင်ဘူး"

"အလင်းရောင်ရဖို့ လွယ်ပါတယ်၊ မင်းရဲ့ မြမျက်လုံးကိုသာ အပြင်ထုတ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဒေါက်တာမင်းထင်ကျော်က ပြောသဖြင့် ရမ်ဂျာက လည်း ၎င်းအိတ်ထဲမှာ ထည့်ထားသည့် မြမျက်လုံးကိုထုတ်ပြီး လက်ဝါးပေါ် တင်လိုက်သည်။

ဒေါက်တာမင်းထင်ကျော်တို့က ပါလာသော လက်နှိပ် ဓါတ်မီး သုံးလေးလက်ဖြင့် မြမျက်လုံးကို ဝိုင်းထိုးသောအခါ အစိမ်းရောင် အလင်းတန်းများ ဖြာထွက်လာလေသည်။

မြမျက်လုံးများ အလင်းရောင်များ ဖြာတက်သွားသော အခါ လာမာနှစ်ကောင်ကို သတ်ဖြတ်ရန် ကြိုးစားနေကြသော ဖုတ်ဝင်နေသည့် အလောင်းများမှာ နောက်သို့ ပြန်ဆုတ်သွားကြ လေသည်။

သို့သော် ထိုနေရာမှထွက်ခွာသွားခြင်း မဟုတ်ပဲ နောက် တစ်ကြိမ် အခွင့်အရေးရပါက ထပ်မံဝင်ရောက်ကြရန်ဖြင့် အ မှောင်ရိပ်တွင်းမှာ ရပ်တံ့နေကြသည်။

ထိုအခြေအနေမှာပင် နောက်ထပ်အသံများ ကြားလာ ရပြန်သည်။ ဒီတစ်ကြိမ် လကြားရသောအသံကတော့ အတော် ပင် များလေသည်။

"နောက်ထပ် ဖုတ်ကောင်တွေ ထပ်ရောက်လာကြပြန်ပြီ နဲ့တူတယ်၊ ဘယ်လိုလုပ်ကြမလဲ"

"မတတ်နိုင်တော့ဘူး၊ ဖြစ်လာသမျှ အန္တရာယ်ကိုတော့ ဒီလိုပဲ ရင်ဆိုင်ကြရမှာပဲ"

"မကောင်းဆိုးဝါးတွေက မီးရောင်ကြောက်ကြတယ်





ဒီတော့ မီးတုတ်တွေ များများရအောင်သာ လုပ်ထားကြပေ တော့"

ဟု ပြောဆိုကာ စုဆောင်းထားသော ထင်းချောင်း အ ချို့ကို မီးပုံအတွင်း ထည့်ထားကြလေသည်။

နောက်ထပ်ကြားရသော အသံများမှာ အခြားမဟုတ် ပေ။ စောစောက အထုပ်များ ထမ်းရွက်ပြီး ထွက်သွားကြသည့် အင်ကာများ ပြန်ရောက်လာကြခြင်းပင် ဖြစ်ပေသည်။

နောက်မှရောက်လာသော အင်ကာများက ယခင်က အသည်းက ၎င်းတို့နှင့် ရန်ဘက်များဖြစ်ခဲ့ကြသော လူရိုင်းများကို မြင်သောအခါ ဝိုင်းဝန်းတိုက်ခိုက်ကြလေတော့သည်။

အသံနက်ကြီးများဖြင့် အော်သံများကိုသာ ကြားလိုက် ရပြီး အခြေအနေတော့ မမြင်ကြရပေ။

နောက်တော့ ဆူညံနေသော အသံများ ငြိမ်သက်သွား သလို တိုက်ခိုက်နေသော အရိပ်အယောင်များလည်း မတွေ့ရ မမြင်ရတော့ပေ။

ပတ်ဝန်းကျင်တစ်ခုလုံး မြူနှင်းများ ပိတ်နေသည်မှလွဲပြီး အခြားဘာမှ မရှိတော့ပေ။

"ထူးဆန်းလိုက်တာ"

မာရီယာက တုံရင်နေသော အသံဖြင့် ရေရွတ်လိုက် လေသည်။

"ဒီတောင်တန်းတွေ ပေါ်သွားရင် ဒီလို ထူးဆန်းတာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ အများကြီး တွေ့ကြရတယ်၊ ဒီဒေသမှာနေကြတဲ့ သူတွေ့ အတွက်ကတော့ မထူးဆန်းတော့ပါဘူး၊ ရှေ့မှာ မီးတောင်ကြီး ရှိတဲ့နေရာရောက်ရင်လည်း ဒီလိုပဲ တွေ့ကြရဦးမှာပဲ"

စကားနည်းလှသော ရမ်ဂျာညီမ အေရှာက ပြောပြသဖြင့် မာရီယာလည်း နောက်ထပ်ဘာမှ မပြောတော့ပေ။

သူတို့အတွက် တစ်ညလုံး နောက်ထပ်အနှောက်အယှက်များ ထပ်မတွေ့ကြရတော့ပါချေ။







# အခန်း [ ၁၁ ]

# အယ်လ်ဆန်းဂေးမီးတောင်သို့ ရောက်ကြပြီ

နောက်တစ်နေ့မှာတော့ ရာသီဥတုကောင်းသည်နှင့် အချူပစ်ချူမှ အယ်လ်ဆန်းဂေးမီးတောင်ကြီးရှိသော နေရာဘက်သို့ ဦးတည်ပြီး ခရီးဆက်ကြလေသည်။

သူတို့သည် တောင်ထိပ်ပေါ်မှ အရှေ့ဘက်သို့ဆင်းသော ဆင်ခြေလျှောလမ်းများအတိုင်း သွားကြလေသည်။

လျှိုထဲရောက်သွားသော အခါမှာတော့ မီးတောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုသာမကပဲ ပတ်ဝန်းကျင်သို့ ဘာမှမမြင်ရတော့ပေ။

ထိုနေရာမှ ခရီးဆက်သောအခါ ကွင်းပြင်တစ်ခုသို့ ရောက်သွားကြသည်။ မြက်ရိုင်းပင်များမှာ လူတစ်ရပ်ကျော်ခန့် မြင့်မားလေသည်။

ဒီမြက်ရိုင်းတောကို ကျော်ဖြတ်ပြီးရင်တော့ မီးတောင်ရှိတဲ့ တောင်ကြီးကိုသာမကပဲ ပတ်ဝန်းကျင်သို့ ဘာမှမမြင်ရတော့ပေ။

ထိုနေရာမှ ခရီးဆက်သောအခါ ကွင်းပြင်တစ်ခုသို့ ရောက်သွားကြသည်။ မြက်ရိုင်းပင်များမှာ လူတစ်ရပ်ကျော်ခန့် မြင့်မားလေသည်။

"ဒီမြက်ရိုင်းတောကို ကျော်ဖြတ်ပြီးရင်တော့ မီးတောင်ရှိတဲ့ တောင်ခြေကို ရောက်ကြမယ်"

ဟု ရမ်ဂျာက ပြောသည်။

ဒေါက်တာမင်းထင်ကျော်က ကျော်ဖြတ်ရမည့် မြက်ရိုင်းတောကြီးအခြေအနေကို အကဲခတ်ကြည့်သည်။

မျက်စိတစ်ဆုံး ကျယ်သော လွင်ပြင်ကျယ်ကြီးထဲတွင် ပေါက်နေသော မြက်ရိုင်းပင်များမှာ လူတစ်ရပ်အောက် မနိမ့်လှပေ။ ထို့ပြင် အခြားနေရာမှ ကွင်းရှောင်သွားစရာလမ်းလည်း မရှိပေ။

"မြက်ရိုင်းပင်တွေ ဒီလောက်ထူနေရင်တော့ ဒီတောထဲမှာ မြွေတွေရှိမှာ သေချာတယ်"





"မြွေတွေထက် ပိုကြောက်စရာကောင်းတာတွေ ရှိ...တယ်"

"ဘာတွေလဲ"

"သွေးစုပ်မျှော့နက်ကြီးတွေ"

ထိုစကားကြောင့် ကျောထဲမှာ စိမ့်ခနဲ ဖြစ်သွားသည်။ ...တ်တာမင်းထင်ကျော်က မျှော့နက်ကြီးများအကြောင်းကို ...င်းစွာသိသည်။

သေးငယ်သော အကောင်ငယ်များမှစပြီး လက်မောင်း...က်ကြီးသော မျှော့နက်ကြီးများလည်း ရှိသည်။ ရှေ့ပိုင်း...သော်လည်း နောက်ပိုင်း၌ပါသော စုပ်ခွက်ကြီးများက အ...င်ကြီးသည်။ ပန်းကန်ပြားဝိုင်းခန့်ရှိပြီး စုပ်ကြောင်းသုံးခု...ည်။

လူဖြစ်စေ တိရိစ္ဆာန်ဖြစ်စေ တွယ်ကပ်မိပါက ခွာချ၍...ာ့ပေ။ ၎င်းတို့ သွေးဝပြီး ဖောင်းကားသွားမှသာ အလိုအ...တ် ကွာကျလေ့ရှိသည်။

သာမန် တိရိစ္ဆာန် အကောင်ငယ်ကလေးများကို မျှော့...ပါက သွေးခမ်းပြီး အသက်သေသည်အထိ ဖြစ်ကြရ...

လူတစ်ယောက်ဆိုလျှင်လည်း မျှော့အကောင်ကြီးကြီး...ခဲ့ရပါက တစ်ကိုယ်လုံး သွေးခမ်းပြီး အသက်သေစေနိုင်



www.burmeseclassic.com

www.burmeseclassic.com



"မျှော့တွေကိုနိုင်တာ ဆားနဲ့ထုံးပဲရှိတယ်၊ ဒီမှာ… ထုံးရော ဆားပါ မပါလာဘူး"

"ဒီနားတစ်ဝိုက်မှာ ထုံးအိုင်တွေ ရှိပါတယ်၊ ဒါ့အပြ… ဒီတောထဲမှာ ဆေးရွက်နဲ့တူတဲ့ သစ်ရွက်တွေရှိတယ်၊ မျှော့… ကပ်ပေးလိုက်ရင် အရည်ပျော်နိုင်တယ်"

"ဒါဖြင့်လည်း ဆောင်သွားရအောင် ခူးခဲ့ပါဦး"

ဟုပြောသဖြင့် ရမ်ဂျာတို့ မောင်နှမက တောထဲသို့… သွားကြလေသည်။

အတော်ကြာတော့ ကျွန်းရွက်လောက်ကြီးသော သ… ရွက်ကြီးများကို ခူးယူလာကြလေသည်။

အပေါ်ကျောဘက်က အစိမ်းရောင် ဖြစ်သော်… အတွင်းသားက အနီရောင်ဖြစ်သည်။

ပြန်ရောက်လာတော့ ရမ်ဂျာက ထိုသစ်ရွက်များ… အားလုံးဝေမျှပေးသည်။

မြက်ရိုင်းတောကြီးထဲ ဖြတ်ရတော့မည် ဆိုသော… မာရီယာတစ်ယောက် မျက်စိမျက်နှာ ပျက်နေသည်ကို သ… မိသဖြင့် ဒေါက်တာမင်းထင်ကျော်က တိုးတိုးမေးလိုက်သ…

"ဘာဖြစ်လို့လဲ"

"ကျွန်မက တောတိရိစ္ဆာန်တွေတောင် သိပ်မကြော… ဘူး၊ မြွေနဲ့မျှော့တော့ ကြောက်တယ်"

"ဒီမြက်ရိုင်းတောထဲမှာ မြွေရော မျှော့ရော နှစ်မျိုး…





…ယ်၊ ဒီနေရာက မဖြတ်လို့လည်း တခြားနေရာတွေက ဖြတ် …သွားစရာလမ်းမရှိဘူး"

"ကျွန်မ သဘောပေါက်ပါတယ်၊ ကျွန်မ ကြိုးစားပြီး …ဖြတ်ခဲ့ပါ့မယ်၊ ကျွန်မအတွက်နဲ့တော့ အနှောက်အယှက် မဖြစ် …စေရပါဘူး"

"ဘာမှမကြောက်ပါနဲ့၊ ကျွန်တော် မာရီယာ့နားကနေ …အခုခုဖြစ်လာရင် အကူအညီပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

ထိုသို့ ပြောနေစဉ်မှာ ဆေးရွက်များကိုင်ကာ အေရှာက …ရောက်လာလေသည်။

"ဘာမှမကြောက်ပါနဲ့ မမ၊ ကျွန်မက မျှော့မကြောက် …ဘူး အနားက လိုက်လာပြီး မျှော့တွယ်ကပ်တာနဲ့ ဆေးရွက်နဲ့ …ပေးပါ့မယ်"

အေရှာစကားကြောင့် မာရီယာမှာ အတော်ပင် အားရှိ …လေသည်။

ထို့နောက် အချိန်ဆွဲ၍ မရတော့သဖြင့် ပစ္စည်းများကို …ဆောင်ပြီး မြက်ရိုင်းတောကြီး အတွင်းမှ စတင်ဖြတ်ကြလေ… မြက်ရိုင်းပင်များမှာ ထူထပ်လှသောကြောင့် အချို့နေရာ… ဓားများဖြင့် ရှင်းလင်းသွားရလေသည်။

ရှေ့ဆုံးမှ ဦးဆောင်သွားသော ရမ်ဂျာက မြက်ရိုင်း… အတွင်းသို့မဝင်မီ နေဝင်နေထွက် အရှေ့အနောက်ကို…



www.burmeseclassic.com

www.burmeseclassic.com



မြောက်အရပ်များကို အသေအချာ မှတ်သားထားလေသည်။

မြက်ရိုင်းတောတွင်း ရောက်သောအခါ အရပ်လေ... မျက်နှာသို့ မမြင်ရတော့ပေ။

ထိုတောအတွင်းမှာ ခိုအောင်းနေကြသော သတ္တဝါ... ကိုသာ မြင်ရတော့သည်။

အကောင်အရွယ်အစားကြီးသော ခြင်များ၊ ယင်မ... ရိုင်းများ၊ မှက်ကြီးများက လူသွေးနံ့ရသောကြောင့် အုပ်စုလိုက်... ပျံသန်းတိုးဝင်လာကြပြီး သွေးစုပ်ယူရန် ကြိုးစားကြသဖြင့် မ... ရအောင် ရိုက်ဖယ်ပစ်ကြရသည်။

ထို့ပြင် အဆိပ်ပြင်းသော မြွေဆိုးများလည်း ... သည်။ မြွေများကတော့ မြမျက်လုံးအရောင် မြင်သည်နှင့် ... ဝေးသို့ ရှောင်ပြေးသွားကြသည်။ သို့သော် မြက်ရိုင်းတောတွ... မှာ နေရောင်မရလျှင်တော့ မြမျက်လုံးကလည်း အလင်းရော... မရနိုင်ပေ။

ထိုအခါမှာတော့ သတိကြီးစွာထားပြီး ဓား၊ လှံ လ... နက်တို့ဖြင့် သုတ်သင်ဖယ်ရှားကာ သွားကြရလေသည်။

မြက်ရိုင်းတောအောက်ခြေမှာ အချို့နေရာများတွ... ကျောက်တုံးကျောက်ခဲများရှိပြီး အချို့နေရာများမှာ ရွှံ့နွံများ... ရှိသည်။ ထို့ပြင် ရေအိုင်ငယ်ကလေးများရှိသည်။ ထို့ကြော... နေရာအတော်များများမှာ စိုစွတ်လျက်ရှိသည်။ ထိုရေအိုင်မျ... အတွင်းမှာတော့ သွေးစုပ်မျှော့နက်ကြီးများရှိသည်။





...လူသံကြားသည်နှင့် သွေးနံ့ရသည်နှင့် လူးလွန့်ထလာ...ကြသည်။

ရေရှိသောနေရာတွင် ရေထဲမှကူးလာပြီး ရေမရှိသော ...နေရာများတွင် မြက်ပင်များကြားမှ တိုးထွက်လာကြသည်။

အကောင်အရွယ်အစားက စုံသည်။ လက်ညှိုးလက်မ ...သောက် အကောင်ငယ်ကလေးများမှ လက်ကောက်ဝတ် ...လောက်ကြီးသော အကောင်ကြီးများလည်း ပါလာကြသည်။

ကြောက်တတ်သူများဆိုလျှင်တော့ ထိုအခြေအနေကို ...ရှုံ့နှင့်ပင် အသည်းတုံအူတုံ ဖြစ်လောက်သည့် အခြေအနေ ...ဖြစ်သည်။

မြက်ရိုင်းတောအတွင်းမှ ထွက်လာသော မျှော့မည်းကြီး ...သော တွေ့သမျှလူကို တွယ်ကပ်လေသည်။

အကောင်သေးသော မျှော့များက ကပ်ရုံကပ်ထားသော် ...ည်း အကောင်ကြီးများကတော့ ပတ်ထားကြသည်။

ဒေါက်တာမင်းထင်ကျော်တို့ တစ်ဖွဲ့လုံး ဘောင်းဘီရှည် ...နှင့် တောစီးဖိနပ်များ စီးထားသောကြောင့် မျှော့များက ...ရောက်တွယ်ကြသော်လည်း အသားကိုတော့ မထိပေ။

ခြေထောက်ကို မျှော့လာပတ်သည်နှင့် ရမ်ဂျာရှာယူလာ ...ဆေးရွက်နှင့် ထိပေးလိုက်သည်နှင့် လန်ကျသွားလေသည်။

ထိုအတွက်တော့ အားကိုးစရာ ဖြစ်သည်။

တစ်ကြိမ်မှာတော့ မာရီယာခြေထောက်ကို အကောင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးသော မျှော့နက်တစ်ကောင်က ဝင်ပတ်လေသည်။

အကောင်ကြီးသည့်အပြင် အလျားကပါ ရှည်သော ကြောင့် တစ်ပတ်ပတ်ထားလေသည်။

မာရီယာမှာ စိတ်တင်းထားသော်လည်း ကြီးမားသော မျှော့ကို မြင်သည်နှင့် ကြောက်ရွံ့ထိတ်လန့်နေလေတော့သည်။

ထိုအခြေအနေကိုမြင်တော့ အနားမှာရှိနေသည့် ဆေး ရှာက ဆေးရွက်ကြီးတစ်ရွက်ဖြင့် မျှော့ပေါ် တင်ပေးလိုက် လူးလွန့်လာပြီး ကွာကျသွားလေတော့သည်။

ဆေးရွက်နှင့် ထိလိုက်သည့်နေရာမှာ မီးဖြင့်မြိုက်သ သို့ဖြစ်ကာ ညှော်နံ့များ ထွက်လာသည်။

မြက်ရိုင်းတောကြီးအတွင်းမှ ဖြတ်ကြသောအခါ လာ နှစ်ကောင်၏ ခြေထောက်များကိုလည်း မျှော့ပတ်ခြင်း ခံရ သည်။

လာမာခြေထောက်ကိုပတ်သော မျှော့များပါ ကြီး ပတ်ထားသကဲ့သို့ ရှိကြလေသည်။

ထိုမျှော့များကိုတော့ ရမ်ဂျာကပင် ဒိုင်ခံဖယ်ရှား ရလေသည်။ ထိုအခက်အခဲများကို ကျော်လွှားခဲ့ကြပြီးနောက် တော့ ဘေးမသီရန်မခပဲ မြက်ရိုင်းတောကြီးအတွင်းမှ ထွက် ခဲ့ကြလေသည်။

မြက်ရိုင်းတောကြီးမှထွက်တော့ အယ်လ်ဆန်ဒေး တောင်ကြီး တည်ရှိနေသော တောင်ခြေသို့ ရောက်သွား





ည်။ ထိုနေရာရောက်တော့ သင့်တော်သောနေရာတွင် ခဏ ကြပြီး အစားအသောက်များကို စားသောက်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ စားသောက်ရင်းနှင့် တောင်ကြီး၏ အခြေအနေကို အကဲခတ် ကြည့်နေလေသည်။

မီးတောင်ကတော့ ပေါက်ကွဲမှုမရှိသေးသော်လည်း မြန်မချွေး ပေါက်ကွဲနိုင်သော အခြေအနေမျိုး ဖြစ်ပေရာ တောင်ထိပ်မှ မီးခိုးငွေ့များ အူထွက်နေသည်။

အင်ဒိစ်တောင်တန်းကြီးမှ အရှေ့ဘက် အမေဇုံမြစ်ဝှမ်း ဘက်သို့ ထိုးထွက်နေသော တောင်စွယ်တစ်ခုပေါ်တွင် ယ်လ်ဆန်ဂေးမီးတောင်ကြီးက တည်ရှိလေသည်။

တောင်အမြင့်မှာ ပေပေါင်း (၂၀၀၀၀)ပတ်ဝန်းကျင်ခန့် ပေရာ မြန်မာနိုင်ငံမှ အမြင့်ဆုံးတောင်ဖြစ်သော ခါကာဘို ီ တောင်ကြီးလောက် ရှိလေသည်။

တောင်ထိပ်ပိုင်းမှာတော့ ရေခဲထုများ ဖုံးလွှမ်းနေလေ ည်။ မီးတောင်ထိပ်မှထွက်သော ချော်ရည်ပူများ စီးဆင်းကျ ာ နေရာများမှာတော့ အဝေးမှကြည့်သောအခါ ရေစီး ောင်းများ မြစ်ကြီးများသဖွယ် လှမ်းမြင်ကြရသည်။

တောင်၏ မျက်နှာစာသုံးဘက်စလုံး ချော်ရည်ပူများ သော နေရာများရှိသည်။ အရှေ့ဘက်မှာတော့ မတ်စောက် ာ တောင်နံရံများရှိပြီး သစ်တောများ ရှိနေသည်။

"ဘယ်လိုလည်း ဒေါက်တာ၊ အင်ကာတွေက သူတို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ရွှေငွေရတနာတွေကို စပိန်တွေလက်ထဲ မပါစေချင်တော့ တော်ကြီးရှိတဲ့ နေရာက ဒီလိုနေရာရောက်တဲ့အထိ ခက် ခဲခဲနဲ့ သယ်ယူလာကြတယ် ဆိုတာကတော့ အတော်က အဓိပ္ပါယ် ရှိပါတယ်"

ကက်မွန်ရစ်တားက ကော်ဖီသောက်နေရင်းမှ ချက်ချလေသည်။

"အဲဒီအချိန်တုန်းက မြင်ကွင်းကိုသာ မှတ်တမ်းရို ထားလို့ရပြီး အခုနေ ပြန်ကြည့်ရင် အင်ကာတွေ ရတနာ သယ်ယူနေပုံက ပုရွက်ဆိတ်တွေ အစာချီသလို အတန်း တမျှော်တခေါ်ကြီး မြင်ရမှာပေါ့ဗျာ"

ပါမောက္ခကယ်နက်ဒီစကားကြားတော့ အား ဘောကျသဖြင့် ပြုံးလိုက်ကြသည်။

"ဒါပေမယ့် ကျွန်တော့်အထင် ပြောရရင်တော့ လောက်ဝေးကွာတဲ့နေရာအထိ ရောက်အောင် သယ်ယူ ပြီးမှတော့ တောင်ခြေမှာတင် ဖြစ်သလို မြှုပ်နှံခဲ့ကြတာ မ တာတော့ သေချာပါတယ်"

ဒေါက်တာမင်းထင်ကျော် စကားကို ကျန်နှစ်ယော လည်း လက်ခံသည့်သဘောဖြင့် ခေါင်းညိတ်ပြသည်။

"ကျုပ်လေ့လာသလောက် တွေ့တာတွေကတော့ ကာတွေရဲ့ ရတနာတွေက တောင်ခြေမှာ မရှိပါဘူး၊ တောင် က ချော်ရည်ပူတွေဆင်းတဲ့ ချောက်ကြီးတစ်ခုထဲမှာ မြှုပ်





တာပါ၊ အဲဒီချောက်က မိုင်ဝက်လောက် နက်ရှိုင်းတယ်"

"ထားပါတော့ဗျာ ဒါပေမယ့် တစ်ခုတော့ မေးပါရစေဦး ကက်မွန်ရဲ့"

"မေးပါဗျာ"

"မီးတောင်က တစ်သက်လုံး မီးမငြိမ်းတဲ့တောင်မျိုး ဖြစ် နေတော့ ချော်ရည်ပူတွေစီးကျနေတဲ့ တောင်ပေါ် ရောက်အောင် ရတနာပစ္စည်းတွေ ဘယ်လိုသယ်တင်ခဲ့ကြတာလဲဗျ"

"ခင်ဗျားမေးတာ သဘာဝကျပါတယ် ကယ်နက်ဒီ၊ ဒီ နေရာမှာတော့ လျှို့ဝှက်ချက်တစ်ခု ရှိတယ်ဗျ"

"ဘယ်လိုများပါလိမ့်"

"တခြားတော့ မဟုတ်ပါဘူး၊ ဒီမီးတောင်ကြီးက ပေါက် ကွဲတဲ့ရက်ရောက်မှ ပေါက်ကွဲပြီး မပေါက်ကွဲတဲ့ရက်ရောက်ရင် မပေါက်ပဲ ငြိမ်နေတတ်တယ်ဗျ. .၊ အင်ကာတွေရေးထားတဲ့ ပြက္ခဒိန် မှတ်တမ်းတွေမှာ မီးတောင်ပေါက်ကွဲမယ့်ရက်တွေ လျှောင်လျှပ်မယ့်ရက်တွေပါ ထည့်သွင်းရေးထားကြတယ်"

"ကျွန်တော်တို့ မြန်မာပြက္ခဒိန်မှာ ရက်ရာဇာ ပြဿဒါး ရက်၊ လပြည့်လကွယ်ရက်တွေ ထည့်သလိုမျိုး ထည့်ထားတာ ဖြစ်မှာပေါ့"

"အမှန်ပါပဲ၊ အယ်လ်ဆန်ဂေး မီးတောင်ကြီးက မီးနတ် ဘုရား ရှိတယ်ဆိုပြီး အင်ကာလူမျိုးတွေ ပူဇော်ပသတဲ့နေရာ ဖြစ်တော့ ဒီတောင်နဲ့ပတ်သက်ပြီး သေသေချာချာ မှတ်တမ်း



www.burmeseclassic.com

www.burmeseclassic.com



တင်ထားတာလည်း မထူးဆန်းလှပါဘူး”

“ဒါထက် ခင်ဗျားဆီမှာရော အဲဒီ မှတ်တမ်းတွေ ရှိသလား”

“ကျုပ်ဆီမှာမရှိပေမယ့် ရှိတဲ့နေရာကိုတော့ သိပါတယ်”

“ခင်ဗျားက ဒီနေရာဘက်ကို တစ်ခေါက်ရောက်ခဲ့ဘူးတဲ့သူဆိုတော့ ကျုပ်တို့ထက်တော့ ပိုသိမှာပါ။ ဒါထက် ဘယ်နေရာမှာလဲဗျ”

“ဟိုး . . သစ်တောကြီးတွေရှိတဲ့ တောင်ခြေမှာ လူရိုင်းတွေနေတဲ့နေရာရှိတယ်၊ သူတို့က ဒီမီးတောင်ကြီးအကြောင်းကို အသိဆုံးပဲ၊ ဒါကြောင့် သူတို့ရွာကို ရောက်အောင်သွားပြီး သူတို့ရွာက ဒေသခံတစ်ယောက်ယောက်ကို လမ်းပြခိုင်းရမယ်ဗျ”

“ကောင်းပြီလေ၊ ဒီနေရာမှာတော့ ခင်ဗျားက အကျွမ်းကျင်ဆုံးဆိုတော့ ခင်ဗျားစီမံရာအတိုင်းပဲ လိုက်နာကြရတာပေါ့ဗျာ”

ဟု ကယ်နက်ဒီက ပြောသည်။

ထို့နောက် အစားအသောက်များ ဝမ်းပြည့်အောင် စားသောက်ကြပြီးနောက် လူရိုင်းများရှိသောနေရာရှိသည့် သစ်တောများရှိသော နေရာဘက်သို့ ခရီးဆက်ကြရပြန်လေသည်။

အချိန်က ညနေပိုင်း ရောက်စပြုလာချေပြီ။





# အခန်း [၁၂]

# မာယာညွှတ်ကွင်း သက်ဆင်းရသူ

ညနေစောင်းအချိန်ရောက်တော့ လူရိုင်းများနေထိုင်ရာ ရွာကလေးသို့ ရောက်သွားကြသည်။

ရွာဟုသာဆိုသော်လည်း တဲကလေးများ စုဝေနေထိုင်သော နေရာတစ်ခုသာ ဖြစ်သည်။ ယောကျ်ား၊ မိန်းမ၊ ကလေး၊ လူကြီး (၂၀)လောက်သာရှိပြီး ကိုယ်ပေါ်တွင် အဝတ်အစားမရှိကြပေ။ အောက်ပိုင်းအတွက် အရှက်လုံရုံသာ သားရေချပ်က



www.burmeseclassic.com

www.burmeseclassic.com



လေးများဖြင့် ကာကွယ်ထားပြီး အပေါ်ပိုင်း ဗလာသာ ထား သည်။ ကလေးငယ်များကိုတော့ ဘာမှ ဝတ်ဆင်ပေးထားခြင်း မရှိပေ။

ငင်းတို့ရောက်သွားတော့ တဲများအတွင်း၌ ရှိနေကြသူ အားလုံး အပြင်ထွက်ကြည့်ကြသည်။

တစ်ကိုယ်လုံး မည်းနက်သော အသားများရှိကြပြီး နီ ကြောင်ကြောင် ဆံပင်တို့က မျက်နှာပေါ်အထိ ကျိုးတိုးကျဲတဲ ကျနေလေသည်။ မိန်းမများကလည်း ဆံပင်ရှည်များကို ဒီအ တိုင်းပင် ဖြန့်ချထားသည်။ ဧည့်သည်ယောက်ျားတို့ကို တွေ့ သောအခါ နောက်မှဆံပင်ရှည်များကို ရင်ဘတ်ပေါ်သို့ ချထား လိုက်ကြသည်။

အားလုံး အစားအသောက် အနေအထိုင် ဆင်းရဲကြ သဖြင့် အရိုးပေါ် အရေတင် အနေအထားမျိုး ဖြစ်နေကြသည်။

ယောက်ျားများမှာ နက်သောမျက်တွင်းများ၊ ပါးရိုးချိုင့် များရှိကာ မျက်လုံးက အတွင်းသို့ အတော်ပင်ရောက်နေကြ သည်။ ရုတ်တရက်ကြည့်လျှင် လူအရိုးစု မျက်နှာမျိုး ဖြစ်နေလေ သည်။

ကြည့်ပုံရှုပုံကလည်း လူတစ်ယောက်ကို မကောင်းဆိုး ဝါးတစ်ကောင်က ကြည့်နေပုံမျိုးဖြစ်သည်။

ငင်းတို့အထဲတွင် အရွယ်ကောင်းသော လူရိုင်းမက လေးများလည်း ပါသည်။ အသက်(၂၀)ဝန်းကျင် အရွယ်ခန့်ရှိ





သော လူရိုင်းမလေးများမှာ ကိုယ်လုံးကိုယ်ထည်ရော ရုပ်ရည်ပါ ချောမောင်မှု ရှိလေသည်။

ဒေါက်တာမင်းထင်ကျော်တို့ကိုမြင်တော့ လူရိုင်းခေါင်း ဆောင်ဖြစ်ဟန်တူသော အဘိုးကြီးက ရှေ့သို့ထွက်လာသဖြင့် အင်ဒိုနီးယန်းဘာသာစကား ကောင်းစွာပြောဆိုနိုင်သော ရမ်ဂျာ က အကျိုးအကြောင်း ပြောပြသည်။

"ငါတို့ ဒီည ဒီမှာတည်းကြမယ်၊ နောက်တစ်နေ့ မီး တောင်ပေါ်ကို တက်ကြမယ်၊ အဲဒါ မင်းတို့မှာ လမ်းပြပေးနိုင်တဲ့ သူ ရှိသလား"

အဘိုးကြီးက ခေါင်းခါပြသည်။

"ကောင်းပြီ လိုက်ပေးနိုင်တဲ့သူရှိရင် ငွေပေးမယ်လို့ ပြောတယ်"

ခေါင်းခါပြသည်။

အစားအသောက် အဝတ်အထည် အသုံးအဆောင်များ ပေးမည်ပြောတော့လည်း စိတ်ဝင်စားဟန် မရှိကြပေ။

"ကောင်းပြီလေ. . မင်းတို့လိုချင်တာ စဉ်းစားကြပေါ့၊ နက်ကျရင်တော့ တစ်ခုခုလုပ်ပေးမှ ဖြစ်မယ်"

ဟုပြောလိုက်ရာ ဘာမှပြန်မသွားကြပဲ ထိုနေရာမှ ပြန် သွားကြသည်။

ဒေါက်တာမင်းထင်ကျော်တို့လည်း သင့်တော်သော နေ ရာများတွင် ခွက်ဖျင်တဲထိုးကာ စခန်းချကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လူ ခုနစ်ယောက်ဖြစ်သဖြင့် တဲနှစ်လုံးထိုးပြီး နေကြသည်။ လာမာနှစ်ကောင်ကိုတော့ တဲအပြင်ဘက်မှာ ကြိုးဖြင့်ချည်ထားကြသည်။

တဲအပြင်ဘက်မှာတော့ မီးဖိုတစ်ဖိုလည်း ဖိုထားကြသည်။ ပါလာသော အစားအသောက်များကို စားသောက်ပြီးသောအခါ အစောင့်ပင် မထားတော့ပဲ အိပ်ကြလေသည်။

ပင်ပန်းလာကြသောကြောင့် နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ကြရာ နောက်တစ်နေ့ နံနက်ပိုင်း အချိန်ရောက်မှ ပြန်နိုးလာကြသည်။

ကြည့်လိုက်ချတော့ အပြင်ဘက်မှာ ကြိုးချည်ထားသော လာမာနှစ်ကောင်စလုံး မတွေ့ရတော့ပေ။

"လာမာတွေ မရှိတော့ဘူး"

"တောကောင်တွေ ဝင်ဆွဲသွားတာများလား"

"တောကောင်တော့ မဖြစ်နိုင်ဘူး၊ တောကောင်ဝင်ဆွဲရင် အော်သံကြားရမှာပေါ့"

ထိုသို့ပြောပြီး ဒေါက်တာမင်းထင်ကျော်က အခြေအနေသွားကြည့်သောအခါ ကြိုးကို ဓားဖြင့်ဖြတ်ထားသော ခြေရာလက်ရာများကို တွေ့ရသည်။

"ဒီက လူရိုင်းတွေ လက်ချက်ဖြစ်မယ်"

ထိုသို့ပြောဆိုပြီး လူရိုင်းများကို ခေါ်မေးသောအခါ "မသိဘူး"ဟု တွင်တွင်ငြင်းကြလေသည်။





၎င်းတို့ကို မေးမြန်း၍ အခြေအနေ မထူးသော အခါမှ ဒေါက်တာမင်းထင်ကျော်နှင့် ရမ်ဂျာတို့က သေနတ်များကိုင်ပြီး ထိုနေရာပတ်ဝန်းကျင် တစ်ဝိုက်သို့ လိုက်ရှာကြလေသည်။

ထိုနေရာတစ်ဝိုက်တွင် သစ်ပင်များနှင့် ကျောက်တုံးကျောက်ဆောင်များ အတော်ပင် ထူထပ်လာသည်။

စိတ်မကောင်းသဖြင့် သေနတ်များကိုကိုင်ပြီး နေရာအနှံ့လိုက်လံရှာဖွေကြည့်ရာ တစ်နေရာမှ တောကျီးကန်းများ ဆူဆူညံညံအော်သံများ ကြားရသဖြင့် ထိုနေရာဘက်သို့ သွားကြည့်ကြလေသည်။

ထိုနေရာဘက်ရောက်တော့ သွေးညှီနံ့များရပြီး ယင်မမည်းရိုင်းများ တဝေါဝေါ ပျံနေသော အသံများပါ ကြားရသဖြင့် သတိထားပြီး သွားကြလေသည်။

တစ်နေရာရောက်တော့ ကျောက်တုံးများကြားမှာ သွေးတွက်များ တွေ့ရသည်။ တခြားဘာမှ မတွေ့ရတော့သော်လည်း လာမာအမွေးများကို တွေ့ရသည်။

"လာမာတွေကိုတော့ လူရိုင်းတွေ သတ်စားလိုက်ပြီ"

ဒေါက်တာမင်းထင်ကျော်က စိတ်မကောင်းစရာ ပြောလိုက်သည်။

"ဘယ်လိုလုပ်မလဲ ဆရာ"

"ပစ္စည်းတင်ဖို့ လာမာတွေမရှိတော့ ပစ္စည်းထုပ်တွေကို သူတို့ကိုပဲ ထမ်းခိုင်းရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒီတစ်ခါ ငြင်းရင်တော့ သေနတ်နဲ့ ပစ်သတ်မယ်"

ရန်ဂျာက သူ၏လာမာနှစ်ကောင် အသတ်ခံလိုက်ရသောကြောင့် ဒေါသဖြစ်နေဟန်ရှိသည်။

မူလနေရာရောက်တော့ ကျွန်လူများကို အကျိုးအကြောင်း ပြောပြလိုက်ရာ စိတ်မကောင်း ဖြစ်ရုံကလွဲပြီး ဘာမှမတတ်နိုင်ကြတော့ပေ။

ထို့နောက် ရွာမှာရှိသော သူများကိုခေါ်ပြီး အကျိုးအကြောင်း ပြောပြရသည်။

"မင်းတို့ ငါတို့ လာမာနှစ်ကောင်ကို ခိုးယူပြီး သတ်ကြတယ်"

ပထမတော့ 'မဟုတ်ဘူး'ဟု ငြင်းကြသေးသည်။

"မင်းတို့ ငြင်းနေရင် သတ်တဲ့သူကို ရအောင်စစ်ရမယ်၊ တွေ့တာနဲ့ သေနတ်နဲ့ ပစ်သတ်မယ်"

လူရိုင်းများမှာ . . သေနတ်ကိုတော့ အတော်ကလေးကြောက်ရွံ့ကြဟန် ရှိကြလေသည်။ သေနတ်ဖြင့် ခြိမ်းခြောက်တော့မှ အမှန်အတိုင်း ပြောပြသည်။

"ဟုတ်တယ် ရွာကလူတွေ သတ်စားလိုက်ကြတယ်"

ထိုစကားကြားတော့ ရန်ဂျာကတော့ အံတကြိတ်ကြိတ်နှင့် အတော်ပင် ဒေါသဖြစ်နေလေသည်။

"ဒါဖြင့် ဘယ်လိုလုပ်မှာလဲ"





"ငါတို့ အလျော်ပြန်ပေးမယ်"

"ဘာတွေပေးမှာလဲ"

ထိုသို့မေးသောအခါ ရွာလူကြီးက ၎င်းလူများကို ဘာသာစကားဖြင့် ပြောလိုက်သောအခါ အချို့နေရာမှ ထသွားကြသည်။

အတော်ကြာတော့ အထုပ်ကလေးများဖြင့် ပြန်ရောက်လာကြပြီး ရွာလူကြီးကို ပေးသည်။

ရွာလူကြီးကမှတဆင့် ဒေါက်တာမင်းထင်ကျော်တို့ကို ပေးသည်။

အထုပ်များကို ဖြေကြည့်သောအခါ အရောင်အဆင်း မှိုင်းမည်းညစ်နေသော အသုံးအဆောင် ပစ္စည်းအချို့နှင့် ရုပ်တုများကို တွေ့ရလေသည်။

ထိုပစ္စည်းများကို မြင်ရုံနှင့် ရှေးနှစ်ပေါင်းများစွာက အသုံးပြုခဲ့သော ရှေးဟောင်းလက်ရာများဖြစ်ကြောင်း သိကြလေသည်။

ဒေါက်တာမွန်ရစ်တားနှင့် ပါမောက္ခကယ်နက်ဒီတို့ကတော့ ပစ္စည်းများကို တစ်ခုချင်းယူကာ အသေအချာ ကြည့်ရှုဆန်းစစ်နေကြလေသည်။

ပစ္စည်းများမှာ ချောရည်ပူများဖြင့် ထိထားသဖြင့် မူလအရောင်အဆင်းပျောက်ပြီး မည်းညစ်နေသော်လည်း အချွန်ဖြင့်ခြစ်ကြည့်သောအခါမှာတော့ ဝင်းလက်သော ရွှေသားများကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရလေသည်။

"ရွှေသားနဲ့လုပ်ထားတဲ့ ရှေးဟောင်းပစ္စည်းတွေပဲ"

ကယ်နက်ဒီက စိတ်လှုပ်ရှားနေသော အသံဖြင့် ထိုး ပြောလိုက်သည်။

"ကျုပ်အထင် ပြောရရင်တော့ အင်ကာရတနာသိုက် ပစ္စည်းတွေပဲ ဖြစ်မယ်ထင်တယ်၊ လာမာနှစ်ကောင် ပါသွား မယ့် အဖိုးတန် သဲလွန်စတစ်ခု ရလိုက်တာကတော့ ကျုပ်တို့ တွက် အတော်ဟန်ကျတာပဲ"

ဟု ပြောလေသည်။

ထိုအခါ ကက်မွန်ရစ်တားကလည်း ထောက်ခံသည်

"ဘယ်လိုလုပ်ရင် ကောင်းမလဲ"

"အဲဒီနေရာက သူတို့ပဲ သိကြတာဆိုတော့ သူတို့ ခေါ်သွားရင် အဆင်ပြေမယ်"

ဟု အချင်းချင်း ပြောဆိုတိုင်ပင်ကြလေသည်။

ထို့နောက် ရမ်ဂျာက နောက်မှမေးခိုင်းသည့်အတိုင်း ဆက်မေးသည်။

"ဒီပစ္စည်းတွေ မင်းတို့ဘယ်ကရတာလဲ"

"တောင်ပေါ်က"

"မီးတောင်ပေါ်က ရခဲ့တာမဟုတ်လား၊ အဲဒီနေရာ ငါတို့သွားချင်တယ် လိုက်ပြပေးပါ"

"မလိုက်ဝံ့ဘူး"





"ဘာကြောင့်လဲ"

"မီးတောင်စောင့် နတ်မင်းကြီး စိတ်ဆိုးလို့ ကျိန်စာ တိုက်ရင် အားလုံးသေကြလိမ့်မယ်"

"ဒါပေမယ့် မင်းတို့က ငါတို့ လာမာနှစ်ကောင်ကို သတ် ပစ်လိုက်တဲ့အတွက် ပစ္စည်းထုပ်တွေ သယ်တင်ပေးဖို့ လာမာ တွေ မရှိတော့ဘူး၊ ဒါကြောင့် မင်းတို့ လိုက်ပို့ပေးရမယ်၊ မပေးရင် မင်းတို့ကို သေနတ်နဲ့ပစ်သတ်မယ်"

ဟု ပြောသောအခါ ဘာမှပြန်မပြောပဲ ထပြန်သွားကြ လေသည်။

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်တို့လည်း တဲအ တွင်းသို့ ပြန်ဝင်ကာ လူရိုင်းများ ပေးထားခဲ့သော ရှေးဟောင်း ပစ္စည်းများကို လေ့လာကြည့်ရှုကြလေသည်။

ပစ္စည်းများမှာ ငါးမျိုးခန့်ရှိပြီး ရွှေဖြင့်ပြုလုပ်ထားသော ရေတကောင်း၊ ခွက်၊ ပန်းကန်တို့အပြင် ရုပ်တုပါလာလေသည်။

ရုပ်တုမှာ နတ်ရုပ်တု၊ နတ်ဘုရားမရုပ်တုတို့ ဖြစ်ကြ သည်။

"ဒီအတိုင်းဆိုရင်တော့ . . နှစ်ပေါင်းလေးရာကျော် လောက်က ကွယ်ပျောက်နေတဲ့ အင်ကာရတနာသိုက်ကြီးက ကျုပ်တို့နဲ့ လက်တစ်ကမ်းအကွာမှာ ရောက်နေတဲ့ပုံပဲဗျ"

"ရှိမှန်းသိပေမယ့် သူတို့လိုက်မပြရင်တော့ ရှာဖွေရ လွယ်မယ်မထင်ဘူး၊ နောက်ပြီး မီးတောင်ပေါက်ကွဲမယ့် ရက်



www.burmeseclassic.com

www.burmeseclassic.com



တွေကိုလည်း သိဖို့လိုသေးတယ်"

"ဒီတော့လည်း သူတို့ကိုပဲ ခေါ်သွားရတော့မှာပေါ့

ဟု ပြောဆိုတိုင်ပင်ကြလေသည်။

ညဘက်ရောက်တော့ ထိုနေရာမှာပင် စခန်းချကြရ

သည်။

ပထမညက လာမာနှစ်ကောင် ပါသွားသောကြော

ယခုညမှာတော့ တစ်ယောက်တစ်လှည့်စီ သေနတ်များကိုင်

စောင့်ကြရသည်။

သို့သော်လည်း ထွေထွေထူးထူးတော့ မတွေ့ကြရ

မီးတောင်ကြီးကလည်း ပေါက်ကွဲသောရက် မ

သေးသောကြောင့် အသက်မရှိသကဲ့သို့ ငြိမ်သက်နေလေသ

ညဘက်ရောက်တော့ ဒေါက်တာမင်းထင်ကျော်

နေသော မီးပုံဘေးသို့ မာရီယာ ရောက်လာလေသည်။

"ဒေါက်တာလည်း အတော်ပင်ပန်းနေပြီ ထင်တ

"ကျွန်တော်က သွားလာနေကျဆိုတော့ ဒီလောက်

ပန်းလှပါဘူး၊ မာရီယာကိုပဲ ချီးကျူးရမှာပဲ၊ မိန်းမသား

ယောက်ဖြစ်ပြီး ဒီလောက် ခရီးကြမ်းကြီးကို ဇွဲကောင်းကော

လိုက်လာနိုင်လို့လေ"

"ကျွန်မက အခုလို သွားလာနေရတာကို ဝါသ

တယ်၊ စိတ်လည်းဝင်စားပါတယ်၊ ဒါထက် မေးရဦးမယ်၊ တ

လို့ အင်ကာရတနာသိုက်ကြီးကိုတွေ့ရင် ဒေါက်တာ ဘာလု





"ဒီလောက်များတဲ့ ရတနာတွေကို ပြန်တွေ့ရဖို့တော့

မျှော်လင့်ပါဘူး၊ တကယ်လို့ တွေ့ရင်လည်း . သင့်တော်သ

လောက်ပဲ သယ်ယူသွားမှာပါ။ ကျွန်တော်က ရွှေငွေရတနာတွေ

ထက် မြတွေရှိတဲ့နေရာကို ပိုပြီးစိတ်ဝင်စားပါတယ်"

"အဲဒါ ဘယ်နေရာမှာလဲ"

"အနောက်ဘက်ပင်လယ်ကမ်းခြေရှိတဲ့ မန်တာတောင်

တန်းမှာပါ၊ ဒီကိစ္စတွေပြီးရင်တော့ အဲဒီဘက် ခရီးဆက်ဦးမှာပါ"

"ကျွန်မလည်း စိတ်ဝင်စားပါတယ်၊ ဦးလေးကိုတောင်

ပြောပြလို့ သူလည်းစိတ်ဝင်စားနေတယ်"

ထိုသို့ပြောနေစဉ် မနီးမဝေးနေရာရှိ တောစပ်ထဲမှ နေ

၍ ဗုဏ်ကျယ်ကျယ်လိုလို ကြားလိုက်ရသည်။

ဒေါက်တာမင်းထင်ကျော်က စိတ်ထဲမှ မသင်္ကာသော

ကြောင့် နေရာမှထကာ သစ်ပင်ကွယ်တစ်နေရာမှ အခြေအနေ

ကို ချောင်းကြည့်လိုက်သည်။

သူ့စိတ်ထဲမှာ လူရိုင်းတွေ လာရောက်တိုက်ခိုက်မည်

လားဆိုသည့် အနေနှင့် သေနတ်ကို အဆင်သင့်ပြင်ကာ အသံကြားရာသို့

ချောင်းကြည့်လိုက်သည်။

သူထင်သလို တိုက်ခိုက်မည့် လူရိုင်းများမဟုတ်ပဲ ကိုယ်

ပေါ်မှာ အဝတ်အစား မပါသော လူရိုင်းမလေးတစ်ယောက်

တောစပ်မှာ ရပ်နေသည်ကို ဝိုးတဝါး လှမ်းမြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ဖားလျားချထားသည့် ငယ်ရွယ်သော လူရိုင်း လေးတစ်ယောက်ပင် ဖြစ်၏။

သူက ငှက်မြည်သံကဲ့သို့ အသံမျိုးဖြင့် အော်နေခြင်းဖြစ် သည်။ ခဏကြာတော့ တစ်ဖက်တဲအတွင်းမှ လူတစ်ယောက် အပြင်ဘက်သို့ ထွက်လာသည်။

ဂျိုးဇက်ပင် ဖြစ်သည်။

ဂျိုးဇက်က ပတ်ဝန်းကျင်အခြေအနေကို တစ်ချက် ကြည့်လိုက်ပြီးနောက် လူရိုင်းမလေးရှိသောနေရာသို့ သုတ်ခြေ သွားလေသည်။

ထို့နောက် နှစ်ယောက်သား တောတွင်းသို့ ဝင်ရောက်သည်။ ပျောက်ကွယ်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်ကတော့ အခြေအနေကို သဘောပေါက်သဖြင့် မီးပုံရှိရာသို့ ပြန်လာပြီး မာရီယာကို အခြေ အနေ ပြောပြလိုက်သည်။

မာရီယာကတော့ ထွေထွေထူးထူး ဘာမှမပြောပဲ တဲ အတွင်းသို့ ပြန်ဝင်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ဂျိုးဇက်အတွက် စိတ်မဖြောင့်ပေ။

သို့သော် သူ့အနေဖြင့်လည်း ဘာမှ မတတ်နိုင်ပါချေ။

နောက်တစ်နေ့ နံနက်လင်းတော့ ဂျိုးဇက်တစ်ယောက် ပျောက်နေသည်။ ညက ပြန်ရောက်လာဟန် မတူပေ။





သို့ကြောင့် အခြေအနေကို ပြောပြပြီး သေနတ်များကိုင် ၍ လိုက်လံရှာဖွေကြရပြန်လေသည်။

လာမာနှစ်ကောင်ရှာစဉ်က ပြန်တွေ့ရသော်လည်း ဂျိုး ဇက်ကို လိုက်ရှာတော့မှ မတွေ့ရပဲ ရှိနေသည်။

ထိုသို့လိုက်ရှာနေရင်းမှ အတော်ဝေးဝေးနေရာမှ မီးခိုး ငွေ့များ ထွက်နေသည်ကို တွေ့ရသဖြင့် ထိုနေရာဘက်သို့ သွား ကြလေသည်။

ဒေါက်တာမင်းထင်ကျော် မာရီယာနှင့် ရမ်ဂျာတို့သုံး ယောက်ဖြစ်သည်။ သုံးယောက်စလုံးမှာ သေနတ်များ ပါလာကြ သည်။

မီးခိုးငွေ့များ ထွက်နေသောနေရာမှာ အတော်ကလေး ဝေးသည်။ ရွာရှိသောနေရာနှင့် အနောက်ဘက်ကျောက်တောင် ကြားဘက်မှဖြစ်သည်။

"ဂျိုးဇက်တော့ အသက်မရှင်တော့ဘူးထင်တယ်"

"ဘာပဲဖြစ်ဖြစ် မီးခိုးထွက်တဲ့နေရာအထိတော့ သွား ကြည့်ကြရအောင်"

ထိုသို့ပြောဆိုပြီး လိုက်လံရှာဖွေရင်းနှင့် သွားကြရာ အ တန်ကြာတော့ ကျောက်တုံးကြီးများ ဝန်းရံနေသော တောင်ကြား သို့ ရောက်သွားကြလေသည်။

ထိုနေရာရောက်တော့ လူတစ်ယောက်မှတော့ မတွေ့ ကြရပေ။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တုံးကြီးသုံးလုံး ဖိုခနောက်ဆိုင်ထားသော
ပေါ်မှာ တင်ထားသော ကျောက်အိုးကြီး တစ်လုံးကိုသာ
မြင်ကြရလေသည်။

"ဘာအိုးကြီး တည်ထားတာလဲ"

ကျောက်အိုးကြီး မြင်ကတည်းက ထိုဒေသအကြော
ကိုသိနေသော ရမ်ဂျာက မျက်နှာပျက်နေလေသည်။

သို့ဖြင့် ထိုနေရာသို့ လျှောက်သွားသောအခါ အ
ရောက်သွားတော့ ဟင်းအိုးကြီးဖြစ်နေမှန်း သိရတော့သည်။

"ဟင်းအိုးက ကြီးလှချည်လား၊ ဘာတွေ ချက်နေ
တာလဲ"

"လူသား ချက်နေကြတာဖြစ်မယ်"

"ဟင်. ."

ရမ်ဂျာက ပြောပြောဆိုဆိုဖြင့် နံဘေးမှာချထားသော
သစ်သားယောက်မကို ကောက်ယူပြီး ဟင်းအိုးကို မွှေပြသည်။

ပထမ လက်တစ်ဖက် ပေါ်လာသည်။

နောက် ခြေထောက်တစ်ချောင်း ပေါ်လာသည်။

အူများ အခွေလိုက် ပေါ်လာသည်။ နောက်တော့
ပင်စုတ်ဖွားဖြင့် ဦးခေါင်းပြတ်တစ်လုံး ပေါ်လာလေသည်။

ရေဖြင့်ပြုတ်ထားသောကြောင့် မျက်လုံးကပြူး၊ လျှာ
အပြင်သို့ ထွက်နေကာ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော ဦးခေါ
ပြတ် တစ်လုံးပင် ဖြစ်သည်။





ဒေါက်တာမင်းထင်ကျော်က အတော်ကလေး စိတ်မ
ချမ်းမသာ ဖြစ်သွားလေသည်။

ကျောက်အိုးထဲ ရောက်နေသူမှာ အခြားမဟုတ်ပေ။

ဂျိုးဇက်ပင် ဖြစ်ပေတော့သည်။

ညက ဝတ်လစ်စလစ်ဖြင့် လူရိုင်းမလေးနောက်ကို လိုက်
သွားခဲ့ပြီးကတည်းက အသတ်ခံလိုက်ရခြင်း ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်မှာ စိတ်မကောင်းလည်းဖြစ်၊
ဒေါသလည်း ဖြစ်သွားလေသည်။

"လာမာနှစ်ကောင် သတ်စားလိုက်တာတော့ ခွင့်လွှတ်
လို့ရတယ်၊ လူပါသတ်စားတာကိုတော့ ခွင့်လွှတ်ပေးလို့ မရတော့
ဘူး"

ထိုသို့ ပြောဆိုကာ သေနတ်များကို အဆင်သင့်ပြင်ကာ
ထိုနေရာတစ်ဝိုက်သို့ လိုက်ရှာကြသည်။

လူရိုင်းများမှာ သူတို့ရောက်လာကြကတည်းက ထွက်
ပြေးသွားကြဟန်ဖြင့် တစ်ယောက်မှ မတွေ့ရတော့ပေ။

သို့ကြောင့် တဲသို့ပြန်သွားကာ ကျန်လူများကို အကျိုး
အကြောင်း ပြောပြလိုက်သည်။

အားလုံးစိတ်မကောင်း ဖြစ်ကြသော်လည်း မတတ်နိုင်
တော့ပေ။

နောက်တော့ သေနတ်များကို အဆင်သင့်ပြင်ပြီး လူရိုင်း
များနေသောနေရာသို့ သွားရှာကြသည်။

www.burmeseclassic.com



ဂုင်းတို့ကလည်း အခြေအနေသိသဖြင့် ပြန်လည်တိုက်ခိုက်သူကတိုက်ခိုက် ထွက်ပြေးသူက ထွက်ပြေးကြလေသည်။

သူတို့အဖွဲ့ကလည်း ဒေါသဖြစ်နေသောကြောင့် တွေ့သမျှ တစ်ယောက်မကျန် ပစ်သတ်လေတော့သည်။

သေနတ်ကျည်ဆံထိပြီး အတော်များများ သေဆုံးသွားကြလေသည်။ အချို့လည်း. . တောထဲသို့ ဝင်ပြေးသွားကြလေတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့လည်း နောက်မှ လိုက်လံတိုင်ခိုက်ကာ တွေ့သမျှ ပစ်သတ်ကြသည်။

နောက်ဆုံး ရွာခေါင်းဆောင်နှင့် အခြားတစ်ယောက်ကို အရှင်ဖမ်းမိသဖြင့် ကြိုးဖြင့်တုပ်ပြီး ခေါ်လာလေသည်။

ကျန်တစ်ယောက်မှာ အဝတ်အစားမရှိသော လူရိုင်းမလေးပင်ဖြစ်သည်။

နှစ်ယောက်စလုံးမှာ အသတ်ခံရတော့မည်မှန်း သိသဖြင့် များစွာကြောက်လန့်နေကြသည်။

"ငါတို့ လာမာနှစ်ယောက်ကို သတ်လိုက်တော့ လျော်ကြေးပေးတယ်၊ အခု လူတစ်ယောက်ကို သတ်လိုက်တော့ နင်တို့အသက်ပဲ ပြန်ယူရတော့မှာပဲ"

ဟုပြောကာ ကက်မွန်ရစ်တားက သေနတ်ဖြင့်ချိန်လိုက်သောအခါ ကြောက်ကြောက်လန့်လန့်ဖြင့် ဂုင်းတို့ဘာသာစကားများဖြင့် တောင်းပန်ကြသည်။





ဒေါက်တာမင်းထင်ကျော်က ကက်မွန်ရစ်တား သေနတ်ကို ဘေးဖယ်လိုက်ပြီး ဝင်မေးလိုက်သည်။

"အသတ်မခံချင်ရင် ဘာလုပ်ပေးနိုင်မလဲ"

"ခိုင်းတာလုပ်ပေးပါ့မယ်"

"အင်ကာရတနာသိုက် ရှိတဲ့နေရာကို နင်တို့ သိတယ်မဟုတ်လား"

ထိုသို့မေးတော့ ဘာမှပြန်မပြောပဲ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ငြိမ်နေကြသည်။

"မင်းတို့ အမှန်အတိုင်း ပြောပြပေးရင် အသက်ချမ်းသာပေးမယ်"

ထိုသို့ပြောသောအခါ. . . တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး လူရိုင်းမလေးက ခေါင်းညိတ်ပြသည်။

"ဒီလိုဆိုရင် နင်တို့နှစ်ယောက် လိုက်ပြပေးရမယ်"

ခေါင်းညိတ်ပြသည်။

"ကောင်းပြီလေ၊ ဒီလိုဆိုရင်တော့ နှစ်ယောက်စလုံးကို အသက်ချမ်းသာပေးလိုက်မယ်၊ အင်ကာရတနာသိုက်ရှိတဲ့ နေရာကိုသာ လိုက်ပြပေတော့၊ ဒါထက် မီးတောင်ပေါက်ကွဲမယ့်ရက် မပေါက်ကွဲတဲ့ရက်တွေကို နင်သိတယ်မဟုတ်လား"

ခေါင်းညိတ်ပြသည်။

"ဘယ်ရက်မှာ မီးတောင်ပေါက်မှာလဲ"

"ဒီလထဲမှာ မပေါက်သေးပါဘူး. .၊ နောက်လဆန်း



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရင် မီးတောင်ပေါက်ကွဲပါလိမ့်မယ်"

ဟု ပြောပြသည်။

"ကောင်းပြီ. . ဒီလိုဆိုရင် ဒီကနေ့ပဲ တောင်ပေါ်ကို စတက်တော့မယ်"

ဟု ပြောလိုက်သည်။

အဘိုးကြီးနှင့် လူရိုင်းမလေးကိုတော့ လက်တစ်ဖက်စီတွဲပြီး ကြိုးဖြင့်ချည်ထားလေသည်။ ၎င်းတို့ နှစ်ယောက်ကတော့ လူရိုင်းဘာသာစကားဖြင့်ပင် တိုးတိုးတိုဝ်ပင် ပြောဆိုနေကြလေသည်။

ထိုအခြေအနေကိုမြင်တော့ ရမ်ဂျာက ဒေါက်တာမင်းထင်ကျော်အနီးသို့ ကပ်ပြီး တိုးတိုးပြောသည်။

"ဆရာ သူတို့နှစ်ယောက် ပြောဆိုနေပုံကြည့်ရတာ သိပ်ပြီး အခြေအနေဟန်ပုံမရဘူး၊ စိတ်ချရပါ့မလား"

"သူတို့ပါခေါ်သွားမှာပဲ၊ တောင်ပေါ်ရောက်တော့မှပဲ အခြေအနေကြည့်ပြီး စခန်းသွားကြတာပေါ့"

"ကျွန်တော်စိတ်ပူတာက. . တောင်ပေါ်ရောက်မှ မီးတောင်ပေါက်ကွဲမှာကို စိုးရိမ်တာပါ၊ ဒီလိုဆိုရင် ပြေးလို့မလွတ်နိုင်ဘူး"

ဒေါက်တာမင်းထင်ကျော်က အတော်ကြာအောင် စဉ်းစားနေပြီးမှ ပြန်ပြောလိုက်သည်။

"တောင်ပေါ်တက်ကတည်းက ချော်ရည်ပူလွတ်တဲ့





လမ်းတွေကို တစ်ခါတည်းလေ့လာပြီး ကြည့်သွားရမယ်၊ တောင်ခြေမှာလည်း စခန်းချလို့ မဖြစ်တော့ဘူး၊ ထွက်ပြေးသွားတဲ့ လူရိုင်းတွေရဲ့ရန်က စိတ်မချရဘူး၊ ဒီတော့ ဒီကနေ့ပဲ တောင်ပေါ်တက်ကြတာပေါ့"

ဟု ပြောဆိုတိုင်ပင်ကာ ပစ္စည်းများကို သိမ်းဆည်းပြီး တောင်တက်ခရီး စတင်ရန် ပြင်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း[၁၃]

# ထူးဆန်းသည့် မီးဝိညာဉ်များ

သူတို့အဖွဲ့မှာ ကပ်စကိုမြို့မှ စတင်ထွက်လာစဉ်က ခုနစ်ယောက် ဖြစ်သော်လည်း ယခု ကျီးဇက်တစ်ယောက် လျော့သွားခဲ့ပြီဖြစ်သောကြောင့် (၆)ယောက်သာ ကျန်တော့သည်။

သို့သော် တောင်ပေါ်တက်သော အခါမှာတော့ လူရိုင်းနှစ်ယောက် ထပ်ပါလာသောကြောင့် ရှစ်ယောက်ပြန်ဖြစ်သွားပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်တက်ခရီးမှာ အစပိုင်းမှာတော့ ခက်ခဲမှု သိပ်မရှိလှပေ။ ရှေးနှစ်ပေါင်းများစွာက အင်ကာတို့ ဖောက်ခဲ့သော ကျောက်ခင်းလမ်း အကြွင်းအကျန်အချို့ ရှိနေသေးသောကြောင့် ထိုလမ်းကြောင်းများအတိုင်း ရှာဖွေပြီး တက်သွားကြလေသည်။

ပစ္စည်းတင်သော လာမာနှစ်ကောင် မပါတော့သဖြင့် ပစ္စည်းထုပ်များကိုတော့ သင့်တော်သလောက် မျှဝေပြီး ထမ်းကြရလေသည်။ လူရိုင်းနှစ်ယောက်ကိုလည်း သင့်တော်သလောက် အထုပ်များပေးပြီး ထမ်းခိုင်းလေသည်။

နှစ်ပရစ္ဆေရ ကြာမြင့်ခဲ့ပြီဖြစ်သောကြောင့် အချို့နေရာများမှာ လမ်းမရှိတော့ဘဲ ချုံနွယ်ပိတ်ပေါင်းတို့သာ ရှိတော့သည်။ သို့သော် လမ်းပြပါလာသော လူရိုင်းကြီးက သင့်တော်သောနေရာမှ တက်သွားလေသည်။

သူတို့တက်သောလမ်းမှာ ချော်ရည်ပူများကင်းသည့် သစ်တောများရှိသော နေရာဘက်ဖြစ်သည်။ သို့သော် တောင်တက်လမ်းကတော့ မတ်စောက်သည်။ အချို့ • မြင့်မားသော တောင်နံရံကြီးများ ကာဆီးနေသောကြောင့် အခြားသင့်တော်သော နေရာရှာပြီး ခက်ခက်ခဲခဲ တက်ကြရလေသည်။

၎င်းတို့အဖွဲ့တွင် အမျိုးသမီး သုံးယောက်ပါသော်လည်း ကျန်နှစ်ယောက်က ဒေသခံလူရိုင်းများဖြစ်သောကြောင့် ခရီးကြမ်းဒဏ်ခံနိုင်ကြသည်။ သို့သော်လည်း မာရီယာကတော့ အ





ကလေး ပင်ပန်းနေပုံရသည်။ သူမကိုတော့ အရှေ့က ခေါ်ရပေသည်။

အချို့နေရာများတွင် နက်ရှိုင်းသောသျှိုများ မတ်စောက်သောချောက်များ တွေ့ရသည်။ အင်ကာတို့ သိုဝှက်ခဲ့သော နာများသည် ထိုကဲ့သို့ နက်ရှိုင်းသော လှိုဏ်တစ်လှိုဏ်အတွင်း၌ နေပေလိမ့်မည်။

နေ့ဝက်ခရီးခန့် တက်ကြသောအခါ တောင်ပေါ်သို့ တော်ပင် ခရီးပေါက်ခဲ့ကြလေသည်။ လမ်းမှာ စခန်းတစ် ကာက်နားကြသော အခါမှပင် လူရိုင်းနှစ်ယောက်ကို ကြိုးဖြေ လိုက်သည်။

မာရီယာက သူ့မှာပါလာသော အဝတ်အစားများထဲမှ ဝတ်တစ်စုံကို လူရိုင်းမလေးကိုပေးပြီး ဝတ်ထားစေသည်။

သူတို့ အစားအသောက်စားသောအခါ ၎င်းတို့နှစ် ယာက်ကိုလည်း ရေနှင့် အစားအသောက်ကျွေးတော့ စားကြ သည်။ သို့သော် နှစ်ယောက်စလုံး မျက်နှာတော့ သိပ်မကောင်း ကြပေ။

ထိုအခြေအနေကို အကဲခတ်မိသော ဒေါက်တာမင်း င်ကျော်ကတော့ ၎င်းတို့ ဆွေမျိုးသားချင်းများ အသတ်ခံရ သာကြောင့် စိတ်မကောင်း ဖြစ်နေကြသည်ဟုပင် ထင်မိပေ သည်။

ညနေပိုင်းအချိန်ရောက်တော့ ကျောက်ဂူတစ်ခုသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားကြသည်။ ရှေ့ဆက်ရန်လည်း မသင့်တော့သဖြင့် ထိုကျောက်ဂူမှာပင် ဝင်ရောက်စခန်းချကြသည်။

လူရိုင်းနှစ်ယောက်ကိုတော့ ဂူအတွင်း၌ပင် ထည့်ထား လေသည်။ ညအချိန်ရောက်တော့ အခြားသူများက အိပ်ပြီး ရမ်ဂျာက မီးပုံနားမှာထိုင်ကာ စောင့်ပေးနေစဉ် လူရိုင်းမလေးက မနီးမဝေး ရောက်လာသည်။

ထို့နောက် ၎င်းတို့ဘာသာစကားဖြင့် မေးသည်။

"နင် အင်ဒီးယန်းတစ်ယောက် မဟုတ်လား"

ရမ်ဂျာက ခေါင်းညိတ်ပြသည်။

"နင် ဘာကြောင့် သူတို့နဲ့လိုက်လာတာလဲ၊ သူတို့က ငါတို့နဲ့ အမျိုးမှ မတူတဲ့ဟာ"

"ဒါပေမယ့် ဒီအလုပ်က ငါလုပ်နေကျ အလုပ်ပဲလေ ဒါထက် နင့်နာမည်က ဘယ်သူလဲ"

"အမိနာ. ."

"ဟိုအဘိုးကြီးက နင်နဲ့ ဘာတော်သလဲ"

"အဖိုးတော်တယ်"

"နင် ဘာကြောင့် တောထဲမှာနေတာလဲ၊ ငါတို့နဲ့ လိုက် ခဲ့ပါလား"

"ငါ့အဖိုးက ထည့်မှာမဟုတ်ဘူး"

"ဒါထက် အင်ကာတွေရဲ့ ရတနာသိုက်ကြီး ရှိတဲ့နေရာ ကို နင်တို့သိတယ် မဟုတ်လား"





ဘာမှပြန်မပြောပေ။

"ငါ့ကို အမှန်အတိုင်း ပြောပြပါ"

"ရတနာတွေ ရှိတဲ့နေရာသိလည်း သူတို့ခွင့်မပေးရင် ခွဲမှ ယူလို့ရမှာ မဟုတ်ဘူး"

"သူတို့ဆိုတာ ဘယ်သူတွေကို ပြောတာလဲ"

"မီးတောင်စောင့်နတ်ကြီးနဲ့ ရတနာတွေကို စောင့်နေ တဲ့ အင်ကာတွေရဲ့ ဝိညာဉ်တွေပေါ့"

ထိုသို့ပြောပြီး သူ့နေရာသို့ ပြန်သွားရန်ပြင်သည်။

အမိနာဆိုသော လူရိုင်းမလေးမှာ အသက်(၂၀)ဝန်း ကျင်ခန့်ရှိပြီး အသားမည်းသော်လည်း ရုပ်ရည်နှင့် ကိုယ်လုံး ကိုယ်ထည်က ဆွဲဆောင်မှုရှိသော ဟန်မျိုးဖြစ်သည်။

မျက်ခုံးထူးထူး နှုတ်ခမ်းထူထူနှင့် တောက်ပသော မျက် လုံးတွေ ထိုမျက်လုံးဖြင့် ကြည့်သောအကြည့်များက လူမျိုး ခြားသော ရမ်ဂျာကို သဘောကျနေဟန်ရှိသည်။

"ဒါထက် မေးရဦးမယ်၊ မီးတောင်ကြီး ပေါက်ကွဲမယ့် ရက် မပေါက်ကွဲမယ့်ရက်ကို နင်သိသလား"

"ငါမသိဘူး. . ငါ့အဖိုးတစ်ယောက်ပဲ သိတယ်၊ သူက မီးတောင်ပေါ်မှာရှိတဲ့ ဝိညာဉ်တွေနဲ့ အဆင်ပြေတယ်၊ နင်တို့ကိုပေး တဲ့ ပစ္စည်းတွေက သူ့တောင်ပေါ်သွားရင်းနဲ့ ဝိညာဉ်တွေက ပေး လိုက်တဲ့ ပစ္စည်းတွေပဲ၊ ဒါတွေက ငါတို့အတွက်တော့ အသုံး မဝင်လှပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် နင့်အဖိုးနာမည်က ဘယ်လိုခေါ်သလဲ"

"မာဆန်ဂျူး"

"သူက နတ်ဆရာ တစ်ယောက်လား"

"ဟုတ်တယ် သူက ဝိညာဉ်တွေနဲ့ တွေ့လို့ရတယ်"

ဟုပြောပြီး အမီနာက သူ့နေရာသို့ ပြန်သွားပြီး အိပ်သေ သည်။ နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်တော့ ရမ်ဂျာ ဒေါက်တာမင်းထင်ကျော်ကို ပြန်ပြောပြလိုက်သည်။

"ဒါလည်း စိတ်ဝင်စားစရာပဲကွ၊ မာဆန်ဂျူးဆိုတဲ့ အ ဘိုးကြီးက မီးတောင်ပေါက်မယ့်အချိန်ကို ကြိုသိနေတယ် တော့ ဝိညာဉ်တွေနဲ့ အဆက်အသွယ် ရှိပုံရတယ်၊ ဒါထက် အ နာက မင်းကိုသဘောကျနေပုံရတယ်"

"ကျွန်တော်ကတော့ သနားတာပဲ ရှိပါတယ်"

"အေး ဒီလိုပါပဲ၊ သနားတာကစပြီး နောက်တော့ ချ သွားကြတာပဲပေါ့ကွာ၊ မင်းကို တစ်ခုတော့ ပြောထားရဦးမယ်"

ရမ်ဂျာက မော့ကြည့်သည်။

"အမီနာက မင်းကို တကယ်ချစ်နေတာလည်း ဖြစ်ချ ဖြစ်မယ်၊ မာယာနဲ့ လှည့်ဖျားနေတာလည်း ဖြစ်ချင်ဖြစ်မယ်၊ ရူး ဇက်လိုတော့ မဖြစ်စေနဲ့"

"စိတ်ချပါဆရာ"

"နောက်ပြီး သူ့ဆီက ရသမျှစကားတွေ သတင်းတွေ ရအောင် ကြိုးစားယူထားရမယ်၊ အမီနာက မီးတောင်ပေါက်





ယ့်အချိန်ကို သိဖို့လိုတယ်၊ တောင်ပေါ်ရောက်ပြီးမှ မီးတောင် ပေါက်ကွဲတာနဲ့ကြုံရင် အားလုံးသေမှာပဲ"

"ဟုတ်ပါတယ်"

"ဒီတော့ မင်းစိတ်ထဲက သဘောကျသည်ဖြစ်စေ၊ မကျ သည်ဖြစ်စေ သူ့ဆီကရတဲ့သတင်းတွေတော့ ယူထားပါ၊ လူ တစ်ယောက်ကို ချစ်ဟန်ဆောင်ရတာ မခက်လှပါဘူး"

ရမ်ဂျာက သဘောပေါက်သော အမူအယာဖြင့် ခေါင်း ညိတ်ပြလေသည်။

နောက်တော့ နံနက်စာစားသောက်ပြီး ခရီးဆက်ကြပြန် သည်။

သစ်တောအုပ်များအတွင်းမှထွက်ပြီး တောင်ကုန်းတစ် ခုပေါ်သို့ ရောက်သွားသောအခါ နေရောင်ခြည် အနည်းငယ် ကြသဖြင့် အအေးဒဏ်မှ သက်သာမှုရကြသည်။

အမြင့်ပေကတော့ (၈၀၀၀)ကျော်ခန့် ရောက်နေပြီဟု မှန်းမိကြသည်။

ထိုနေရာမှ လှမ်းကြည့်လျှင် အယ်လ်ဆန်ဂေးမီးတောင် ၏ ထိပ်ပိုင်းကိုပင် လှမ်းမြင်နေရသည်။

ချော်ရေချော်ခဲများကြောင့် နေရောင်ဖြင့် ထိသောအခါ ရောင်တလက်လက် တောက်ပနေလေသည်။

ထိုနေရာမှ ခရီးဆက်သောအခါ နေ့လည်ဘက်အချိန် တော်သောအခါ ဘေးတစ်ဖက်တစ်ချက်တွင် တောင်နံရံများ



www.burmeseclassic.com

www.burmeseclassic.com



ကာရံထားပြီး အလယ်နေရာမှာ ချော်ရည်ခဲများဖြင့် ပြည့်
သော ကွက်လပ်ကြီးသို့ ရောက်သွားကြလေတော့သည်။

ချော်ရည်ခဲများပေါ်သို့ နေရောင်ကျနေရာ အရော
များ တောက်ပနေသည်။ ထိုနေရာသည် မီးတောင်ထိပ်
အတော်ပင် နီးသောအခြေအနေရှိသည်။

ထိုနေရာရောက်တော့ အဖိုးကြီး မာဆန်ဂျူးက
လိုက်ပြီး လက်ညှိုးထိုးပြလေသည်။

"ပစ္စည်းတွေက ဒီနေရာက ရတာ"

ဟု ၎င်းတို့ဘာသာစကားဖြင့် ပြောပြသည်။

ထိုနေရာရောက်တော့ အားလုံး အထုပ်အပိုးများချ
နားကြသည်။ ရောက်လိုသောနေရာကို ရောက်ခဲ့ကြပြီ
သောကြောင့် အားလုံး ဝမ်းသာနေသလို စိတ်လှုပ်ရှားခြင်းလ
ဖြစ်နေကြသည်။

ဒေါက်တာမင်းထင်ကျော်က အထုပ်အပိုးများချပြီး
နေရာတစ်ဝိုက်ကို လိုက်လံကြည့်ရှုလေသည်။

ချောက်ကြီးရှိသောနေရာမှာ အင်ကာတို့ ဖောက်
ခဲ့သော လမ်းဟောင်းများ ဆုံးသောနေရာ၌ ဖြစ်သည်။

နံဘေး၌ ကာရံထားသော ကျောက်ဆောင်တို့မှာ
စောက်လှုပြီး ကျောက်နံရံကြီးများ ကာရံထားသကဲ့သို့ ရှိနေ
သည်။ အောက်ခြေသို့ ရောက်သည်အထိ မိုင်ဝက်ခန့် နက်
လိမ့်မည်ဟု အပြင်ဘက် တောင်နံရံကိုကြည့်ကာ အကဲခတ်





ခန့်မှန်းကြသည်။

ချော်ရည်ခဲများ ပြည့်နေသော မျက်နှာပြင်မှာ အဝိုင်းပုံ
သဏ္ဍာန်ဖြစ်နေပြီး ပေသုံးလေးရာခန့်ပတ်လည် ကျယ်ဝန်းပေ
လိမ့်မည်။

ပုံသဏ္ဍာန်ကြည့်ရသည်မှာ ခွက်ထဲသို့ ထည့်ထားသော
ချော်ရည်များ ခဲမာနေသည့် ပုံသဏ္ဍာန်မျိုးဖြစ်ကာ မျက်နှာပြင်မှာ
ပြောင်ချော၍ တင်းနေသည်။

ဒေါက်တာမင်းထင်ကျော်၊ ကက်မွန်ရစ်တားနှင့် ကယ်
နက်ဒီတို့ သုံးယောက်မှာ ချော်မျက်နှာပြင်ပေါ် လျှောက်ကာ လိုက်
လံကြည့်လေသည်။

"အခုဆိုရင် ကမ္ဘာပေါ်မှာ အကြီးဆုံး ရတနာသိုက်ကြီး
ဟာ ကျုပ်တို့ခြေထောက်အောက်ကို ရောက်နေပြီဗျ"

ကက်မွန်ရစ်တားက ဂုဏ်ယူစွာပင် ပြောလိုက်သည်။

"ရောက်တာကတော့ ဟုတ်ပါပြီ၊ ကျောက်တုံးလိုမာ
ကျောတဲ့ ချော်တုံးချော်ခဲတွေအောက်မှာ မိုင်ဝက်လောက် နစ်နေ
တဲ့ ရတနာတွေကို ဘယ်လိုများ တူးယူလို့ရပါ့မလဲ"

ပါမောက္ခ ကယ်နက်ဒီက တွေးတွေးဆဆနှင့် မေးလိုက်
သည်။

"ဒီနေရာတောင် ရောက်ခဲ့ပြီးမှတော့ အခြေအနေရှိ
ပါ့မှာ"

"သိပ်တော့ အချိန်ဆွဲလို့ မရဘူးဗျ၊ မိုးမကျခင် ကပ်စကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်ဖို့လည်း အရေးကြီးတယ်၊ မိုးကျလာရင် ဒီခရီး
ဘယ်လိုမှ ပြန်နိုင်ကြမှာ မဟုတ်ဘူး၊ နောက်ပြီး. . .”

“တော်ပါတော့ဗျာ၊ မီးတောင်ပေါက်မှာကို ပြောဦး
မဟုတ်လား၊ ဟိုအဘိုးကြီးရှိနေသရွေ့တော့ ဒီအတွက် စိုးရိမ်
ရာမရှိသေးပါဘူး”

ဒေါက်တာကက်မွန်ရစ်တားကတော့ များစွာစိတ်အ
ထက်သန်နေသဖြင့် အခြားသူများ ဘာပြောပြော လက်မခံနိုင်
ဖြစ်နေလေသည်။

သို့ကြောင့် မြေကွက်လပ်ကြီးနှင့် မနီးမဝေး သင့်တော်
သောနေရာတွင် ရွက်ဖျင်တဲများထိုး၍ စခန်းချကြလေသည်။

ညအချိန်ရောက်တော့ လရောင်ရှိသဖြင့် ပတ်ဝန်းကျင်
မှာ အလင်းရောင် ရနေလေသည်။ သို့သော်လည်း မြူနှင်းများ
ရှိနေသဖြင့် ဝေဝေဝါးဝါးရှိနေလေသည်။

အခြားသူများက မီးဖိုရှိသော တဲအတွင်းမှာ နေကြသော်
လည်း လူရိုင်းအဖိုးကြီး မာဆန်ဂျူးကတော့ တဲနှင့် မနီးမဝေး
တောင်စွန်းတစ်နေရာတွင် ထိုင်နေသည်။

သူသည် လရောင်ထွက်သော နေရာဘက်သို့ မျက်နှာ
မူလျက် ဂါထာမန္တာန်များ ရွတ်ဆိုနေသည်။

ဒေါက်တာမင်းထင်ကျော်တို့ကတော့ အင်ကာရတနာ
သိုက် ရှိသည်ဟု ထင်ရသောနေရာသို့ ရောက်ကြရပြီ ဖြစ်သော
ကြောင့် လူရိုင်းအဘိုးကြီးအား လွတ်လပ်ခွင့်ပေးထားလေသည်





အမီနာကတော့ ရမ်ဂျာနှင့် နီးသောနေရာမှာပင် ကပ်
နေတော့သည်။ ဒေါက်တာမင်းထင်ကျော်ကတော့ လူရိုင်းအဘိုး
ကြီး အခြေအနေကို အကဲခတ်ကြည့်နေလေသည်။

အဘိုးကြီးကတော့ အေးလှသော ဒဏ်ကိုပင် ဂရုပြုမိ
ဟန်မတူဘဲ သူလုပ်နေသောအလုပ်ကိုသာ အာရုံစူးစိုက်ကာ
မြဲလုပ်နေဟန်ရှိသည်။

အတန်ကြာတော့ မီးတောင်ရှိရာဘက်မှ ပေါက်ကွဲသံ
သိမ်း တစ်ချက်ကြားလိုက်ရသဖြင့် အားလုံး လန့်ဖျတ်သွားကာ
အခြေအနေကို ထကြည့်ကြလေသည်။

သို့သော် မီးခိုးငွေ့များ အူထွက်နေသည်မှလွဲပြီး ပေါက်
ကွဲသံတော့ မတွေ့ရပေ။

မရှေးမနှောင်းမှာပင် မြေငလျင်လှုပ်လာပြန်ရာ တောင်
တစ်တောင်လုံး လှုပ်နေလေသည်။ အတော်ကြာတော့မှ ပြန်
ည်ငြိမ်သက်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်က ဘူမိဗေဒပညာရပ်ဖြင့်
ဒေါက်တာဘွဲ့ယူထားသူ ဖြစ်သောကြောင့် အခြေအနေများကို
ကြည့်ရုံနှင့် ရက်ပိုင်းအတွင်းမှာ မီးတောင်ပေါက်ကွဲတော့မည်ကို
အကဲခတ်မိလေသည်။

သို့သော် ချက်ချင်းတော့ မဖြစ်နိုင်သေးမှန်း သိသဖြင့်
ဘာမှမပြောပဲ နေလေသည်။

“မီးတောင် ပေါက်ကွဲတော့မယ့် လက္ခဏာမို့လား”



www.burmeseclassic.com

www.burmeseclassic.com



မာရီယာက ဒေါက်တာမင်းထင်ကျော်အနား ရော
လာပြီး မေးသည်။

"အခြေအနေကြည့်ရတာ ချက်ချင်းတော့မဖြစ်နိုင်ေ
ဘူး၊ ဒါပေမယ့် ဒီနေရာမှာ ရက်အကြာကြီး နေလို့တော့ သ
မယ်မထင်ဘူး"

"ဒါပေမယ့် ဒေါက်တာကက်မွန်ကတော့ ရတနာ
ရှာမတွေ့မချင်း နေမယ့်သဘောရှိတယ်၊ ဒေါက်တာ ဘယ်
သဘောရသလဲ"

"သူ့ကို အကျိုးအကြောင်း ပြောပြရမှာပေါ့၊ တကယ်
မီးတောင်ပေါက်ကွဲပြီး ချော်ရည်ပူတွေ ဆင်းလာပြီ ဆိုရင်
ဘယ်သူမှ အသက်ရှင်နိုင်ကြတော့မယ် မထင်ဘူး"

ဒေါက်တာမင်းထင်ကျော်၏ စကားကြောင့် မာရီယာ
သက်ပြင်းတစ်ချက် ချလိုက်လေသည်။

ထိုအခိုက်မှာပင် ထူးဆန်းသော မြင်ကွင်းကို စတင်
မြင်ကြရလေသည်။

ကမ်းပါးထိပ်မှာ ထိုင်နေသော လူရိုင်းအဘိုးကြီး
လက်နှစ်ဖက်ကို အပေါ်သို့ မြှောက်ကာ ၎င်းတို့ ဘာသာစ
ဖြင့် တစ်စုံတစ်ခုကို တိုင်တည်ရွတ်ဆိုနေလေသည်။

သူတို့ရှိနေသောနေရာနှင့် အနည်းငယ်ဝေးေ
ကြောင့် အသံတော့ မကြားရပေ။

အတန်ကြာတော့ မီးတောင်ထိပ်ပိုင်းဘက်မှ တဝုန်





နှင့် အသံများ ပေါ်ထွက်လာသဖြင့် ဒေါက်တာမင်းထင်ကျော်
တို့နှစ်ယောက်မှာ မျက်လုံးပြူးသွားကြလေသည်။

အပြင်ထွက်ကြည့်သောအခါ တောင်ထိပ်ပေါ်မှ မီး
လုံးကြီး သုံးလေးလုံး လိမ့်ဆင်းလာနေသည်ကို အတိုင်းသား
လှမ်းမြင်ကြရသည်။ မီးလုံးများမှာ မီးတောင်ပေါက်ကွဲရာမှ ဖြာ
ကျလာသော ချော်ရည်ပူများနှင့် မတူပေ။

စုန်းမီးတောက် စားသကဲ့သို့ မီးလုံးကြီးများ ရွေ့လျား
လိမ့်ကျလာကြခြင်း ဖြစ်သည်။ မီးလုံးများမှာ အတော်ကြီးပြီး
၎င်းတို့ လိမ့်ကျလာရာ လမ်းတစ်လျှောက်မှာရှိသော သစ်ပင်တို့
တို့ လောင်ကျွမ်းကျန်ခဲ့ကြလေသည်။

တောင်ထိပ်ပေါ်မှ မူလ ဆင်းလာစဉ်က နှစ်လုံးသုံးလုံး
သာဖြစ်သော်လည်း အလယ်လောက်ရောက်တော့ တဖြည်း
ဖြည်း ပွားကာ အတော်ပင် များလာလေသည်။

၎င်းတို့မှာ လေထဲမှ ပျံဝဲကာ ဆင်းလာကြခြင်း ဖြစ်
သည်။

"ဘယ်လို မီးလုံးတွေလဲ"

"မီးဝိဥာဉ်တွေပါ၊ မီးတောင်စောင့် နတ်မင်းကြီးရဲ့ကိုယ်
ပွားတွေပါ၊ သူတို့ရောက်လာတာ အကြောင်းရှိလို့ ဖြစ်မှာပါ"

"ဘယ်လို အကြောင်းမျိုးလဲ"

"အဘိုးကို မီးတောင် ဘယ်အချိန်ပေါက်ကွဲမယ်ဆိုတာ
တိုလာပြီး သတိပေးတာမျိုးပါ"



www.burmeseclassic.com

www.burmeseclassic.com



အမိန့်ကာ သူသိသမျှ ပြောပြသော်လည်း ဒေါက်တာကက်မွန်ကတော့ လက်ခံချင်ပုံမရပေ။

"အလကား ခြောက်လုံးလှန့်လုံးတွေပါ"

ဟုပြောကာ မဲ့ပြုံးပြုံးလိုက်သည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ လောလောဆယ် မယုံကြည်သော်လည်း အမိန့်ာပြောသော စကားများကို လက်ခံထားသည်။

ငင်းတို့ ကြည့်နေစဉ်မှာပင် တောင်ပေါ်မှ ဆင်းလာသော မီးလုံးကြီးများက လူရိုင်းအဘိုးကြီး ထိုင်နေသော နေရာသို့ ရောက်လာကြသည်။

ထိုနေရာသို့ ရောက်တော့ ရှေ့သို့ဆက်မသွားတော့ပဲ အဘိုးကြီး အနားမှာသာ ရစ်ဝဲနေကြလေသည်။

ထိုကဲ့သို့ ထူးခြားသောမြင်ကွင်းကို မြင်တော့မှ ဒေါက်တာကက်မွန်ရစ်တားပင် မျက်လုံးအပြူးသားဖြင့် တအံ့တဩဖြစ်ကာ လှမ်းကြည့်နေလေသည်။

နောက်တော့မှ မီးလုံးကြီးများ တလိမ့်လိမ့်နှင့် ပျံဝဲလာပြီး သူတို့အနီးသို့ ရောက်လာကြသည်။

မီးစုန်းများကဲ့သို့ အလင်းရောင်များရှိပြီး နေလုံးကြီးမှ မီးညွန့်များ ဖြာထွက်နေသကဲ့သို့ မီးတောက်မီးလျှံများ ထွက်နေလေသည်။

အနားရောက်တော့မှ ကြည့်လိုက်တော့မှ မီးလုံးကြီးများ





မှာ လူတစ်ယောက်မျက်နှာမျိုး ဖြစ်နေသည်ကို တွေ့ကြရသည်။

"အံ့ဩစရာပဲ၊ မီးလုံးကြီးတွေက လူမျက်နှာတွေ ဖြစ်နေတယ်၊ ကြောက်စရာ ကောင်းလိုက်တာ"

ဟု ရမ်ဂျာက တုန်ရင်နေသော အသံဖြင့် ရေရွတ်လိုက်သည်။

လူမျက်နှာမျိုးဖြစ်နေသော မီးလုံးကြီးများက သူတို့ကို သည့်ပတ်ပျံသန်းနေကြသည်။ တဝီဝီနှင့် ပျံသန်းနေသော နေရာများမှလည်း ပြောနေသော အသံများ ကြားနေရသည်။

"ဒီနေရာက ပြန်ထွက်သွား၊ ဒီနေရာက ပြန်ထွက်သွား"

ဟူသော အသံမျိုး ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်ကတော့ မီးလုံးကြီးများမှာပေါ်နေသော လူမျက်နှာများကို လိုက်ကြည့်နေသည်။

မျက်နှာမှာ ဒေါသမျက်နှာ၊ ကြောက်စရာကောင်းသော မျက်နှာမျိုးဖြစ်သည်။ သို့သော် ပုံပန်းသဏ္ဌာန်က တစ်မျိုးတည်း မဟုတ်ပဲ အမျိုးမျိုး ပြောင်းလဲနေလေသည်။

အတန်ကြာတော့ ထိုနေရာမှ ပြန်ထွက်သွားကြလေတော့သည်။

မီးလုံးကြီးများ ပြန်ထွက်သွားသော်လည်း လူရိုင်းကြီးကတော့ ထိုနေရာမှာပင် ဆက်ထိုင်နေလေသည်။

အခြေအနေ ငြိမ်သက်သွားတော့မှ အားလုံး တဲများအတွင်းသို့ ပြန်ဝင်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်ကတော့ ရွှေးစရာ မျှားနေသဖြင့် တော်တော်နှင့် အိပ်မပျော်ပဲ ရှိလေသည်။

မီးဝိညာဉ်များ ရောက်လာသည်မှာ ထူးဆန်းသည်။

မကြာမီ ထူးထူးခြားခြား ဖြစ်တော့မည်ကိုတော့ စိတ်ထဲမှ အလိုလိုသိနေသည်။

အတန်ကြာတော့ သူထိုင်နေရာသို့ ရမ်ဂျာရောက်လာပြီး တိုးတိုးပြောသည်။

"အမိနာက ပြောတယ်ဆရာ၊ မကြာခင် မီးတောင်ကြီးပေါက်တော့မယ်တဲ့၊ ဒါကြောင့် ဒီနေရာက အမြန်ပြန်သွားမှ အသက်ရှင်မယ်လို့ ပြောတယ်၊ ဆရာ ဘယ်လိုလုပ်မလဲ"

"အခြေအနေကြည့်ပြီး ပြန်ဆင်းတန် ဆင်းရမှာပေါ့၊ အမိနာတို့က ဒီတောင်ပေါ်မှာ နေကြတာဆိုတော့ လမ်းတွေသိကြတယ်၊ မီးတောင်ပေါက်ကွဲရင် ဘယ်နေရာ ဘယ်လမ်းကပြေးရင် လွတ်မယ်ဆိုတာကို မင်းက မေးထားပေးပါ"

ရမ်ဂျာက သဘောပေါက်သောအမူအယာဖြင့် ခေါင်းညိတ်ပြကာ ထိုနေရာမှ ပြန်သွားလေသည်။

ထိုညအဖို့တော့ နောက်ထပ်ထူးထူးခြားခြား ဘာမှမတွေ့ကြရတော့ပေ။





# အခန်း [၁၄]

# မြမျက်လုံးနှင့် မီးဝိညာဉ်

နောက်တစ်နေ့ နံနက်လင်းသောအခါမှာတော့ ချော်ရည်များခဲနေသော ကွက်လပ်ကြီးကို တူးရန် ပြင်ကြလေသည်။

ငင်းတို့အားလုံး ဝိုင်းဝန်းလုပ်ကြသည် ဆိုသော်လည်း အတက်ကြွဆုံးကတော့ ဒေါက်တာကက်မွန်ရစ်တားပင် ဖြစ်သည်။ သူတို့အဖွဲ့တွင် လူရိုင်းအဘိုးကြီးမှလွဲပြီး အားလုံး အလုပ်လုပ်ကြလေသည်။ လူရိုင်းကြီးကတော့ ထိုနေရာမှ ထွက်မသွား



www.burmeseclassic.com

www.burmeseclassic.com



သေးသော်လည်း အတော်ဝေးဝေးမှာ သွားထိုင်နေလေသည်။

လူရိုင်းမလေး အမီနာကတော့ ရမ်ဂျာအနားမှာပင် ကပ်နေလေသည်။ ရမ်ဂျာကလည်း အရေးအကြောင်းရှိလျှင် အသုံးပြုရန်အတွက် အမီနာကို အနားမှာခေါ်ထားလေသည်။

ကျောက်သားတမျှ အစိုင်အခဲဖြစ်နေသော ချော်တုံး ချော်ခဲများကို တူးရသည်မှာ သိပ်တော့မလွယ်လှပေ။

ဂုင်းတို့ထံမှာပါလာသော လက်နက်ကိရိယာတို့က သာ မန်သာ ဖြစ်သည်ကတစ်ကြောင်း သန်သန်မာမာတူးဆွနိုင်သည် က ရမ်ဂျာသာရှိသဖြင့် ခရီးသိပ်မတွင်လှပေ။

တစ်နေ့လုံး နားလိုက်တူးလိုက်နှင့် ကြိုးစားကြရာ.. အောက်သို့ လေးငါးပေလောက်အထိ ရောက်သွားကြသည်။

ထိုနေရာရောက်တော့ ချော်ရည်များအောက်၌ အရိုး စုများ တွေ့ရသည်။ ကျောက်တူးသော လက်နက်ကိရိယာ အ ချို့ကိုလည်း တွေ့ကြရသည်။

ရတနာသိုက် တူးဖော်နေရင်းနှင့် ချော်ရည်ပူများ ကျ လာသောကြောင့် သေဆုံးခဲ့ကြဟန် ရှိလေသည်။

အရိုးစုများမှာ ထိုနေရာတစ်ဝိုက်မှာပင် လေးငါးခုတွေ့ ရသည်။ ထို့ပြင် အလောင်းများရှိသော နေရာတစ်ဝိုက်မှာလည်း ဂုင်းတို့ တူးဖော်ရထားသော ရှေးဟောင်းပစ္စည်းအချို့ကိုလည်း တွေ့ရသဖြင့် တူးဖော်ယူကြလေသည်။

“ဟန်ကျပြီ. . ဟန်ကျပြီ၊ တစ်သက်မဟုတ်ဘူး၊ ဆယ်





စားလို့တောင် မကုန်နိုင်လောက်တဲ့ အင်ကာရတနာသိုက် ကို ရှာတွေ့ပြီ. . ဟား. . ဟား. . ဟား. . ဟား”

ဒေါက်တာကက်မွန်က ကျယ်လောင်စွာ ရယ်မောလိုက် သည်။ အားလုံးကတော့ ဒေါက်တာကက်မွန်တစ်ယောက် အာစိတ်များပြီး စိတ်ဖောက်ပြန်သွားလေသလားဟုပင် ထင် မိကြသည်။

ထိုနေ့တတော့ ရာသီဥတု သာသာယာယာနှင့် ရှာဖွေ သာကြောင့် အတော်ပင် အလုပ်တွင်ကျယ်ခဲ့ကြသည်ဟု ဆိုရ သည်။

ထို့ပြင် ကံကောင်းသည်ဟုလည်း ဆိုရပေသည်။

လူအရိုးစုများတွေ့ရသော နေရာတစ်ဝိုက်သို့ တူးဖော် ကြရာ ရှေးဟောင်းရတနာပစ္စည်း အတော်များများ တွေ့ ရသည်။ သေဆုံးသူများ တူးဖော်ရှာဖွေထားခဲ့သည့် ပစ္စည်း း ဖြစ်ပေလိမ့်မည်။

ထိုပစ္စည်းများကို ရှာဖွေတွေ့သမျှ သယ်ယူလာပြီး စစ် ကြည့်သောအခါ ရွှေသားများနှင့် ပြုလုပ်ထားသော ရှေး ဟောင်းပစ္စည်းများဖြစ်သည်ကို တွေ့ကြရလေသည်။

လာမာနှစ်ကောင်ကိုသတ်သဖြင့် လူရိုင်းများအလျော် သောပစ္စည်းများနှင့် တစ်ထေရာတည်း တူနေလေသည်။

“ဟန်ကျပြီဗျ. . ဟန်ကျပြီ၊ နောက်ထပ်ပစ္စည်းတွေမ ရသေးရင်တောင် ဒီပစ္စည်းတွေနဲ့တင် ချမ်းသာလောက်ပြီ၊



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်းလေးရာကျော်လောက်က ရှေးဟောင်းပစ္စည်းတွေ
တော့ ဘယ်သူမဆို ဝယ်ချင်ကြမှာပဲ”

ဒေါက်တာကက်မွန်ရစ်တားက ဆေးပြင်းလိပ်တစ်
ကို မီးညှိဖွာနေရင်း ကျေနပ်အားရသော အမူအယာဖြင့် ပြော
ဆိုလေသည်။

“ဒါပေမယ့် ကျွန်တော်တို့ ဒီနေရာမှာတော့ ရက်အကြာ
ကြီးနေဖို့တော့ မသင့်ဘူးထင်တယ်”

ဒေါက်တာမင်းထင်ကျော်က သတိပေးလိုက်သည်။

“ကျုပ်တို့အတွက် အချိန်ရပါသေးတယ် ဒေါက်တာ
ကျုပ်လည်း ခရီးသွားတဲ့အတွေ့အကြုံတွေ ရှိပါတယ်၊ ဒီအ
အစိုင်းတွေရဲ့ စကားတွေကို အလေးအနက်ထားပြီး မယုံစမ်း
နဲ့”

ဟု ပြောသည်။

ထိုညအိပ်ကြတော့ နှစ်ကြိမ်သုံးကြိမ်လောက်မြေငလျင်
လှုပ်လေသည်။ ထို့အပြင် သစ်တောအတွင်းမှာ ရှိကြသော ငှက်
မျိုးစုံတို့၏ စူးစူးဝါးဝါး အော်သံများ အုပ်စုလိုက်ကြီး အဝေး
ပျံထွက်သွားသော အသံများကိုလည်း ကြားရသည်။

ဒေါက်တာမင်းထင်ကျော်က စိတ်မချသဖြင့် အပြင်
ထွက်ကြည့်တော့ မီးတောင်ထိပ်မှ မီးခိုးငွေ့များ လူတက်
သည်ကို လှမ်းမြင်ရသည်။ သို့သော် မသဲကွဲလှပေ။

ထိုအချိန်တွင် ၎င်းတို့တူးနေသော မြေကွက်လပ်





ရှိသောနေရာမှ မြေကြီးများ ကွဲတက်လာသည်။ ပတ်ကြားကွဲ
များ အက်ထလာသည်။

ခဏကြာတော့ ထိုနေရာမှ ရေများပန်းထွက်လာသည်။

ရေနွေးလောက် မပူသော်လည်း ပူစပြုနေသော ရေ
များပင်ဖြစ်၏။

“ဝုန်း . . ဝုန်း . .”

ထိုအသံကြောင့် အိပ်နေသူများပင် ပြန်နိုးလာကြလေ
သည်။

အပြင်ထွက်ကြည့်ကြတော့ မြေကွက်မှမြေများ ကွဲ
တက်လာပြီး ရေများပန်းထွက်နေသည်ကို တွေ့ကြရသည်။

“ဒါ မီးတောင်ပေါက်ကွဲတော့မယ့် လက္ခဏာပဲ”

ပါမောက္ခကယ်နက်ဒီက ရေရွတ်လိုက်သည်။

“မပေါက်သေးပါဘူးဗျ၊ မီးတောင်ပေါက်မယ့်ရက်ကို
တိုလူရိုင်းကြီး သိတာပဲ၊ သူ့ကိုခေါ် မေးကြည့်ပါလား”

ဟုပြောပြောဆိုဆိုနှင့် တောင်စွန်းတစ်နေရာမှာ ထိုင်
နေသော လူရိုင်းကြီးကို ခေါ်လာပြီး ဒေါက်တာကက်မွန်က မေး
သည်။

“မီးတောင်ပေါက်မယ့်အချိန်ကို ခင်ဗျားသိတယ်မ
ဟုတ်လား”

ထိုသို့မေးတော့ မျက်လုံးပြူးကြီးဖြင့် စိုက်ကြည့်နေပြီး
မှ ခေါင်းညိတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘယ်အချိန်ပေါက်မှာလဲ"

"အခုပေါက်တော့မှာ"

"ဟင်. . ဒါဖြင့် ဘာကြောင့် မပြောတာလဲ"

"ဟီး. . ဟီး၊ မင်းတို့က ငါ့လူတွေကို သတ်တယ်၊ ငါက လည်း မင်းတို့ကိုသတ်ဖို့ ခေါ်လာတာ"

"ဟင်. ."

ဒီတော့မှ လူရိုင်းအဘိုးကြီးမှာ မီးတောင်ပေါက်ကွဲမည့် အချိန်ကို သိလျက်နှင့် တမင်ခေါ်လာမှန်း သိရပေတော့သည်။ ကက်မွန်ရစ်တားကတော့ မယုံပေ။

"ခင်ဗျား မဟုတ်တာတွေ ပြောမနေနဲ့၊ တကယ်လို့ မီး တောင်ပေါက်ကွဲမှုတော့ ခင်ဗျားတို့လည်း သေမှာ မဟုတ်ဘူး လား"

"ငါသေတော့ရော ဘာအရေးလဲ၊ ငါက မီးနတ်မင်းရဲ့ လူပဲ၊ သေသွားတော့လည်း သူ့ကိုပူဇော်ပြီးသား ဖြစ်သွားတာ ပေါ့"

ထိုစကားကြောင့် ကက်မွန်ရစ်တားက ဒေါသဖြစ်သွား ပြီး ခါးကြားမှ သေနတ်ကို ဆွဲထုတ်လိုက်သည်။

"ဒီလောက်သေချင်မှတော့ ကိုင်းဟာ"

"ဒိုင်း. . ဒိုင်း"

သေနတ်ဖြင့် လူရိုင်းအဘိုးကြီးကို ပစ်ချလိုက်ရာ နေရာ မှာပင် ခွေခွေကလေး လဲကျသွားလေတော့သည်။





ဒေါက်တာမင်းထင်ကျော်ပင် တားချိန်မရလိုက်တော့ ပေ။ ထိုအခိုက်မှာပင် ဒေါက်တာကက်မွန်ရစ်တားက နံရံမှာ ထောင်ထားသော ဂေါ်ပြားတစ်လက်ကိုယူပြီး အပြင်သို့ ထွက် သွားလေသည်။

"ခင်ဗျား ဘာလုပ်မလို့လဲ"

"ဟိုမှာ ရေတွေထွက်ပြီး မြေကြီးတွေ ပွနေတာ မမြင်ကြ ဘူးလား၊ ဒီအချိန်မှာတူးရင် သက်သာပြီပေါ့"

"မသွားနဲ့ ကက်မွန် မသွားနဲ့"

ဟု တားနေသည့်ကြားမှ ကွက်လပ်ရှိရာသို့ ဆင်းသွား လေတော့သည်။ စောစောက ရေများ ပန်းထွက်နေသော်လည်း ဆူလှပေ။ သို့ကြောင့်. . အလွယ်တကူ ဆင်းသွားနိုင်ခြင်း ဖြစ် သည်။

သူရောက်သွားပြီး တူးမည်ကြံရုံရှိသေးသည်။ နောက် ထပ် ရေပူလုံးကြီးက ပန်းတက်လာပြီး ကက်မွန်ရစ်တားကိုယ် ပေါ်သို့ ဖုံးချလိုက်လေတော့သည်။

"ဝုန်း. . ဝုန်း"

"အား. ."

စူးစူးဝါးဝါး အော်ဟစ်ကာ လဲကျသွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်က အကူအညီပေးရန် ပြေး သွားသောအခါ ပွက်ပွက်ဆူနေသော ရေပူများက နေရာအနှံ့မှ ပန်းထွက်နေပြီ ဖြစ်သောကြောင့် အနားကပ်၍ပင် မရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ ကက်မွန်ရစ်တား တစ်ယောက်ကတော့ အရှင်လတ်လတ် ရေပူများထဲ ရောက်သွားသကဲ့သို့ ဖြစ်ကာ နေရာမှာတင် အသက်ပျောက်သွားခဲ့လေသည်။

ထိုအခိုက်မှာပင် မီးတောင်ကြီးတစ်ခုလုံး သိမ့်သိမ့်တုန် သွားပြီး စတင်ပေါက်ကွဲလေတော့သည်။

"ဝုန်း. . ဝုန်း. . ဝုန်း"

ပေါက်ကွဲသံများနှင့်အတူ ကောင်းကင်ပေါ်သို့ မီး တောက်မီးလျှံများ ပန်းထွက်သွားကြလေသည်။ ပြင်းထန်သော ပေါက်ကွဲမှုကြောင့် မီးတောက်မီးလျှံတို့မှာ ကောင်းကင်သို့ မိုး ဝက်ခန့် ထိုးတက်သွားကြသည်။

ထိုပေါက်ကွဲမှုအရှိန်ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးမှာ လည်း သိမ့်သိမ့်တုန်သွားလေတော့သည်။ မရှေးမနှောင်းမှာပင် တောင်ထိပ်မှ ချော်ရည်ပူများ အန်ထွက်ကာ အောက်သို့ လျှင် မြန်သော အရှိန်ဖြင့် စီးကျလာလေတော့သည်။

"မီးတောင်ပေါက်ပြီ ပြေးကြတော့"

ဟု အမီနာက အော်ဟစ်သတိပေးရာ အားလုံး အချိန် မရတော့သဖြင့် သင့်တော်သလောက်သာ ပစ္စည်းအချို့ ဝင်ယူပြီး ဘေးလွတ်ရာသို့ ပြေးကြရလေတော့သည်။

တောင်မှာ မြင့်မားမတ်စောက်သောကြောင့် ချော်ရည် များ စီးကျလာပုံမှာ လျင်မြန်လှသည်။ သူတို့ ပြေးနေသောအချိန် နှင့် ချော်ရည်များစီးကျလာသောအရှိန် နှိုင်းစာပါက မြင်းတစ်





ကောင်ပြေးသည်နှင့် လူတစ်ယောက်ပြေးနေသကဲ့သို့ ကွာခြား သည်။ ချော်ရည်များ စီးကျလာပုံက လျင်မြန်လှပေသည်။ တောက်မီးလျှံများ စီးဆင်းလာသော နေရာတစ်ဝိုက်မှာ တော လောင်သကဲ့သို့ မီးတောက်မီးလျှံများ ထလာလေသည်။

ချက်ချင်းဆိုသလိုပင် အယ်လ်ဆန်ဂေး တောင်တစ်ခု လုံး မီးတောက်မီးလျှံများ ဖုံးလွှမ်းသွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ နှစ်ယောက်လျော့သွား သဖြင့် ပါမောက္ခကယ်နက်ဒီ၊ မာရီယာ၊ ဒေါက်တာမင်းထင် ကျော်၊ ရမ်ဂျာ၊ အေရှာနှင့် လူရိုင်းမလေး အမီနာပါ လိုက်လာ သောကြောင့် ခြောက်ယောက်သာ ကျန်တော့သည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ သူနှင့် ခင် မင်ရင်းနှီးသော ဒေါက်တာကက်မွန်ရစ်တားတစ်ယောက် သေ ဆုံးသွားသောကြောင့် စိတ်မကောင်းဖြစ်မိသော်လည်း ဘာမှ မတတ်နိုင်တော့ပေ။

ယခု သူတို့ပင် သေမည်ရှင်မည်ကို မသိကြရသေးပဲ အသက်လုကာ ပြေးနေကြရလေသည်။ တောင်ပေါ်မှဆင်းလာ သော ချော်ရည်ပူများ မီးတောက်မီးလျှံများကလည်း လျင်မြန် သောအဟုန်ဖြင့် ထပ်ကြပ်မကွာလိုက်လာရာ တောင်တစ် တောင်လုံး ပြည့်နေလေသည်။

"ချော်ရည်ပူတွေ သိပ်မဝေးတော့ဘူး၊ ဒီအတိုင်း ပြေး ရင်တော့ မကြာခင်သေမှာပဲ၊ တခြားလမ်း ရှိသေးလား"



www.burmeseclassic.com

www.burmeseclassic.com



ရမ်ဂျာကမေးသဖြင့် အမီနာက အနောက်ဘ
လက်ညှိုးထိုးပြသဖြင့် အားလုံး ထွေထွေထူးထူး စဉ်းစ
တော့ပဲ ထိုဘက်သို့ ပြေးကြလေသည်။

ထိုနေရာဘက်မှာတော့ သစ်တောများရှိသည်။
တောများအတွင်းသို့ ပြေးဝင်သွားကြစဉ်မှာပင် နောက်မှ
လာသော ချော်ရည်ပူများကြောင့် သစ်ပင်များ မီးလောင်
များကို အတိုင်းသား ကြားနေရသည်။

တစ်နေရာရောက်သောအခါ ရှေ့ဆက်ပြေးရန်
တော့ပဲ ချောက်ကြီးသာ ရှိနေတော့သည်။

ကလွဲစားချေသည့်အနေဖြင့် အမီနာက သူတို့ကို
တွင်းထဲသို့ ခေါ်လာရသည်ဟု ထင်လိုက်ကြသည်။

ချောက်ကိုကြည့်တော့လည်း မှောင်နေသော
သေသေချာချာ ဘာမှမမြင်ရပေ။

သို့ကြောင့် ချောက်ယောက်သား ရပ်နေလိုက်ကြသ
မီးတောက်မီးလျှံနှင့် ချော်ရည်ပူများကလည်း တဖြည်းဖြည်း
လာချေပြီ။

ပြေးစရာလည်းမရှိ၊ ရွေးစရာလည်း မရှိတော့ပေ။

ထိုအခြေအနေတွင် ရမ်ဂျာက ရင်းလွယ်အိတ်အတွ
မြမျက်လုံးဟူသော မြကြီးကိုထုတ်ယူလိုက်ကာ လက်ဖြင့်
ကိုင်ထားလိုက်သည်။

ပါးစပ်မှလည်း တစ်စုံတစ်ခုကို ရေရွတ်ပြောဆို





သည်။ ဘာရေရွတ်ဆိုနေမှန်းတော့ မကြားရပေ။

"ကဲ. . ဘုရားတရား အာရုံပြုပြီး မျက်စိသာ မှိတ်ထား
ကြပေတော့၊ သေတော့လည်း အတူတူပေါ့"

ဒေါက်တာမင်းထင်ကျော်က ပြောပြောဆိုဆိုနှင့် မျက်စိ
မှိတ်ထားလိုက်သည်။

တောင်ပေါ်မှ စီးဆင်းလာသော ချော်ရည်ပူများက သူ
တို့ရောက်နေသည့် နေရာနှင့် မနီးမဝေးရောက်တော့ ရုတ်တ
ရက် ထက်ခြမ်းကွဲသွားပြီး ဘေးတစ်ဖက်တစ်ချက်မှ စီးကာ
ချောက်တွင်းသို့ ဆင်းသွားကြသည်။

ချော်ရည်ပူများက အတော်ဝေးဝေးနေရာမှ ဖြတ်သွား
သော်လည်း အပူရှိန်များကတော့ ဟပ်သွားသည်။

ဒေါက်တာမင်းထင်ကျော်က မျက်စိဖွင့်ကြည့်လိုက်
သည်။ ပထမ သူတို့လူစု ရပ်နေရာနှင့် မနီးမဝေး ဘေးတစ်ဖက်
တစ်ချက်မှ စီးသွားသော နီရဲနေသော ချော်ရည်ပူများကို တွေ့
ရသည်။

ရမ်ဂျာလက်ထဲမှ ကိုင်ထားသော မြမျက်လုံးကလည်း
အစိမ်းရောင်များ ဖြာထွက်နေကာ ပတ်ဝန်းကျင်သို့ ပျံ့နှံ့နေလေ
သည်။

ထိုအစိမ်းရောင်များ ရှိသောနေရာသို့ ရောက်လာသော
မီးတောက်မီးလျှံဖို့မှာ မီးကိုရေဖြင့် ငြိမ်းလိုက်သကဲ့သို့ ငြိမ်းကာ
သူတို့ရှိသောနေရာသို့ ချော်ရည်ပူများ ရောက်မလာကြခြင်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပေးသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ အံ့သြစရာကောင်းသော မြင်ကွင်းကို ကြည့်ရင်းနှင့်. . .

"ဒီတစ်ခါတော့ အသက်အန္တရာယ်မှ လွတ်မြောက်ရပြန်ပြီ"

ဟု တွေးလိုက်မိသည်။

တစ်ညလုံး ပေါက်ကွဲသော မီးတောက်မီးလျှံများမှာ မိုးလင်းကာနီးအချိန်ရောက်တော့ ရပ်တန့်သွားသည်။

မီးတောင်ကြီးမှ ပေါက်ကွဲနေသော အသံများလည်း ရပ်တန့်သွားလေသည်။

ထိုအခါမှပင် အသီးသီး သက်ပြင်းချနိုင်ကြလေတော့သည်။

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်က မြမျက်လုံးကို လက်နှစ်ဖက်ဖြင့်ကိုင်ကာ ရပ်နေသော ရမ်ဂျာအနီးသို့သွားကာ ကျေးဇူးတင်စကား ပြောရလေသည်။

"ရမ်ဂျာ မင်းရဲ့မြမျက်လုံးက ငါတို့ရဲ့အသက်ကို တစ်ခါ ကယ်ပေးလိုက်ပြန်ပြီ၊ ဒါထက် မင်း ဘာတွေ ဆုတောင်းနေတာလဲ ပြောပါဦး"

"တခြားတော့ မဟုတ်ပါဘူး၊ ကျွန်တော်တို့ကို အသက်ဘေးက ကင်းဝေးအောင် ကူညီပေးရင် ဒီမြမျက်လုံးကို မူလနေရာ ပြန်ရောက်အောင် လုပ်ပေးမယ်လို့ ပြောနေတာပါ"





"ဘာပဲဖြစ်ဖြစ်ပေါ့. . ၊ မင်းဆီမှာပါလာတဲ့ မြမျက်လုံးကြောင့် အသက်ဘေးက လွတ်ခဲ့ရတာ အမှန်ပဲ၊ ဒါထက် မေးရဦးမယ်၊ ဒီမြမျက်လုံးက ဘယ်နေရာက ရလာတာလဲ"

"မန်တာတောင်ကြားဘက်မှာရှိတဲ့ နတ်ဘုရား ကျောင်းတိုက်ကြီးက ရလာတာပါ"

"ဒါဖြင့် ဟိုမှာ မြမျက်လုံးတစ်လုံး ကျန်ခဲ့ဦးမှာပေါ့"

"ဒါတော့မသိဘူး၊ အဲဒီတောင်ကြားမှာ နတ်ဘုရားကျောင်းပျက်တွေရှိသလို မြတွေ အများကြီး ထွက်တဲ့နေရာတွေလည်း ရှိတယ်၊ ကျွန်တော်ကတော့ အဲဒီကိုရောက်အောင် သွားရလိမ့်မယ်"

"မင်းသွားတော့လည်း ငါတို့လည်း လိုက်ရမှာပေါ့၊ ဒါထက် အဲဒီနေရာက ကပ်စကိုမြို့ကို ပြန်လို့လွယ်ပါ့မလား"

"ဒီထက်ပိုပြီး လွယ်ပါတယ်၊ ပင်လယ်ကမ်းခြေနဲ့လည်း နီးတော့ ကမ်းရိုးတန်း သွားလာနေတဲ့ သင်္ဘောတွေနဲ့လိုက်ရင် သက်တောင့်သက်သာနဲ့ ကပ်စကိုမြို့ကို ပြန်ရောက်နိုင်ပါတယ်"

ဒေါက်တာမင်းထင်ကျော်ကတော့ ထိုအစီအစဉ်ကို ကြိုး သဘောကျမိလေသည်။

ရမ်ဂျာကတော့ သူတို့ကို ပြေးစရာမရှိသော ချောက်ကမ်းပါးရှိသည့်နေရာကို ခေါ်လာသည့် အမီနာကို မကျေမနပ်ဖြင့် ပြောဆိုနေလေသည်။

"နင် ဘာကြောင့်ပြေးစရာမရှိတဲ့ ဒီနေရာကို ခေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ၊ ငါတို့ကို သေအောင် တမင်လုပ်တာ မဟုတ်လား"

"မဟုတ်ဘူး ပြေးစရာ ရှိပါတယ်၊ မှောင်နေတော့ လမ်းရှာမတွေ့လို့ပါ"

"ဘယ်နေရာမှာလဲ"

အမီနာက တစ်နေရာသို့ လက်ညှိုးထိုးပြသောအခါ ထိုနေရာသို့ သွားကြည့်သည်။ သူပြသောနေရာတွင် အောက်ဖက်သို့ဆင်းသော ကျောက်လှေခါးထစ်များကို တွေ့ရသည်။

"ဒီနေရာကို ငါ့အဘိုးနဲ့ တစ်ခါလာဖူးတယ်၊ သူပြလို့ သိရတာပါ။ ဒီနေရာက ဆင်းသွားရင် အနောက်ဘက် တောင်ခြေကိုရောက်တယ်၊ နင်ပြောတဲ့ မန်တာတောင်ကြားနဲ့လည်း မဝေးဘူး"

ထိုအခါမှ ရမ်ဂျာမှာ စိတ်ပြေသွားဟန်ရှိသည်။

"ဒါဖြင့် နင် မန်တာတောင်ကြားကို သိတာပေါ့"

သူမက ခေါင်းညိတ်ပြသည်။

"ဒါဖြင့် ငါတို့ကို လမ်းပြခေါ် သွားပေတော့"

ဟု ပြောဆိုကာ အလင်းရောင်ရလာသောအခါ ရှေးနှစ်ပေါင်းများစွာက အင်ကာတို့ ဖောက်ခဲ့သော လမ်းဟောင်းကြီးမှ တောင်ခြေသို့ စတင်ဆင်းကြသည်။

ကျောက်သားနံရံများကိုထွင်းပြီး ပြုလုပ်ထားသော ကျောက်လှေခါးများဖြစ်သောကြောင့် အချို့နေရာများသည် ပျက်စီးနေပြီဖြစ်သဖြင့် သတိကြီးစွာထားပြီး ဆင်းကြရသည်။





အကယ်၍သာ ခြေချော်လက်ချော်ဖြစ်ပြီး ချောက်ထဲပြုတ်ကျသွားပါက အသက်ရှင်စရာလမ်း မရှိနိုင်ပါချေ။

သူတို့အဖွဲ့သည် နားလိုက်ဆင်းလိုက်နှင့် တဖြည်းဖြည်းဆင်းသွားကြရာ . နေဝင်ချိန်ရောက်ကြသော အခါမှာတော့ အယ်လ်ဆန်ဂေးမီးတောင်ကြီး၏ အနောက်ဘက်တောင်ခြေသို့ ရောက်သွားကြလေတော့သည်။

ထိုအချိန်တွင် တောင်ထိပ်ပိုင်းမှ မီးတောင်ပေါက်ကွဲသံများတို့ တစ်ဖန်ပြန်ကြားရသော်လည်း တောင်ခြေပြန်ရောက်နေပြီဖြစ်သော သူတို့အတွက်ကတော့ စိုးရိမ်ပူပန်စရာ မလိုတော့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း[၁၅]

# ဓနိတာတောင်ကြားမှ မြွေကြီးများအကြောင်း

ဒေါက်တာမင်းထင်ကျော်အတွက်တော့ မီးတောင်ပေါက်ကွဲသဖြင့် အသက်လုပြေးရင်းနှင့် အနောက်ဘက်တောင်ခြေသို့ ရောက်ခဲ့ခြင်းအတွက်တော့ စိတ်မှဝမ်းသာနေမိလေသည်။

စင်စစ်တော့ ထိုခရီးသည် သူရောက်လိုသောနေရာတစ်နေရာလည်းဖြစ်ပေသည်။ (၁၆)ရာစုနှစ်လောက်က စပိန်တို့



www.burmeseclassic.com

ပီရူးနိုင်ငံတဝှမ်းကို တိုက်ခိုက်သိမ်းပိုက်ကြသောအခါ မန်တာတောင်ကြားတစ်ဝိုက်လည်း အပါအဝင်ဖြစ်ပေသည်။

မန်တာတောင်ကြားသည် ယခုသူတို့ရောက်နေသော တောင်ခြေမှသွားလျှင် မဝေးလှတော့ပေ။

မန်တာတောင်ကြားမှာလည်း မာချူးပစ်ချူးကဲ့သို့ အင်ကာလူမျိုး၊ မာယာလူမျိုးတို့နေထိုင်သွားခဲ့သည့် ရှေးဟောင်းနေရာပင်ဖြစ်ပေသည်။

မန်တာတောင်ကြားနှင့် ပတ်သက်သည့် မှတ်တမ်းများလည်း ဒေါက်တာမင်းထင်ကျော်ထံ၌ ပါလာလေသည်။

မန်တာတောင်ကြားနှင့် ပတ်သက်လျှင် အင်ကာလူမျိုးတို့ ယုံကြည်ကိုးကွယ်ခဲ့ကြသော အက်မယ်ရယ်ဒါ နတ်ဘုရားမအကြောင်း၊ ကြီးကျယ်ခမ်းနားသော နတ်ဘုရားကျောင်းကြီးများအကြောင်း၊ တန်ဖိုးမဖြတ်နိုင်သည့် မြကြီးများအကြောင်းလည်း ပါဝင်လေသည်။

ငှက်ကုလားအုပ်ဥ အရွယ်လောက်အထိ ကြီးမားသော မြကြီးများမှာ ကမ္ဘာပေါ်တွင် မန်တာတောင်ကြားတစ်နေရာမှသာ ရရှိကြပေသည်။

မြများနှင့်ပတ်သက်သည့်အကြောင်းများနှင့် သမိုင်းမှတ်တမ်းအချို့ကို ဦးစွာဖော်ပြပေးပါမည်။

ကျောက်မျက်ရတနာများတွင် တစ်ပါးအပါအဝင်ဖြစ်သော“မြ”အကြောင်းကို ဖော်ပြပါမည်။





မြသည် မျက်ရွဲခေါ် မြမျိုးကျောက် (Beryl) အုပ်စုဝင်ကျောက်မျက်တစ်မျိုးဖြစ်ပြီး ဘယ်ရယ်လီယံ၊ အလူမီနီယံ ဆီလီကိတ်များနှင့် ပါဝင်ဖွဲ့စည်းထားပါသည်။

မြ၏ပုံဆောင်ခဲ့သဏ္ဌာန်မှာ ခြောက်မြောင့်ပုံသဏ္ဌာန်ဆဋ္ဌဂံစနစ်တွင် ပုံဆောင်ခြင်းဖြစ်ပါသည်။ မြကိုပုံဆောင်ခဲအဖြစ် ဖေါ်နေစဉ်အတောအတွင်း မြ၏ အချို့သောအလူမီနီယံအိုင်ယွန်းများနေရာတွင် ခရိုမီယမ်အိုင်ယွန်းများက ဝင်ရောက်အစားထိုးနေရာယူခြင်းအားဖြင့် မြအား အစိမ်းရောင်ကို ပိုင်ဆိုင်ဆခဲ့ပါသည်။

များသောအားဖြင့် ကြည်လင်တောက်ပနေသော မြပုံဆောင်ခဲများကို သဘာဝတွင် အတွေ့ရနည်းပြီး အပြစ်အနာအဆာမကင်းသော မြမျိုးကိုသာ သဘာဝတွင် အတွေ့ရများလေသည်။

## [illegible]ဘုရင်မခေါ်မြတွင်း

မြကို ဘီစီ(၂၀၀၀)မတိုင်မီကတည်းက ရှေးဟောင်းအီဂျစ်နှင့် အခြားမြို့ပြယဉ်ကျေးမှုများခေတ်ကပင် သိရှိခဲ့ကြပေသည်။ အများအားဖြင့် မြတူးဖော်ထုတ်လုပ်ပေးခဲ့သော ကျောက်မိုင်းများမှာ ပင်လယ်နီအနားရှိ အထက်ပိုင်း အီဂျစ်ပတ်ဝန်းကျင်ဒေသတို့တွင် ဖြစ်ပါသည်။

ဤဒေသအတွင်းရှိ ကျောက်မိုင်းများအားလုံးထဲမှ အ



www.burmeseclassic.com

www.burmeseclassic.com



မှတ်ရစရာကျောက်မိုင်းမှာ ဘုရင်မရှိဘာ ပိုင်ဆိုင်ခဲ့သည်ဟု ထ
ရသော မောင့်ဇဘားရှား ဧရိယာမှ ကျောက်မိုင်းဖြစ်ပါသည်

၄င်းနေရာရှိ အဖိုးတန်မြများကို တောပိုင်၊ တောင်
များက စောင့်ရှောက်ထားသည်ဟု ကျောက်မိုင်းပိုင်ဆိုင်သူ
က ယုံကြည်ကြပါသည်။

အဆိုပါ ကျောက်မိုင်းမှရရှိသော မြများသည်
ပြောဒဏ္ဍာရီများအရ ရာသီအလိုက် အရွယ်အစားအားဖြင့်
လာခြင်း(သို့မဟုတ်)သေးသွားခြင်းများရှိသည်ဟု ပြောဆိုကြ
သည်။

မြတို့၏ အရောင်များမှာလည်း လပြည့်လကွယ်ရ
များအလိုက် ပြောင်းလဲနေကြသည်ဟု ဆိုပါသည်။

ရာစုနှစ်ပေါင်းများစွာကပင် ယင်မြကျောက်မိုင်းမျာ
သည် မြများမထွက်ရှိတော့ဘဲ ပျောက်ဆုံးသွားသဖြင့် ဆက်လ
မလုပ်ကိုင်တော့ဘဲ စွန့်ပစ်ခဲ့ကြပေသည်။

အီဂျင်မြို့ပြလုပ်ငန်းဌာနနှင့် ပြင်သစ်မှ စူးစမ်းလေ့လာ
ရှာဖွေရေးသမား အမ်ကောလောက်တို့ တွေ့ဆုံပြီးနောက်ပိုင်း
မှသာလျှင် ပျောက်ကွယ်သွားသော မြကျောက်မိုင်းများကို
လည်ရှာဖွေတွေ့ရှိခဲ့ပေသည်။

အမ်ကောလောက်သည် ရှေးဟောင်းမြကျောက်မိုင်း
ကို ရှာဖွေတွေ့ရှိခဲ့ပြီးနောက် မြများအပေါ်များဆုံး ထွက်ရှိသ
နေရာများကို မြေပုံများနှင့်တကွ မှတ်တမ်းမှတ်ရာများ ပြုစု





ခဲ့ပေသည်။

ဘုရင်မရှိဘာ၏ ကျောက်တွင်းတူးသူများသည် တူးဖော်
ခြင်းလုပ်ငန်းများကို ရပ်ဆိုင်းခဲ့ပြီးနောက်ပိုင်း ၄င်းကျောက်တွင်း
များကို ရှာဖွေတွေ့ရှိခဲ့သူများသည် လိုဏ်ခေါင်းများဖောက်လုပ်
၍ မြများကို ဆက်လက်ထုတ်ဖော်ခဲ့ကြသည်ဟု ထင်မြင်ကြောင်း
အမ်ကောလောက်မှ ပြောကြားခဲ့ပါသည်။

**မီးဝိညာဉ်နှင့်သက်ဆိုင်သောကျောက်မျက်**

ရှေးဟောင်းအီဂျစ်လူမျိုးများသည် ကြီးမြတ်သော အီ
ဂျစ်နတ်ဘုရားသို့(သ)ထံမှ မြကျောက်ကို လက်ဆောင်အဖြစ်
သက်ခံရရှိကြောင်း လူတို့၏ သွားရာလမ်းကြောင်းကို မှတ်တမ်း
တင်ထားသည့် "သေခြင်းတရားစာအုပ်"တွင် ဖော်ပြပါရှိပါသည်။

မြ၏အရောင်သည် စိမ့်စမ်းရေပမာ ကြည်လင်စိမ်းလန်း
နေပြီး ထာဝရနုပျိုခြင်းကို ရည်ညွှန်းလျက်ရှိပါသည်။

အဆိုပါအကြောင်းအချက်ကြောင့် လူသေအလောင်း
များကို မပုပ်မသိုးအောင် ပြုလုပ်ကြသူများသည် မံမီရုပ်အ
လောင်းတိုင်း၏ လည်မျိုနေရာတွင် မြကိုထည့်သွင်းပြီးမှ မြှုပ်
နှံကြသည်ဟု "သေခြင်းတရားစာအုပ်" တွင် ဖော်ပြပါရှိပါသည်။

ဤကဲ့သို့ လုပ်ဆောင်ခြင်းအားဖြင့် ဝိညာဉ်၏ ကိုယ်
အင်္ဂါအစိတ်အပိုင်းများသည် နုပျိုသစ်လွင်သော အင်အားများ
ကို ထိန်းသိမ်းထားလျက် နဝမ်လောကအတွင်း ရှင်သန်လျှားလှ



www.burmeseclassic.com

www.burmeseclassic.com



သော ခရီးစဉ်တစ်လျှောက် ဘေးအန္တရာယ်များမှ အကာအ ကွယ်ပေးသည်ဟု ယုံကြည်ကြပါသည်။

မြသည် ခရစ်ယန်အပါအဝင် ဘာသာတရားတိုင်းအ တွက် အရေးပါသော သမိုင်းကြောင်းရှိသည့် ကျောက်မျက် ရုံသာမက စိတ်ပိုင်းဆိုင်ရာအရ လျှို့ဝှက်နက်နဲသော ဘာသာ တရား၏ သင်္ကေတ အမှတ်အသားလည်းဖြစ်ပေသည်။

ဥပမာအားဖြင့် အခြားကျောက်မျက်များကဲ့သို့ပင် မြ အဆောင်လက်ဖွဲ့အဖြစ် ဝတ်ဆင်ခြင်း၊ ဆောင်ထားခြင်းအား ဖြင့် ဝတ်ဆင်သူသည် စိတ်စွမ်းအင်များ ထိန်းသိမ်းထားနိုင် အဖြစ်အပျက်များကို ခန့်မှန်းနိုင်သည်ဟု ယုံကြည်ကြပါသည်

ခရစ်ယာန်ဘုန်းတော်ကြီး စီဆာရီယာသည် သာသနာ ပြု သူတော်စင် စိန့်ဂျွန်အား အပြစ်ရှိသူများကို လမ်းမှန် ရောက်အောင် ဆွဲဆောင်နိုင်သော ၎င်း၏အရည်အချင်းကြော မြကျောက်ကို အဓိဋ္ဌာန်ဖြင့် လှူဒါန်းခဲ့ပေသည်။

ကြီးမြတ်သော ဟီဘရူးအဆင့်မြင့် ဘုန်းတော်ကြီး ရင်ဘတ်တော်နေရာတွင် ကျောက်မျက်(၁၂)မျိုးကို ထည့် မြှုပ်နှံထားပါသည်။

ကျောက်မျက်တစ်မျိုးစီတွင် အစ္စရေးလူမျိုးစုတို့၏ မည်နာမများကို ထွင်းထုထားပြီး ၎င်းတို့အထဲရှိ မြကျောက်မျ ပေါ်တွင် ဘုရားသခင်အား "တ"သော အာမေဋိတ်သံဖြစ်သော "God" ကို စာလုံးအဖြစ် ထွင်းထုထားပါသည်။





ထိုနည်းတူစွာပင် အများသိကြသည့်အတိုင်း ဂျေရုဆ င်မြို့သစ်ကို တည်ဆောက်သောအခါ အုတ်မြစ်(၁၂)ခုဖြင့် ည်ဆောက်ခဲ့ပြီး အုတ်မြစ်တစ်ခုစီကို အဖိုးတန်ကျောက်မျက် ားဖြင့် မွမ်းမံခြယ်သခဲ့ကြပေသည်။

၎င်းတို့အထဲ၌ (၄)ခုမြောက်အုတ်မြစ်နေရာတွင် မြကို ည့်သွင်းမြှုပ်နှံခဲ့ကြသည်။

မူဆလင်များသည်လည်း ဘာသာရေးတွေးထင်ချက် ားကို မှန်းဆနိုင်ရန်အတွက် ကျောက်မျက်များကို အသုံးပြု ကြပြီး၊ မြသည် ၎င်းတို့၏ ပထမကောင်းကင်ဘုံအဖြစ်လည်း ကာင်း၊ အိန္ဒိယတွင်လည်း မြသည် ဘုရားသခင်၏ ထာဝရ သက်ရှင်မှုနှင့်အတူ နာမ်ပိုင်းဆိုင်ရာ အသိပညာများကို သယ် ဆောင်ပေးသည့် ကိုယ်စားလှယ်အဖြစ်လည်းကောင်း ယုံကြည် တ်ယူကြပါသည်။

**အောင်နိုင်သူတို့ထံရောက်ကျောက်မျက်များ**

နှစ်ပေါင်းများစွာအတောအတွင်း များစွာသော ခရီး တ်များသည် ဟိုလီးမြေသို့ရောက်ရှိပြီးနောက် အစိမ်းရောင်ရှိ သော မည်သည့်ကျောက်မျက်မျိုးကိုမဆို မြအဖြစ် မှတ်ယူသုံးစွဲ ကြပါသည်။

များစွာသောသူတို့သည် မြနှင့်ဆင်တူယိုးမှား မျိုးကွဲ ားရှိကြောင်းကိုလည်း မသိရှိကြပါ။ အစိမ်းရောင်ရှိသည့်



www.burmeseclassic.com

www.burmeseclassic.com



ကျောက်မျက်များအားလုံးသည် တန်ခိုးကြီးမားသည်ဟု တွေး ထင်ခဲ့ကြပြီး ခရုဆိတ်များသည် လုယက်ယူငင်၍လည်းကောင်း ရောင်းဝယ်၍လည်းကောင်း ယူခဲ့ကြပြီး ၎င်းတို့၏ သရဖူများ ခေါင်းဆောင်များနှင့် ခန္ဓာကိုယ်အဆင်တန်ဆာများအဖြစ် အ သုံးပြုခဲ့ကြပါသည်။

သို့သော်လည်း ၎င်းကျောက်မျက်များသည် မြများ ပ္ပုတ်ဘဲ အများစုမှာ ပြောင်ခေါင်းစိမ်းများ ဖြစ်နေကြပါသည်။

အကြောင်းမူကား ဥရောပရှိ ရဲတိုက်များနှင့် ခရစ်ယာ ဘုရားရှိခိုးကျောင်းတော်ကြီးများတွင် မြအဖြစ် ဂုဏ်ယူဝင့်ကြွ စွာ ခင်းကျင်းပြသထားသော ကျောက်မျက်များသည် နောင်အ ခါတွင် ကျွမ်းကျင်သော ကျောက်မျက်ပညာရှင်များက စစ်ဆေး ကြည့်ရှုကြသောအခါ ပြောင်ခေါင်းစိမ်းကျောက်မျက်များ ဖြစ်နေ သောကြောင့် ဖြစ်ပါသည်။

**တိုက်ပွဲများကြားက အဖိုးတန်မြ**

(၁၆)ရာစုအတွင်းက တောင်အမေရိကတိုက်ကို တိုက် ခိုက်သိမ်းပိုက်အောင်နိုင်ခဲ့ကြသော စပိန်များသည်လည်း အဖိုး တန်မြများကို တွေ့ရှိခဲ့ကြပေသည်။

ပီရူးနိုင်ငံ၊ မန်တာတောင်ကြားဒေသတွင် နေထိုင်ခဲ့ကြ သော ဒေသခံများသည် အကောင်းဆုံး မြကျောက်မိုင်းများကို ပိုင်ဆိုင်ခဲ့ကြပြီးနောက်. . ဝင်ရောက်တိုက်ခိုက်သူများမှ ၎င်း





ကျောက်မိုင်းများကိုတွေ့ရှိပြီး သိမ်းပိုက်ခဲ့ကြပေသည်။

ပါးစပ်ပြောရာဇဝင်များအရ ၎င်းတို့တွေ့ရှိရသော မြ၏ အရွယ်အစားသည် ငှက်ကုလားအုပ်ဥအရွယ်ခန့်ရှိပြီး ၎င်းမြကို နတ်ဘုရားမအက်မယ်ရယ်ဒါအဖြစ် ရည်ညွှန်း၍ ၎င်းတို့၏ ဘာ သာရေးပွဲတော်များ ကျင်းပတိုင်း ရှိခိုးပူဇော်ခဲ့ကြပါသည်။

သေးငယ်သော မြအများအပြားကိုမူ နတ်ဘုရားမမှ ဆက်ဆောင်ပဏ္ဏာအဖြစ်ပေးအပ်သော သမီးတော်ကလေးများ အနေဖြင့် ချီးမြှောက်ခဲ့ကြပေသည်။

စပိန်စစ်တပ်သည် ပီရူးကိုအောင်ပွဲခံနိုင်ခဲ့သောအချိန် ဒုရိယဘုရားရှိခိုးကျောင်းကို တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီးနောက် ၎င်းဘုရားရှိခိုးကျောင်းမှ မြအမြောက်အများကို ရရှိခဲ့ပေသည်။

သို့သော် အယ်မယ်ရယ်ဒါဘုရားရှိခိုးကျောင်းမှ မြများ တွေ့ရှိခဲ့ကြောင်း မှတ်တမ်းမှတ်ရာများမရှိခဲ့ပါ။

သာသနာပိုင် ခရစ်ယာန်ဘုန်းတော်ကြီးသည် ၎င်းတို့၏ အတွင်းအမြတ်ထားရာ ပစ္စည်းများနှင့် နတ်ဘုရားမကဲ့သို့ ကိုး ကွယ်ထားသော အဖိုးတန်မြကြီးအား တိုက်ခိုက်သိမ်းပိုက်သူများ ၏ လက်ချုပ်ကိုင်ခြင်းမှ ကာကွယ်ရန် အက်မယ်ရယ်ဒါ ဘုရား ကျောင်းအား ပြန်လည်မသိမ်းပိုက်နိုင်မီနေ့များအထိ ထိန်းသိမ်း ထားခဲ့ပေသည်။

မြနှင့်ပတ်သက်၍ အဖိုးအနဂ္ဃထိုက်တန်ပြီး ဒဏ္ဍာရီဆန် သော အက်မယ်ရယ်ဒါမြကြီးသည် သူ၏မူရင်းထွက်ရှိသော



www.burmeseclassic.com

www.burmeseclassic.com



နေရာသို့ တစ်နေ့တွင်ပြန်လည်ရောက်ရှိလာလိမ့်မည်ဟု ဒေသခံ က ယုံကြည်ကြပါသည်။

ဒေသခံ ပီရူးလူမျိုးတို့က မြသည် မူလအစကအရောင်ရှိ သာဖြစ်ပြီး သစ်သီးများ ဝင်းမှည့်လာသကဲ့သို့ မြ၏ နေဖက်သို့ မျက်နှာမူနေသောထောင့်မှ စတင်၍ တဖြည်းဖြည်း ရင့်မှည့်လာ ပြီး အစိမ်းရောင်ဝင်လာကာ နောက်ဆုံး မြတစ်ပွင့်လုံး အစိမ်း ရောင်ဖြစ်သွားသည်ဟု ယုံကြည်ကြပါသည်။

**မြမျက်လုံးများ**

ပလင်နီ(အေဒီ ၂၃-၇၉) သည် ၄င်း၏ သဘာဝသမိုင်း စာအုပ်တွင် ဆိုက်ပရပ်မင်းသား ဟာမီးယား(စ)အတွက် စကျင် ကျောက်ဖြင့် အမှတ်တရထုလုပ်ထားသော ရုပ်တုများကို တောင် ကုန်းတစ်ခုပေါ်တွင် တည်ထားခဲ့ကြောင်း ဖော်ပြပါရှိပါသည်။

၄င်းရုပ်တုသည် စကျင်ကျောက်ဖြင့် ပြုလုပ်ထားသော ခြင်္သေ့ရုပ်တုဖြစ်ပြီး တောင်ကုန်းပေါ်မှနေ၍ တူနာငါးများဖမ်း ဆီးသည့် ပင်လယ်ပြင်သို့ အပေါ်စီးမှ လှမ်းမျှော်ကြည့်နိုင်ပေ သည်။

အဆိုပါ စကျင်ခြင်္သေ့ရုပ်တု၏ မျက်လုံးနေရာတွင် မြ များကိုထည့်သွင်းမြှုပ်နှံထားပြီး ၄င်းမြမျက်လုံးများသည် အစိမ်း ရောင်ဝင်းဝင်းတောက်လျှက်ရှိရာ ပင်လယ်ကြမ်းပြင်အောက်သို့ ထွက်ပြေးရောက်ရှိသွားသော တူနာငါးများကိုပင် မြင်နိုင်သည်





ဟု ပြောဆိုကြပါသည်။

ဒေသခံငါးဖမ်းသမားများကလည်း ၄င်းတို့အလုပ်သမား များသည် ပင်လယ်ထဲတွင် အစာအရေစာမပါဘဲ လပေါင်းများ စွာ ကြာသည့်တိုင်အောင် နေထိုင်နိုင်သည့် အကြောင်းရင်းမှာ စကျင်ခြင်္သေ့ရုပ်တု၏ မြမျက်လုံးများမှ တူနာငါးများ သွားသည့် လမ်းကြောင်းများကို ညွှန်ပြနေသည့်အတွက်ကြောင့်ဟု နောက် ပိုင်းတွင် သိရှိလာရပါသည်။

၄င်းခြင်္သေ့ရုပ်တုမှ မြမျက်လုံးများအစား အခြားအစိမ်း ရောင်ရှိသော ကျောက်များကိုပြောင်းလဲတပ်ဆင်လိုက်သောအ ခါ ငါးများသည် မကြာမီကာလအတွင်း ပင်လယ်ပြင်သို့ ပြန်သွား ကြကြောင်း ပလင်နီမှ မှတ်သားထားခဲ့ပါသည်။

မြွေသတ္တဝါများနှင့် မြွေမျိုးနွယ်သတ္တဝါများသည် အစိမ်း ရောင်တောက်ပြောင်နေသည့် မြများကို ငုံ့စောင်းကြည့်လိုက် သောအခါ ၄င်းတို့၏ မျက်စိများ ကွယ်သွားရသည်ဟု (၁၇)ရာစု မှ ကျောက်မျက်ပညာရှင် အာမက်ဆန်းအနူလာဇစ်က ၄င်း၏ “လက်ဝတ်ရတနာများအားမွမ်းမံခြင်း” စာအုပ်တွင် ရေးသား ဖော်ပြခဲ့ပါသည်။

ယနေ့မျက်မှောက်ခေတ်တွင်လည်း အာလယ်ပိုင်းနှင့် အရှေ့ဖျားဒေသတို့မှ လူများကလည်း အထက်ပါ ဒဏ္ဍာရီကို ဆက်လက်ပြောဆိုနေကြဆဲပင် ရှိနေပါသေးသည်။

ရှေးခေတ်ဟောင်းသမားတော်ကြီးများသည် လူနာ၏



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးများပေါ်တွင် မြကျောက်ကိုထားရှိပြီး ဆေးဝါးကုသခဲ့ကြသည်။ မြသည် ကူးစက်ရောဂါများဖြင့် အပူလောင်သော အနာများကို သက်သာပျောက်ကင်းစေသည့် စွမ်းအားရှိသည်ဟု စွဲမြဲစွာ ယုံကြည်ကြပါသည်။ ၎င်းပြင် မြသည် အတွေးအခေါ်ကို မြင့်မားတိုးတက်စေပါသည်။

နီရိုသည် ၎င်း၏ရုံးခန်းသို့ ရောက်ရှိလာသောအခါ များစွာသော စာရွက်စာတမ်းများကို ဖတ်ရှုရန်နှင့် အစီရင်ခံစာများရေးသားရာတွင်လည်းကောင်း၊ တိုက်ခိုက်ရေးကွင်းများတွင် ကျင်းပသော နပန်းပွဲများနှင့် လူသတ်ပွဲများကို ကြည့်ရှုရန်အတွက်လည်းကောင်း ကြီးမားသော မြပုံဆောင်ခဲနှင့် ပြုလုပ်ထားသော မြမျက်မှန်ကို အသုံးပြုခဲ့သည်ဟု ဆိုပါသည်။

အမှန်တကယ်တွင် မြသည် အတွင်းသားထဲ၌ အောင်းဝင်တွင်းထွက်များနှင့်အမည်းအစက်အပြောက်ကလေးများ များစွာပါရှိတတ်သည့် ကျောက်မျက်ဖြစ်လေရာ ကြည်လင်သန့်စင်ပြီး ကြီးမားသောမြပုံဆောင်ခဲရရှိရန် အလွန်ခက်ခဲသဖြင့် နီရို၏ မြဖြင့်ပြုလုပ်ထားသောမျက်မှန်မှာ တကယ်လက်တွေ့တွင် မဖြစ်နိုင်ပေ။

၎င်းအစား ဖြစ်နိုင်သည်မှာ မြ၏ မျိုးကွဲများဖြစ်သော အပြာနုရောင်ရှိ မြပြာ (Aquamarine) သို့မဟုတ် အရောင်မဲ့ မြမျိုးကျောက် (Colorless Beryl) တို့သာဖြစ်နိုင်ပြီး ယခုခေတ်တိုင်အောင် ၎င်းကျောက်မျက်များနှင့် ပြုလုပ်ထားသော





မျက်မှန်များဖြင့် အခြားအရာဝတ္ထုများကို ကြည့်ရှုနိုင်ပေသည်။

**ကြည်လင်အေးမြသောမြင်ကွင်း**

တစ်ခါတစ်ရံ အစိမ်းရောင်ကို ကြည်လင်အေးမြသော မြင်ကွင်း၏အရောင်အဖြစ် သိရှိခံစားကြပါသည်။ ရုပ်ရှင်သရုပ်ဆောင်များသည် အစိမ်းရောင်ရှိသော အခန်းများတွင် အနားယူနေရခြင်းဖြင့် ပင်ပန်းနွမ်းနယ်သွားသော အာရုံကြောများနှင့် ညောင်းညာသွားသော မျက်လုံးများအတွက် အစွမ်းအားများကို ပြန်လည်ရရှိသည်ဟု ပြောဆိုကြပါသည်။

ရိုးရာပန်းပုထုသူများကလည်း အာရုံစိုက်ရလွန်းသဖြင့် မျက်လုံးများညောင်းညာကိုက်ခဲလာပါက မြပုံဆောင်ခဲကို မကြာခဏ စောင်းငဲ့၍ကြည့်လိုက်ခြင်းအားဖြင့် မျက်စိအမြင်အာရုံကို ကြည်လင်လန်းဆန်းလာစေသည်ဟု ပြောဆိုကြပါသည်။

ရမ်ဂျာထိမှာရှိသော မြမျက်လုံးသည် ထိုဒေသဘက်မှ ရခဲ့ကြောင်း ပြောပြထားသော်လည်း ဘယ်ပုံဘယ်နည်းရခဲ့သည်ဟုတော့ မပြောပေ။

လမ်း၌ ခရီးတစ်ထောက်နားစဉ် ဒေါက်တာမင်းထင်ဆော်က မြများအကြောင်းကို ပြောပြသောအခါ ကယ်နက်ဒီတို့ကလည်း စိတ်ဝင်စားကြလေသည်။

ယခုအခါမှာတော့ ဒေါက်တာကက်ပွန်ရစ်တား ရှိတော့သဖြင့် လယ်နက်ဒီနှင့် မာရီယာတို့နှင့်သာ ပြောဆိုပင်

www.burmeseclassic.com



ရပေသည်။

"ဒါဖြင့် ဒေါက်တာပြောပုံအရဆိုရင် တန်ဖိုးရှိတဲ့ မြကြီးတွေ တွေ့နိုင်သေးတယ်မဟုတ်လား"

ကယ်နက်ဒီကမေးသည်။

"ကျွန်တော်တော့ ဒီလိုပဲယူဆမိတယ်၊ မှတ်တမ်းတွေအရဆိုရင်လည်း ဒေသခံတွေက အခုအချိန်ထိ မြတွေကို အဆောင်အဖြစ် အသုံးပြုနေကြသေးတယ်"

"စိတ်ဝင်စားစရာပါပဲ၊ လက်တွေ့အနေနဲ့ကတော့ ရမ်ဂျာဆီမှာပါလာတဲ့ မြမျက်လုံးကို တွေ့ကတည်းက သိရပါပြီ"

"(၁၆)ရာစုလောက်က စပိန်စစ်တပ်တွေဟာ အင်ကာတွေနေတဲ့ နေရာတွေကို တိုက်ခိုက်သိမ်းပိုက်နိုင်ကြပေမယ့် ရတနာတွေကိုတော့ ထင်သလောက် မရခဲ့ကြပါဘူး"

"ဘယ်ရပ့်မလဲ မီးတောင်ကြီးအောက် ရောက်သွားမှ ကိုး"

"ဒီလိုပဲ. . မန်သာတောင်ကြားမှာရှိတဲ့ သူရိယဘုရားကျောင်းကို သိမ်းပိုက်နိုင်ခဲ့ကြပေမယ့်. . အဲဒီမှာ ပူဇော်ထားတဲ့ မြကြီးတွေကိုတော့ တစ်လုံးမှ မရခဲ့ကြဘူးလို့ မှတ်တမ်းတွေ တွေ့ရတယ်"

"အင်ကာတွေလိုပဲ ရန်သူတွေမလာခင် သူတို့ အထွတ်အမြတ်ထားတဲ့ မြတွေကို တစ်နေရာမှာ ဖွက်ထားလိုက်ကြလို့သာ ဖြစ်မှာပေါ့ ဒေါက်တာရယ်"





"ဘာပဲဖြစ်ဖြစ် အဲဒီဒေသရောက်ရင်တော့ မြတွေအကြောင်းကို စုံစမ်းလေ့လာကြည့်ရမယ်"


"ကောင်းပါတယ်၊ ကျုပ်တို့ကတော့ အသက်မသေသေးပဲ ဒီလောက်ထိ ခရီးပေါက်လာတာကိုပဲ ကျေးဇူးတင်ရတော့မှာပဲ"

ထိုသို့ပြောဆိုပြီးနောက် ဒေါက်တာမင်းထင်ကျော်ခေါင်းဆောင်သော ခရီးသွားအဖွဲ့သည် အနောက်ဘက်သို့ ဦးတည်တာ ခရီးဆက်ကြပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း[၁၆]

# မြမျက်လုံးနှင့် အန္တရာယ်များ

ထိုအရပ်ဒေသများကိုရောက်ဖူး သွားလာဖူးသူမှာ ရမ်ရှာဖြစ်သဖြင့် ရင်းကပင် ဦးဆောင်လမ်းပြကာ ခေါ်ဆောင်သွားလေသည်။

ပင်လယ်ကမ်းခြေရောက်သည်အထိ ခရီးပေါက်သော သူဘာမြစ်ကြီးနှင့် မနီးမဝေးမှ သွားကြသဖြင့် လမ်းမှားမည်ကို စိုးရိမ်စရာ မလိုကြတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ယူဘမ်ဘာမြစ်ကြီးမှာ အယ်လ်ဆန်ဂေး မီးတောင်ပေါ်မှမြင်ရသော မြစ်ပင်ဖြစ်သည်။

ထိုကဲ့သို့ မြစ်နှင့်နီးသော နေရာရောက်တော့ လူရိုင်းများ အင်ဒီယန်းများ အင်ကာနှင့် မာယာလူမျိုးတို့ စုဝေနေထိုင်ကြသော ရွာကလေးများကို တွေ့ရသည်။

လူရိုင်းများ ဆိုသော်လည်း တောတွင်းမှာတွေ့ခဲ့ရသည့် လူသားစားသော လူရိုင်းများလောက် ရိုင်းစိုင်းကြသည် မဟုတ်သဖြင့် အန္တရာယ်တော့ သိပ်မရှိလှပေ။

တစ်ခုကံကောင်းသည်က သူတို့အဖွဲ့တွင် မမျှော်လင့်အမီနာဆိုသော လူရိုင်းမလေး ပါလာခြင်းပင် ဖြစ်၏။

လူရိုင်းများနှင့် တွေ့သောအခါ အမီနာက ၎င်းတို့လူမျိုးဖြစ်သောကြောင့် အန္တရာယ်မပေးကြသည့်အပြင် အကူအညီပင် ပေးကြသေးသည်။

ထိုနေရာရောက်မှ သိရသည်မှာ အမီနာမှာ ထိုအရပ်ဒေသနှင့်မစိမ်းပဲ တရင်းတနှီး ရှိနေသည်ဆိုသော အချက်ပင်ဖြစ်သည်။

လမ်းခရီးတစ်လျှောက်မှာ ရွာငယ်ကလေးများ တွေ့ရသောကြောင့် တည်းခိုရန်နှင့် စားသောက်စရာများ သင့်သလောက် ရကြလေသည်။

အမီနာကလည်း ရမ်ဂျာအနီးမှ မခွာပဲ ရှိနေသောကြောင့် ဒေါက်တာမင်းထင်ကျော်က တိုးတိုးတိတ်တိတ် မေး





နေလေသည်။

"လူရိုင်းမလေးက မင်းကို မျက်စိအောက်က အပျောက်မခံပါလား ရမ်ဂျာ"

"သတ်စားချင်လို့နဲ့ တူပါရဲ့ ဆရာရယ်"

ရမ်ဂျာကတော့ ရယ်စရာသဘောမျိုးဖြင့် ပေါ့ပေါ့ပင်ပြန်ပြောလေသည်။

"သတ်စားချင်လို့တော့ ဟုတ်မယ်မထင်ပါဘူး၊ မင်းကိုသဘောကျနေပုံ ရတယ်ကွ"

"ဘာပဲဖြစ်ဖြစ် ဒီဒေသမှာတော့ သူပါလာတာ ကျွန်တော်တို့အတွက် အဆင်ပြေတယ်"

ဟု ပြန်ပြောသည်။

လမ်းခရီးမှာ တစ်ညအိပ်ပြီး သွားကြရာ ယူဘမ်ဘာမြစ်ကြီး ဆုံးသောအခါ ပင်လယ်ကမ်းခြေတစ်ဝိုက်သို့ ရောက်သွားကြလေတော့သည်။

ထိုအရပ်ဒေသရောက်တော့ အင်ကာလူမျိုးနှင့် မာယာလူမျိုးအချို့ကို တွေ့ကြရသည်။ ရွှေနှစ်ပေါင်းများစွာက အင်ပါယာတစ်ခုမှ ကျယ်ပြန့်သောဒေသတွင် သန်းပေါင်းများစွာ နေထိုင်ခဲ့ကြသည့် အင်ကာလူမျိုးတို့မှာ ယခုအခါမှာတော့ ရာထောင်လောက်သာ အရေအတွက် ကျန်တော့သည်။ မာယာခေတ်ဒွန်ကြောင့် ကမ္ဘာကသိခဲ့ကြသော မာယာလူမျိုးတို့သည်လည်း အနည်းငယ်လောက်သာ တွေ့ရပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းစရာပင် ဖြစ်၏။

ဒေါက်တာမင်းထင်ကျော်တို့ ရောက်သွားသော နေရာမှာ ပင်လယ်နှင့်နီးသော ပင်လယ်ကမ်းခြေ ရွာပင်ဖြစ်၏။ ပင်လယ်ကမ်းခြေနှင့် နီးသောနေရာပင် ဖြစ်သော်လည်း ကျောက်တောင်များ ကျောင်ဆောင်များဖြင့် ပြည့်နှက်နေသော နေရာပင်ဖြစ်၏။

ထိုနေရာရောက်တော့ ပင်လယ်ဘက်သို့ မျက်နှာမူထားသော ခြင်္သေ့ရုပ်ထုများ တွေ့ရသည်။ အမြင့်ဆုံး ကျောက်တောင်ထိပ်များ၌ တည်ထားခြင်းဖြစ်ပြီး ပင်လယ်ဘက်သို့ မျက်နှာမူနေသောရုပ်တုများ ဖြစ်ကြသည်။

နှစ်ပရိစ္ဆေဒ ကြာမြင့်သည်ကတစ်ကြောင်း နှစ်ပေါင်းများစွာ လေမိုးဒဏ်ကခံရသည်ကတစ်ကြောင်းကြောင့် ကျောက်သားအရောင် မရှိတော့သော်လည်း ထုလုပ်ထားသော ဟန်တတော့ မာန်ပါလှသည်။

စကျင်ကျောက်ဖြင့် ထုလုပ်ထားသဖြင့် နှစ်ပေါင်းများစွာကြာသော်လည်း မပျက်မစီးပဲ ပကတိအတိုင်း ရှိနေခြင်း ဖြစ်သည်။

အထူးခြားဆုံးမှာ ပင်လယ်ပြင်ဘက်မှ နေရောင်ခြည်တက်လာသောအခါ ခြင်္သေ့ရုပ်တုကြီးများကို ထိသည်နှင့် အစိမ်းရောင် အလင်းတန်းများ တောက်ပလာလေတော့သည်။

"ဒါ ဘယ်လိုသဘောလဲ"





ကယ်နက်ဒီက မေးလိုက်သည်။

"ခြင်္သေ့ရုပ်ထုတွေရဲ့ မျက်လုံးကို မြမျက်လုံးတွေနဲ့ တပ်ဆင်ထားလို့ အခုလို အစိမ်းရောင်တွေ ဖြာတက်နေတာပါ"

"မင်းမှာပါလာတဲ့ မျက်လုံးမျိုးလား"

"ဟုတ်ပါတယ်"

"ဘာကြောင့် တပ်ထားတာလဲ"

"ဒီဒေသခံတွေက နှစ်ပေါင်းများစွာ ယုံကြည်ခဲ့တဲ့ ဓလေ့ထုံးစံတစ်ခု ဖြစ်ပါတယ်၊ ပင်လယ်ပြင်ကို အပေါ်စီးကမြင်ရတဲ့ ကျောက်တောင်ထိပ်မှာ အခုလို မြမျက်လုံး တပ်ထားတဲ့ ခြင်္သေ့ရုပ်ကြီးတွေထားရင် တူနှာငါးတွေကို အလွယ်တကူ ဖမ်းဆီးရမယ်လို့ သူတို့ယုံကြည်မှု ရှိကြပါတယ်"

ရမ်ဂျာက သူသိသမျှ ပြောပြလေသည်။

"တကယ်လို့ တခြားမျက်လုံး ပြောင်းတပ်ရင်ကော ဖြစ်ဘူးလား"

"သူတို့ စမ်းကြည့်ကြဖူးပါတယ်၊ အဲဒီလို စမ်းကြည့်တဲ့အခါ ငါးဖမ်းထွက်တော့ တူနှာငါးတွေကို ရှာမတွေ့လို့ မရခဲ့ကြပါဘူး"

"ယုံကြည်စွဲလမ်းမှုတစ်ခုပဲ ဖြစ်မှာပါ"

ပါမောက္ခ ကယ်နက်ဒီက တစ်ယောက်တည်း ရေရွတ်သလိုမျိုး ပြောလိုက်လေသည်။

သူတို့ရောက်သွားသောအချိန်မှာ နံနက်ပိုင်း နေရောင်



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာသော အချိန်ဖြစ်သဖြင့် ပတ်ဝန်းကျင်မှာ နေရောင်ခြည်တို့ဖြင့် လင်းလက်နေသည်။

ထိုအလင်းရောင်တို့ကြောင့်ပင် ခြသေ့ရုပ်ထုကြီးများ၏ မျက်လုံးများမှ အစိမ်းရောင်များ ဖြာထွက်နေလေသည်။

လင်းလက်တောက်ပသော အစိမ်းရောင်တို့က ပင်လယ်ရေပြင်အထိ ပျံ့နှံ့ရောက်ရှိသွားကြလေသည်။

ထိုအခြေအနေမျိုးရောက်တော့မှ ကမ်းခြေတစ်ဝိုက်တွင် နေကြသည့် ငါးဖမ်းသမားတို့မှာ ပင်လယ်ပြင်သို့ ငါးဖမ်းထွက်ကြလေသည်။

အမှန်တော့ ထိုအဖြစ်အပျက်၏ အခြေခံမှာ အောက်ပါအတိုင်းပင် ဖြစ်လေသည်။

စကျင်ကျောက်ဖြင့် ထုလုပ်ထားသော ခြသေ့ရုပ်ကြီးများမှာ ပင်လယ်ကမ်းခြေနှင့် အနီးဆုံးနှင့် အမြင့်ဆုံး ကျောက်တောင်ထိပ်များပေါ်၌ ရှိကြလေသည်။

အများအားဖြင့်တော့ ရေပြင်နှင့် တဆက်တည်းဖြစ်သော ကျောက်တောင်ထိပ်များပေါ်၌ တင်ထားကြလေသည်။

ထို့ပြင် ခြသေ့ရုပ်များ၌ တပ်ဆင်ထားသော မြမျက်လုံးတို့မှာလည်း အလုံးအရွယ်အစားကြီးပြီး အရည်အသွေး ကောင်းလှသည်။

ထိုမြမျက်လုံးကို နေရောင်ခြည်နှင့် ထိသောအခါ အစိမ်းရောင်များ ဖြာထွက်လာပြီး ပင်လယ်ရေပြင်ပေါ်သို့ ဖြာဆင်းသွားသည်။ ရေပြင်တစ်ခုလုံး အစိမ်းရောင် လွှမ်းနေသည်။





ရုတ်တရက်ကြည့်လျှင် ရေညှိရေမှော်များ ဖြန့်ထားသကဲ့သို့ ရှိနေသည်။ တူနာငါးများက အစိမ်းရောင်ရှိသော နေရာသို့ လာလေ့ရှိကြရာ ငါးဖမ်းသမားများက အလွယ်တကူ ဖမ်းဆီးနိုင်ကြခြင်း ဖြစ်သည်။

မြမျက်လုံးမှ အရောင်မတောက်ပသည့်အခါမှ တူနာငါးတို့သည် ပင်လယ်ရေနက်ပိုင်းသို့ ပြန်သွားကြလေသည်။

သို့ကြောင့် ခြသေ့ရုပ်တုများတွင် အခြားမျက်လုံးများ ပြောင်းထည့်သောအခါ တူနာငါးများ မလာကြတော့ခြင်း ဖြစ်သည်။

ရှေးအခါက ထိုဒေသတွင် ကျောက်မျက်ရတနာများ ထွက်များသောကြောင့် မြအပြင် ပတ္တမြားများလည်း ရကြသည်။ ဒေသခံများက မြအစား အရည်အသွေးကောင်းသော ပတ္တမြားကြီးများကို ခြသေ့ရုပ်ထုများ၌ ထည့်ကြသည်။ ထိုသို့ထည့်သောအခါ နေရောင်ခြည် တက်လာပြီး ထိသောအခါ အနီရောင်အလင်းများ ဖြာထွက်လာသောကြောင့် ရေပြင်တစ်ခုလုံး သွေးရောင်လွှမ်းသကဲ့သို့ နီရဲသွားလေသည်။

ထိုအခါ အစိမ်းရောင်ကြိုက်သော တူနာငါးများ၊ တစ်ကောင်တစ်လေမှ ရောက်မလာတော့ပဲ သွေးကြိုက်သော သားငါးငါးမန်းအုပ်များ ရောက်လာသဖြင့် ပင်လယ်မထွက်ဝံ့ကြတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချက်များက မြမျက်လုံးနှင့် တူနာငါးတို့ ဆက်စပ်မှု ပင် ဖြစ်ပေတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့လည်း ကမ်းခြေ၌ တာ ရက်ခန့် နားကြပြီးမှ မန်တာတောင်ကြားဘက်သို့ ခရီးဆက်ကြ လေသည်။

ထိုလမ်းခရီးရောက်တော့ ရမ်ဂျာက လုမ်းမပြတော့ဘ အမီနာက ရှေ့မှလမ်းပြပေးလေသည်။ သူမသည် ထိုခရီးလမ်း တို့ကို အတော်ပင်ကျွမ်းကျင်ဟန်ဖြင့် အမှားအယွင်းမရှိ လမ်း ပြပေးနိုင်လေသည်။

ထို့ပြင် လမ်းခရီးတလျှောက်မှာတွေ့သော ဒေသခံ တိုင်းရင်းသားတို့လည်း အကျွမ်းတဝင် ရှိနေသည်ကို တွေ့ရ သည်။

ပီရူးနိုင်ငံ အတွင်းမှာရှိသော မန်တာတောင်ကြားမှာ လူသူအရောက်အပေါက်နည်းသော ကုန်းတွင်းပိုင်းတွင် ရှိသည်။

ဒေသခံ အတော်များများမှာ အင်ဒီးယန်းများဖြစ်ပြီး အင်ကာနှင့် မာယာလူမျိုးအချို့လည်း တွေ့ရလေသည်။

လမ်းမှာ တစ်ညအိပ်ပြီးမှ ထိုဒေသသို့ ရောက်ကြလေ သည်။ ထိုဒေသရောက်တော့ ရှေးနှစ်ပေါင်း များစွာကတည်းက မြေကျောက်တူးဖော်ရှာဖွေသော မိုင်းတွင်းဟောင်းများကို တွေ့ ကြရသည်။

ထို့ပြင် ပျက်စီးနေသော နတ်ဘုရားကျောင်းများ





လည်း တွေ့ရသည်။

ညနေပိုင်းအချိန်တွင် ထိုတောင်ကြားတစ်ဝိုက်မှာ နေ ကြသည့် လူရိုင်းရွာတစ်ရွာသို့ ရောက်သွားကြသည်။ တဲစုက လေးများထဲမှ ထွက်လာသော လူရိုင်းများက သူတို့ရောက်သွား တော့ အုပ်စုလိုက်ကြီး ထွက်ကြည့်နေကြလေသည်။

ဒါကလည်း ထူးဆန်းလှသည်တော့ မဟုတ်ပေ။

မမြင်ဖူးသော လူစိမ်းဧည့်သည်များ ရောက်လာတာကို မြင်သဖြင့် ထွက်ကြည့်နေကြခြင်း ဖြစ်သည်။

ထိုနေရာရောက်တော့ အမီနာကပင် ဦးဆောင်ပြီး အစစအရာရာ အဆင်ပြေကြသည်။ လူမရှိသော တဲတစ်လုံးအ တွင်းမှာ တည်းခိုခွင့်ရကြလေသည်။

"သခင်တို့သွားချင်တဲ့ သူရိယဘုရားကျောင်းကြီးက ဟိုး တောထဲမှာ ရှိပါတယ်၊ နောက်တစ်ရက်မှ သွားကြည့်လို့ရပါမယ်"

"ဒါထက် မေးပါရစေဦး . . ၊ ဒါတွေကို နင်က ဘယ်လို ကြောင့် သိနေတာလဲ"

"ဒီဒေသခံမို့ သိနေတာပါ"

ဒီလောက်ပဲ ပြန်ပြောလေသည်။

ညဘက်ရောက်တော့ ရွာတစ်ရွာတွင် ရောက်နေကြ သဖြင့် စိတ်ချလက်ချပင် အိပ်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ သတိဖြင့် အိပ်သ ဖြင့် တစ်စုံတစ်ခုသော အသံလိုလိုကြားသဖြင့် ထကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ တဲအတွင်းမှာ အမီနာတစ်ယောက် မရှိတော့ပေ။

အပြင်ဘက်ထွက်ပြီး အပေါ့အပါး သွားနေသလား ထင်သဖြင့် ထွက်ကြည့်တော့လည်း မတွေ့ရတော့ပေ။

ထိုအဖြေကို နောက်တစ်နေ့ နံနက်ပိုင်းမှ သိရလေတော့သည်။ နံနက်လင်းစ အချိန်မှာပင် ဓားလှံလေးမြှားလက်နက်များ ကိုင်ဆောင်ထားကြသည့် ဒေသခံလူရိုင်းများ ရောက်လာပြီး ၎င်းတို့ကို ဝိုင်းထားလေသည်။

ခေါင်းဆောင် လူရိုင်းကြီးနှင့်အတူ အမီနာကိုပါ ပြန်တွေ့ကြရသည်။

"အမီနာ ဘာလုပ်တာလဲ"

ရမ်ဂျာက မေးလိုက်သည်။

"နင်တို့ကို ဒီနေရာရောက်အောင် ခေါ်လာခဲ့တာလေ ဒီနေရာက ငါတို့ရဲ့နေရာ၊ ဒီနေရာက ငါတို့ရဲ့ရွာ"

ထိုသို့ပြောတော့မှ သဘောပေါက်သွားကြသည်။

သဘောမပေါက်တာက သူတို့ကို ဘာကြောင့်ဖမ်းသည်ကိုတော့ မသိကြရပေ။

"ငါတို့ကို ဘာကြောင့်ဖမ်းတာလဲ"

"နင်က ငါတို့ နတ်ဘုရားကျောင်းက မြမျက်လုံးကိုခိုးယူသွားခဲ့တယ်၊ နင့်ဆီမှာပါလာတဲ့ မြမျက်လုံးက နတ်ရုပ်ကြီးမှာ တပ်ဆင်ထားတဲ့ မျက်လုံးတစ်ဖက်ပဲလေ၊ နင် ဘာပြောချင်သေးသလဲ"





ရမ်ဂျာမှာ ခေါင်းငိုက်စိုက် ကျသွားလေတော့သည်။

အမီနာက သူ့ကို ချစ်ခင်ဟန်ဆောင်ပြီး လှည့်ပတ်ခေါ်လာသည်ကို ယုံကြည်ပြီး လိုက်လာမိခြင်းကြောင့် ယခုလို ဒုက္ခရောက်ကြရခြင်း ဖြစ်သည်။

ထို့နောက် လူရိုင်းများက သူတို့ငါးယောက်စလုံးကို ကြိုးဖြင့်တုပ်ကာ ဖမ်းဆီးလိုက်သည်။

အမီနာကိုယ်တိုင် ရမ်ဂျာလွယ်အိတ်ထဲမှ မြမျက်လုံးကို နှိုက်ယူပြီး လူရိုင်းခေါင်းဆောင်ကို ပေးလိုက်လေသည်။

မြမျက်လုံးကို ရသောအခါမှာတော့ လူရိုင်းခေါင်းဆောင်ကလည်း ၎င်းတို့ဘာသာဖြင့် ရေရွတ်ပြောဆိုပြီး ဦးခေါင်းထိပ်ပေါ် တင်ထားလိုက်သည့်အခါ အနားမှာ ရပ်နေကြသည့် လူရိုင်းများက မြေပေါ်သို့ဝပ်ကာ အရိုအသေ ပေးလိုက်လေသည်။

ထို့နောက်မှာတော့ ဒေါက်တာမင်းထင်ကျော်တို့ကို ကြိုးဖြင့်တုပ်၍ မန်တာတောင်ကြားသို့ ခေါ်ဆောင်သွားလေသည်။

နေပူပူအောက်မှာ အစားအသောက် မစားရ၊ ရေမသောက်ရပဲနှင့် လိုက်သွားရသည်မှာ ပင်ပန်းလှသည်။ သို့သော် အသတ်မခံရခင် အသက်ရှင်ခွင့်ရနေသည်ကပင် တော်သေးသည်ဟု ဆိုရပေတော့မည်။

မန်တာတောင်ကြားမှာ လူသူမရှိသည့် နေရာမျိုး ဖြစ်သည်။ ကျောက်များ တူးဖော်ရှာဖွေထားသော မိုင်းတွင်းဟောင်း



www.burmeseclassic.com

www.burmeseclassic.com



များ၊ အဆောက်အဦးဟောင်းများ၊ နတ်ဘုရားကျောင်း အပြို အပျက်များသာ တွေ့ရလေသည်။

လူရိုင်းများက သူတို့ကို တောင်ကြားတစ်နေရာမှာရှိသည့် သူရိယနတ်ဘုရားကျောင်း ရှိရာသို့ ခေါ်သွားကြခြင်း ဖြစ်သည်။ လူရိုင်းများနှင့်အတူ အမိနာလည်း ပါလာသည်။

ရမ်ဂျာကတော့ မာယာဖြင့် လှည့်ဖြားခြင်း ခံလိုက်ရသောကြောင့် အတော်ပင် မကျေမနပ် ဖြစ်နေဟန်ဖြစ်သည်။

ထို့ကြောင့် ဒေါက်တာမင်းထင်ကျော်က ပြောပြရသည်။

"သူ့ကကို ဘာမှ စိတ်ဆိုးစရာမရှိပါဘူး၊ သူက သူ့လူမျိုးတွေအတွက် အကောင်းဆုံးလုပ်ပေးတာပဲ၊ ငါတို့အတွက် မိန်းမယုတ်တစ်ယောက် ဖြစ်ပေမယ့် သူ့လူမျိုးတွေအတွက်ကတော့ သူက သူ့ရဲ့ကောင်း တစ်ယောက်ပဲပေါ့"

"ကျွန်တော်တို့အတွက်က ဒီလောက်အရေးမကြီးပါဘူး၊ သေသွားလည်း ဘာမှမထူးခြားပါဘူး၊ ကျွန်တော်နဲ့ ပတ်သက်ပြီး ဆရာတို့ပါ အခုလို ဒုက္ခနဲ့တွေ့ရတာကိုတော့ စိတ်မကောင်းပါဘူး"

"ဘာမှ စိတ်မကောင်းဖြစ်မနေပါနဲ့ကွာ၊ လူဆိုတာ သေတစ်နေ့ မွေးတစ်နေ့ပါပဲ၊ သေနေ့စေ့ရင် သေမှာပဲ၊ သေကံမရောက်သေးရင်တော့ ကံကောင်းရင် ကောင်းကြမှာပါ"

ဟု နှစ်သိမ့်ပေးလိုက်သည်။

သူရိယနတ်ဘုရားကျောင်းကြီးမှာ တောင်ကြားတစ်နေ





ရာမှာရှိသော တောင်ကုန်းတစ်ခုပေါ်၌ ရှိလေသည်။

စပိန်တို့ ဝင်ရောက်သိမ်းပိုက်စဉ်က ဖြိုဖျက်ထားခဲ့သော နတ်ဘုရားကျောင်းကို နောက်ပိုင်းဒေသခံတို့က ပြန်လည်ပြုပြင်ထားကြခြင်း ဖြစ်သည်။

အတွင်းမှာရှိသော 'အိက်မယ်ရယ်ဒါ'နတ်ဘုရားမ ရုပ်တုကိုလည်း မွမ်းမံပြင်ဆင်ထားကြသည်။

သို့သော် နတ်ဘုရားမ၌ တပ်ဆင်ထားသော မြမျက်လုံးက တစ်ဖက်သာရှိပြီး တစ်ဖက်မရှိပေ။

ယခု ပြန်ရလာတော့မှ ကျန်တစ်ဖက်ကို ပြန်လည်တပ်ဆင်ကာ ရိုးရာဓလေ့အတိုင်း ပူဇော်မှုပြုကြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့ ငါးယောက်ကိုတော့ နတ်ဘုရားကျောင်းနှင့် မနီးမဝေး သစ်တောစပ်တွင် သစ်ပင်များ၌ ကြိုးတုပ်ထားလေသည်။ တစ်နေ့လုံး ရေမသောက် အစာမစားရပဲ များစွာဒုက္ခရောက်ကြလေသည်။

ညဦးပိုင်း အချိန်ရောက်တော့ သူတို့ရှိရာသို့ အမိနာ ရောက်လာသည်။

သူမလက်ထဲမှာ အထုပ်အချို့လည်း ပါလာလေသည်။

"ဒီည နင်တို့ကို သတ်ကြတော့မယ်၊ ဒီကနေလွတ်အောင်သာ ပြေးကြပေတော့ ဒီအထုပ်ထဲမှာ မြတွေ အများကြီးပါတယ်၊ ဒီအထုပ်ထဲမှာတော့ ရေနဲ့ အစားအသောက်တွေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က သူရသောအိတ်ကိုကြည့်တော့ အရည်အသွေးကောင်းသော မြမျိုးကို တွေ့ရလေသည်။

"ငါတို့က ဒီနေရာမသိဘူး၊ ဘယ်လိုပြေးရမလဲ"

ရမ်ဂျာက မေးလိုက်သည်။

"ဒီကနေ မြောင်ဘက်ကိုသွားရင်ချောက်တစ်ခု တွေ့လိမ့်မယ်၊ ဟိုဘက်နဲ့ဒီဘက်ကူးဖို့ ကြိုးတံတား တပ်ထားတယ်၊ ဟိုဘက်ရောက်တာနဲ့ ကြိုးတံတားကိုသာ ဖြတ်ချလိုက်ပါ၊ ဟိုဘက်ကို ဆင်းသွားရင် ပင်လယ်ကမ်းခြေကို ရောက်သွားလိမ့်မယ်၊ အဲဒီဘက်ရောက်ရင် လွတ်ပါပြီ"

ထိုသို့ပြောဆိုနေစဉ် ဆူဆူညံညံအသံများကြားရပြီး လက်နက်လေးမြားကိုင်ထားသော လူရိုင်းအချို့ သူတို့ရှိရာဘက်သို့ ခပ်သုတ်သုတ် တက်လာကြလေပြီ။

"သူတို့လာနေပြီ မြန်မြန်ပြေးကြတော့"

"နင်ပါလိုက်ခဲ့လေ၊ သူတို့သိသွားရင် နင့်ပါသတ်မှာပေါ့"

ရမ်ဂျာက လက်ဆွဲခေါ်သဖြင့် အမီနာလည်း ယောယောင်ပြီး လိုက်လာလေသည်။

နောက်မှ လူရိုင်းများကလည်း လက်နက်လေးမြားတို့ဖြင့် ပစ်ခတ်ကာ ဒရကြမ်း လိုက်လာကြသည်။

အချိန်က ညဦးပိုင်းအချိန် ကျော်လာပြီ ဖြစ်သောကြောင့် အမှောင်ထုများ ဖုံးလွှမ်းနေလေပြီ။ သစ်ပင်များရှိသော





နေရာများတွင် ပို၍မှောင်လေသည်။ ထိုသို့ မှောင်နေခြင်းကပင် သူတို့အတွက် အကာအကွယ်ရသကဲ့သို့ ဖြစ်နေလေသည်။

ထိုခရီးမျိုးတွင် အမီနာ ပြန်ပါလာခြင်းက ကံကောင်းသည်ဟု ဆိုရပေမည်။

သူတို့ချည်းသာဆိုပါက လမ်းပျောက်ပြီး မကြာခင် လူရိုင်းများလက်သို့ ပြန်လည်ရောက်သွားနိုင်သည်။

သို့သော် သူတို့အဖွဲ့တွင် အမျိုးသမီးသုံးယောက် ပါလာသောကြောင့် ခရီးသိပ်မတွင်ပဲ ရှိကြရာ နောက်မှလိုက်လာသော လူရိုင်းများ ပိုနီးလာသည်။

၎င်းတို့ပစ်လိုက်သော မြားတံများက အနီးဝန်းကျင်မှ သစ်ပင်များကိုပင် လာရောက်ထိမှန်လေသည်။

ဒေါက်တာမင်းထင်ကျော်က အိတ်ထဲမှာ ပြန်ပါလာသောသေနတ်ကို ထုတ်ယူပြီး အနီးဆုံး ရောက်လာသော လူရိုင်းအချို့ကို ပစ်ချလိုက်မှ ဖရိုဖရဲဖြစ်ကာ နည်းနည်းတန့်သွားသည်။

ပြေးရင်းလွှားရင်းနှင့် နောက်ဆုံးမှာတော့ ချောက်ကမ်းပါးရှိရာသို့ ရောက်သွားကြသည်။

ထိုနေရာတွင် ကြိုးတံတားတစ်ခုရှိသည်။ လူတစ်ယောက်နှစ်ယောက်ချင်း ကူးသာရုံ ပြုလုပ်ထားသော ကြိုးတံတားဖြစ်သည်။ ကြိုးတံတားရောက်တော့ တစ်ယောက်ပြီးတစ်ယောက် ကူးကြရသည်။

မနီးမဝေးရောက်လာတော့ လူရိုင်းများကို ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



မင်းထင်ကျော်က သေနတ်ဖြင့်ပစ်ကာ တားထားလေသည်။

နောက်ဆုံး ဒီဘက်ကမ်းတွင် သုံးယောက်သာ ကျန်တော့သည်။

ဒေါက်တာမင်းထင်ကျော်က ကျည်ဆံကုန်သွားသဖြင့် အရင်ဖြတ်ပြေးသည်။ သူ့နောက်မှ ရမ်ဂျာက လိုက်သည်။ နောက်ဆုံးမှ အမီနာက ပြေးလိုက်လာသည်။

အလယ်ရောက်တော့ နောက်မှပစ်လိုက်သော မြှားတစ်ချောင်းက သူမကျောကို ဖောက်ဝင်သွားသဖြင့် ကြိုးတံတားပေါ် လဲကျသွားသည်။

ရမ်ဂျာက ပြန်လှည့်ဆွဲရန် ကြိုးစားသေးသည်။

"ငါ့ကို မခေါ်နဲ့၊ နင် သွားပေတော့၊ ငါ နင့်ကို တကယ်ချစ်တာပါ"

ဟုပြောကာ အောက်သို့ ပြုတ်ကျသွားလေတော့သည်။

မတတ်နိုင်တော့။

ရမ်ဂျာလည်း တစ်ဖက်ရောက်အောင် အသက်လု၍ ပြေးရသည်။

လူရိုင်းအချို့ကလည်း ကြိုးတံတားပေါ် ဆင်းလိုက်လာကြပြီ။

ရမ်ဂျာရောက်လာသည်နှင့် ဒေါက်တာမင်းထင်ကျော်က တံတားကြိုးကို ဓားဖြင့်ဖြတ်ချလိုက်ရာ တံတားပေါ်ရောက်နေသော လူရိုင်းများ ချောက်တွင်းသို့ ပြုတ်ကျသွားလေတော့





သည်။

အန္တရာယ်များကတော့ ကင်းသွားကြသဖြင့် စိတ်အေးကြရသော်လည်း သူတို့ကို ကယ်တင်ပေးခဲ့သော လူရိုင်းမလေး အမီနာတစ်ယောက် သေဆုံးသွားသည်ကတော့ အံတော်ပင် စိတ်မကောင်းစရာ ဖြစ်ကြရသည်။

စောစောစီးစီး အမီနာအပေါ် အထင်လွဲပြီး စိတ်နာနေသော ရမ်ဂျာတစ်ယောက်ပင် ချောက်ကမ်းပါးစွန်းမှ အောက်သို့ငုံ့ကြည့်ကာ မချိတင်ကဲ ဖြစ်နေရဟန်ရှိသည်။

နောက်ဆုံးတော့ ညတွင်းချင်းပင် အမီနာ ညွှန်ပြလိုက်သည့် လမ်းအတိုင်း သွားကြရာ အရုဏ်တက်ချိန် ရောက်သောအခါ ကမ်းခြေ၌ရှိသော တံငါရွာတစ်ရွာသို့ ချောချောမောမော ပြန်လည်ရောက်သွားကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၁၇]

# ရည်မှန်းရာ ဘဝခရီးလမ်း

နောက်ဆုံးတော့ ဒေါက်တာမင်းထင်ကျော်တို့ အဖွဲ့မှာ သင်္ဘောကြီးဖြင့် ကက်စကိုမြို့သို့ ချောချောမောမော ပြန်ရောက်ခဲ့ကြလေသည်။ ၎င်းတို့တည်းခိုသော ဟော်တယ်မှာပင် တည်းကြသည်။ ထိုသို့ ပြန်ရောက်သောအခါ ဒေါက်တာမင်းထင်ကျော်က ၎င်းတို့ရလာသော မြများထဲမှ အချို့ကို ရမ်ဂျာတို့ မောင်နှမတို့ ခွဲပေးလိုက်သည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ မောင်နှမအတွက် ဒါတွေမလိုပါဘူး ဆရာ၊ ဆရာတို့ပဲ ယူသွားကြပါ"

"ဘယ်ဟုတ်မလဲ၊ မင်းတို့လည်း ငါတို့လိုပဲ အသက်နဲ့ရင်းပြီး လိုက်ခဲ့ကြရတာပဲ၊ ကံကောင်းလို့သာ အသက်ရှင်ရက်နဲ့ ပြန်ရောက်လာကြတာပါ၊ ယူသာယူပါ"

ဟုပြောကာ မြမျှားသာမက ငွေနှင့် အသုံးအဆောင်ပစ္စည်းများကိုပါ ပေးလိုက်သည်။

"မင်းရဲ့ မြမျက်လုံးကြီး ဆုံးရှုံးသွားတာတော့ စိတ်မကောင်းပါဘူး"

"စိတ်မကောင်း ဖြစ်မနေပါနဲ့တော့ ဆရာရယ်၊ အဲဒီပစ္စည်း ရလာကတည်းက ကျွန်တော်လည်း အေးအေးမနေရပါဘူး၊ ဒါကြောင့် သူ့နေရာသူရောက်အောင် ပြန်ပို့ပေးချင် နေတာပါ၊ ဆရာတို့ ရောက်လာလို့သာ ပြန်ပို့ဖြစ်သွားတာပါ၊ ဒီအတွက် ကျွန်တော်စိတ်ချမ်းသာပါတယ်"

ဟုပြောဆိုကာ ရမ်ဂျာနှင့် အေဂျာတို့ မောင်နှမ နှစ်ယောက်မှာ သူတို့ပေးသောငွေနှင့် ပစ္စည်းများကိုယူပြီး ပြန်သွားကြလေတော့သည်။

ဟော်တယ်ပြန်ရောက်တော့မှ အေးအေးဆေးဆေး အနားယူကြရပေရာ ညဖက်ရောက်တော့မှ မာရီယာနှင့် စကားပြောဖြစ်သည်။

"မာရီယာတို့က ဂျာမနီကို ပြန်ကြမှာလား"





"ဟုတ်တယ် ဒေါက်တာကရော"

"မြန်မာပြည်ကို ပြန်တော့မှာပါ"

"အဝေးကြီးပဲနော်"

"ကမ္ဘာကြီးထဲမှာ ရှိနေတာပဲ၊ ဘယ်နေရာသွားသွား သွားချင်ရင် မဝေးပါဘူး၊ ဗမာပြည်ကို လာလည်ဖို့လည်း တစ်ခါတည်း ဖိတ်ပါရစေ"

"ကျွန်မဦးလေးက အလုပ်တာဝန်က အနားယူပြီးတဲ့နောက်မှာ ခရီးပဲသွားနေချင်တာ၊ သူ့ဖာသာ သွားဖို့လည်း မတတ်နိုင်တော့ အခုလိုခေါ်မယ့်သူရှိရင် သိပ်ပြီးဝမ်းသာမှာပဲ"

"ဒီလိုဆိုရင်တော့ တစ်ခါတည်း ခေါ်သွားချင်ပါတယ်၊ မာရီယာကလည်း လိုက်ခဲ့မှာမဟုတ်လား"

"သူသွားရင်တော့ ကျွန်မလည်း လိုက်ရမှာပေါ့၊ ဒါပေမယ့် ဟိုရောက်ရင် ကျွန်မတို့အတွက် အနှောက်အယှက်များဖြစ်နေမလား"

"မဖြစ်ပါဘူး၊ ကျွန်တော်လည်း လွတ်လွတ်လပ်လပ်နေပြီး သွားချင်တဲ့နေရာ သွားနေသူပါပဲ"

မာရီယာက သဘောကျစွာ တစ်ချက်ပြုံးလိုက်သည်။

"မာရီယာတို့ အဆင်ပြေရင် ဟိုမှာ ပျော်သလောက်နေလို့ရပါတယ်"

"ဘယ်သူက တာဝန်ယူပေးမှာလဲ"

"ကျွန်တော် တာဝန်ယူပေးပါ့မယ်၊ မာရီယာ ပျော်ရင်



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံး တာဝန်ယူပေးနိုင်ပါတယ်”

ထိုစကားကြားတော့ သူမက သဘောကျစွာ ရယ်မောလိုက်လေသည်။

“ကိုမင်းထင်ကျော်က ကျမကို ချစ်စကားကြိုက်စကားပြောနေတာ ထင်ပါရဲ့”

“ဟုတ်ပါတယ်. . မာရီယာ သဘောလည်း သိချင်ပါတယ်”

“ခရီးအတူ သွားကြကတည်းက ကိုမင်းထင်ကျော်ရဲ့ စိတ်ဓါတ်နဲ့ အရည်အချင်းကို ကျွန်မ သိပြီးသားပါ၊ ကိုမင်းထင်ကျော်လို အရည်အချင်းရှိတဲ့လူတစ်ယောက်ကို ကျွန်မအနေနဲ့ ငြင်းစရာ မရှိပါဘူး”

“ဒီစကားကြားရတာ တကယ်ပဲ ဝမ်းသာပါတယ်၊ ဒါဖြင့် ကိုယ်နဲ့အတူသာ လိုက်ခဲ့ပေတော့၊ ဟိုရောက်တော့မှပဲ လက်ထပ်ဖို့ စီစဉ်တော့မယ်”

“မြန်လှချည်လား၊ ချစ်သူဖြစ်တာတောင် မကြာသေးဘူး မဟုတ်လား”

“နှေးတာမြန်တာက ဒီလောက်မဟုတ်ပါဘူး၊ တစ်ယောက်သဘော တစ်ယောက်သိပြီး တစ်ယောက်စိတ်ကို တစ်ယောက် နားလည်ဖို့ပဲ အရေးကြီးတာပါ၊ ကိုယ်လည်း ခရီးအတူတူသွားကတည်းက မာရီယာရဲ့စိတ်ကို သိတန်သလောက် သိပြီးသားဆိုတော့ လက်ထပ်ဖို့ စဉ်းစားနေစရာ သိပ်မရှိပါဘူး၊ မာရီ





ယာသဘောကရော ဘယ်လိုလဲ”

သူမက ချိုသာသောအပြုံးဖြင့် ကြည့်ကာ ခေါင်းညိတ်ပြလိုက်လေသည်။

“ကျွန်မဘဝမှာ ထူးထူးဆန်းဆန်း ချစ်သူတစ်ယောက်ကို တွေ့ရတယ်၊ တိုက်တိုက်ဆိုင်ဆိုင်ပဲ အဲဒီချစ်သူနဲ့ လက်ထပ်ဖို့ အခွင့်အရေးရခဲ့တယ်၊ ကျွန်မလောက် ကံကောင်းတဲ့သူမျိုး ရှိပါဦးမလား မောင်ရယ်”

ယခုတော့ သူတို့နှစ်ဦးအတွက် ခက်ခဲကြမ်းတမ်းပြီး အန္တရာယ်များသော ခရီးကြမ်းများ မရှိတော့ပဲ ချစ်ခြင်းရနံ့ဖြင့် ထုံသင်းနေသော ဘဝလမ်းကို လျှောက်လှမ်းရန်သာ ရှိတော့သည်မို့ နှစ်ယောက်စလုံး ပျော်ရွှင်ကြည်နူးနေကြမည်မှာ အမှန်ပင် ဖြစ်ပေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (မြမျက်လုံးနှင့် မီးဝိညာဉ်)အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးတမှတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနိစ္စာဟောတု သုခိအတ္တာနံ ပရိဟရန္တု

ကြိုသာမ်

ရေးပြီးချိန်။ ။၂၀၁၅ခုနှစ်၊အောက်တိုဘာလ(၁၁)ရက်၊တနင်္ဂနွေနေ့၊နံနက်(၉း၃၀)နာရီ။